မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၃၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ သောကြာနေ့။

ထူးခြားသည့် ညအပူချိန်များ

၇-၂-၂၀၁၂

နမ့်စန်မြို့
၄ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့
၄ ဒီဂရီစင်တီဂရိတ်

ပင်လောင်းမြို့
၅ ဒီဂရီစင်တီဂရိတ်

သာယာမည်

၈-၂-၂၀၁၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် မြစ်ကြောင်း ထိန်းသိမ်းရေးကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဌ Mr.Haruhiko Kuroda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်ဆန်းရီတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ADB မှ ပါဝင်ကူညီဆောင်ရွက်ရေး၊ စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အရေးပါသည့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသဖွံ့ဖြိုးရေးအတွက် ADB မှ ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ မြစ်ကြီးသုံးစင်းမှ ရေချိုများအား အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် မြစ်ကြောင်းထိန်းသိမ်းရေးကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့်တောင်အာရှပေါင်းကူးတံတားဖြစ်သည့်အလျောက် အိန္ဒိယ-မြန်မာ-ထိုင်း မော်တော်ကားလမ်းဖောက်လုပ်မှု၊ မြန်မာ-လာအိုမဲခေါင်မြစ်ကူးတံတားဆောက်လုပ်မှုနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ADB မှ ကူညီဆောင်ရွက်ရေး၊မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ ဆက်သွယ်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးမှုနှင့်ရေရှည်စွမ်းအင်ဖွံ့ဖြိုးမှုတို့အတွက် နည်းပညာနှင့် ငွေကြေးအကူအညီများပံ့ပိုးရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဌ Mr.Haruhiko Kuroda အား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် သေနတ်သံချုပ်ငြိမ်းမှုကို ဖြစ်ပေါ်လာစေရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မျှော်လင့်

နေပြည်တော် ဖေဖော်ဝါရီ ၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နိုင်ငံတော်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) တို့ ဖေဖော်ဝါရီ ၄ ရက်တွင် ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့မှုနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဆွေးနွေးရေးအဖွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးအပြီး ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကြိုဆိုပါကြောင်း၊ ကချင်ပြည်နယ်၌စစ်မှန်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြစ်ပေါ်လာအောင် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်လည်း တိုက်တွန်းပါကြောင်း၊ ယခုနောက်ဆုံးအကြိမ်ရရှိခဲ့သည့် နိုင်ငံတော်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)တို့၏ ဆွေးနွေးသဘောတူညီချက်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ် သေနတ်သံချုပ်ငြိမ်းမှုကို ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ၄င်း၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဘီးယားသည် နိုင်ငံတော်အစိုးရ တာဝန်ရှိသူများနှင့်အတူ ကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကြောင့် မိမိတို့၏ နေအိမ်များကို စွန့်ခွာခဲ့သူ (IDP)စခန်းများသို့ သွားရောက်ခဲ့ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများ အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ကုလသမဂ္ဂအနေဖြင့် အတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုများ ဌာနေအေဂျင်စီများမှတစ်ဆင့် ကူညီပံ့ပိုးမှုများအပြင် လိုအပ်သည့် အကူအညီများပေးအပ်ရန်နှင့် မြန်မာပြည်သူများအတွက် ကူညီထောက်ပံ့ရန် ကတိကဝတ်ပြုထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၄င်းကပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း

ယနေ့ သတင်းအညွှန်း

အများသူငှာအပေါင်း စိတ်ချမ်းသာသော အလုပ်ကို လုပ်ပေးရခြင်းဖြစ်သောကြောင့် မြင့်သော၊ မြတ်သော ကုသိုလ်ထူးများ ရရှိစေနိုင် (ခေါင်းကြီး) စာ - ၂

ညီညွတ်သော ပါလက်စတိုင်းအစိုးရဖွဲ့စည်းရန် ဟားမတ်စ်နှင့် ပါလက်စတိုင်းခေါင်းဆောင်တို့ ဆွေးနွေး စာ - ၄

အင်္ဂလန်က ဘာရာဇီးကို နိုင်ပြီ စာ - ၁၂

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (၄) မျက်နှာပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမှိုက်ကျုံးသမားသုနိတ

နွေရောက်ပြီဆိုလျှင် အသီးသီးသောသစ်ပင်များက ရော်ရွက်ဝါတို့ တဖြောဖြောခြွေလှစ်လေသောကြောင့် အိမ်၊ ကျောင်း၊ လမ်း စသည်တို့၌ အမှိုက်သရိုက်တို့ဖြင့် မတင့်မတယ် ရှိကုန်လေ၏။ အမှိုက်သရိုက်များကို လှည်းကျုံးကြသူများရှိကြသလို မလှည်းမကျုံးကြသူများရှိ၏။ နေရာအများစုမှာ လှည်းကျုံးကြသည်ကို မတွေ့ရပါ။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသောစကားရှိ၏။ အမှိုက်သရိုက်များသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေရုံမက မီးလောင်မှုကိုလည်းဖြစ်စေနိုင်ပါသည်။

အမှိုက်လှည်း၊ အမှိုက်ကျုံးခြင်းအလုပ်သည် ဂုဏ်ငယ်စရာအလုပ်မဟုတ်ပါ။ သေးသိမ်ညံ့ဖျင်းသော အလုပ်လည်းမဟုတ်ပါ။ အမှိုက်သရိုက်များ ထူပြောနေသော နေအိမ်၊ ကျောင်း၊ လမ်း စသည်တို့၌ မည်သူမျှမသွားလိုကြပါ။ မနေလိုကြပါ။ သန့်ရှင်းသောလမ်း၊ သန့်ရှင်းသောကျောင်း၊ သန့်ရှင်းသောအိမ်တို့၌သာ နေလို၊ သွားလိုကြပါသည်။ ထို့ကြောင့် အမှိုက်လှည်း၊ အမှိုက်ကျုံးခြင်းအလုပ်သည် အများသူငှာတို့အား စိတ်ချမ်းသာအောင် ပြုလုပ်ပေးနေသူများဟု ဆိုအပ်ပေသည်။ အမှိုက်လှည်း၊ အမှိုက်ကျုံးခြင်းအလုပ်ကို လုပ်ကိုင်ရလေသဖြင့် ယခုဘဝသာမက အမြတ်ဆုံးသော နိဗ္ဗာန်ချမ်းသာဆုကြီးကိုပါ ဆွတ်ခူးသွားသည့် သုနိတမည်သော လုလင်တစ်ယောက် ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ရှိခဲ့ဖူးလေသည်။

တစ်နေ့သော နံနက်ခင်းတွင် ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ တပည့်သာဝကအချို့နှင့် ဆွမ်းခံကြွချီတော်မူလေရာ ထိုအချိန်၌ သုနိတမည်သောလုလင်သည် ဘုရားရှင်ကြွမြန်းလာမည်ကို ချင့်တွက်လျက် လမ်းပေါ်တွင် တံမြက်လှည်းပြီး အမှိုက်သရိုက်များကို လိုက်ကောက်နေရှာ၏။ သုနိတသည် ဘုရားရှင်ကြွချီလာသည်ကို တွေ့ရသောအခါ အမှိုက်သရိုက်များကို တောင်းထဲထည့်၍ တောင်းကိုထမ်းပြီး ခပ်သုတ်သုတ်ယူသွားသည်။ သို့သော်လည်း သူ့အနီး ဗုဒ္ဓရောက်ရှိလာသည်ဖြစ်၍ သုနိတသည် ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အံ့ဩခြင်းဖြစ်သွားပြီးလျှင် နေစရာနေရာမတွေ့မြင်သောကြောင့် အမှိုက်တောင်းကို မြေကြီးပေါ်ချလျက် နံရံတစ်ခုကိုမှီပြီး ဘုရားရှင်အား ကန်တော့လိုက်သည်။

ဗုဒ္ဓဘုရားရှင်လည်း ဆင်းရဲပင်ပန်းနွမ်းနယ်နေသော သုနိတ၏ဖြစ်အင်ကို မြင်တွေ့ရလေသောကြောင့် ကရုဏာဖြစ်ကာ သုနိတအား ဆင်းရဲခြင်းမှလွတ်မြောက်ကျွတ်လွတ်စေ ခြင်းငှာ ရဟန်းပြုပေးတော်မူလေသည်။ သုနိတရဟန်းသည်လည်း တရားဘာဝနာများ အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်လေရာ မကြာမီ ရဟန္တာဖြစ်သွားလေသည်။ ဤကား အမှိုက်လှည်း၊ အမှိုက်ကျုံးရခြင်း၏ အကျိုးပေတည်း။

ထို့ကြောင့် မိမိတို့နေအိမ်ခြံဝင်းများ၌လည်းကောင်း၊ ကျောင်း၊ ရုံး စသည်တို့၌လည်းကောင်း၊ လမ်းများ၊ ဈေးများ၌လည်းကောင်း အမှိုက်သရိုက်များကို လှည်းပေးကြပါ၊ ကျုံးပေးကြပါ။ အမှိုက်လှည်း၊ အမှိုက်ကျုံးခြင်းအလုပ်သည် ဂုဏ်ငယ်စရာမရှိပါ။ အများသူငှာအပေါင်း စိတ်ချမ်းသာသောအလုပ်ကို လုပ်ပေးရခြင်းဖြစ်သောကြောင့် မြင့်သော၊ မြတ်သော ကုသိုလ်ထူးများ ရရှိစေနိုင်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နေပြည်တော်ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့် စက်မှုလယ်ယာမြေများ၌ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုစိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာရှိ တစ်ကွင်းတစ်ဆက်တည်း စက်မှုလယ်ယာမြေဧက ၃၀၀၀ စိုက်ကွင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ထိုင်းနိုင်ငံမှ ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ခေါင်းဆောင် Mr. Gen Chetta Tanajara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီခွဲတွင် သွားရောက်၍ သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ပုလဲသွယ်စပ်မျိုး စပါးပျိုးခင်းများ၊ မြေယာပြုပြင်နေမှုများ၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ ရောက်ရှိမှုနှင့် ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျားကူးကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း ဧက ၁၀၀ စိုက်ကွင်းသို့ သွားရောက်ကြပြီး စိုက်ခင်းအတွင်း ကျင်းပသည့် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် အမလိုင်း(A)နှင့် အဖိုလိုင်း(R)များ ပျိုးကြဲပွဲ၌ မျိုးစေ့များကို ပျိုးထောင်ပေးကြပြီး**(အပေါ်ပုံ)** မျိုးစေ့ချပျိုးကြဲ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ချိုင်းကျေးရွာရှိ တောင်သူပညာပေး မြေပဲစိုက်ခင်း သက်တမ်း ၄၃ ရက်သား ဖြစ်ထွန်းအောင်မြင်နေမှုများ၊ လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မျိုးစေ့အမျိုးမျိုးတို့ကို ကြည့်ရှုအားပေးကြသည်။

ထိုသို့သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက တောင်သူ လယ်သမားများ၏ စိုက်ပျိုးသော သီးနှံများကို ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်မှသာ တောင်သူလယ်သမားများ ဝင်ငွေနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ရေရှည်ခိုင်မာသော ဈေးကွက်ရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် ထုထည်ကြီးမားသဖြင့် ရေရှည်သိုလှောင်ထားရန် အခက်အခဲရှိပြီး ကုန်ကြမ်းအတိုင်းထားရှိပါက ပုပ်သိုးပျက်စီး၊ ဆုံးရှုံးမှုများသည့်အတွက် တန်ဖိုးမြင့် ကုန်ချောအဆင့် ထုတ်လုပ်နိုင်မည့် နည်းပညာနှင့် အရင်းအနှီး စက်ကိရိယာများလိုအပ်ကြောင်း၊ မိမိတို့ ထုတ်လုပ်သည့် ကုန်ချောများသည် နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်မည့် အရည်အသွေးနှင့် စံချိန်စံညွှန်းမြင့်မားရန် လိုအပ်ချက်အပေါ်တွင် နိုင်ငံတကာ ဈေးကွက်အတွေ့အကြုံနှင့် ငွေကြေးခနအင်အား၊ ရင်းနှီးမြှုပ်နှံမှု အားကောင်းသည့် နိုင်ငံခြားကုမ္ပဏီများအား စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုလက်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဗေဒင်ပညာရှင်များအသင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဗေဒင်ပညာရှင်များအသင်း၏ အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ဇီဝဌာယီဓမ္မာရုံ၌ကျင်းပရာ သင်တန်းတွင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်၊ သင်တန်းသားထူးချွန်ဆု၊ မဟာဘုတ်ပထမဆုနှင့် စွမ်းဆောင်ရည်ဆုရှင် ရရှိသူများအား မြန်မာနိုင်ငံ ဗေဒင်ပညာရှင်များအသင်းဥက္ကဋ္ဌ ဦးကံစိန်နှင့် ဆရာဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ညီညီသပြေ)

OD TOUR
Since 1997
Feb 28, Mar 23, Apr 12,13
Feb 28, Mar 23, Apr 12,13
Feb 22, Mar 18
Mar 2, Apr 13
Mar 23, Apr 13
Mar 23, Apr 12
Mar 23, Apr 13
Mar 21, Apr 11
Feb 22/28
Mar 1/23/24
Apr 5,10,11
12,13,18
Feb 28/Mar
01-536855, 526349, 504808, 523187
09-5108037, 09-5187045, 09-73022688

UNIQUE STAR TRAVELS & TOURS
(200 ...) Apr: 9~28 (5,000,000)
Apr: 9~22 (1,500,000)
Apr: 10~18 (3,400,000)
Au. TG Apr: 9,10,13 (2,000,000)
Au. TG Apr: 10,13 (2,000,000)
(1,300,000)
Apr: 10,11 (1,400,000)
Apr: 10,13 (1,300,000)
Apr: 10,12,13 (1,300,000)

ပြည်တွင်းသတင်း

(၆၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲ အခမ်းအနားကျင်းပ

(၆၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၇

(၆၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် သပြေကုန်းဈေး အနီးရှိ မောခမ်းနွံ-၃ ရှမ်းရိုးရာ စားသောက်ဆိုင်၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ မိတ်ဆုံစားပွဲသို့ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို စတင်ကျင်းပရာ ရှမ်းတိုင်းရင်းသား၊ ရှမ်းပြည်နယ်ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းတို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့က တောကျွဲအင်းကိုယ်ထူကိုယ်ထတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီးဒေါ်ခင်လေးသက်က ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုယ်စား ပါတီဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်က အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဖျော်ဖြေညှော်ခံ

ယင်းနောက် ဂုဏ်ပြုမိတ်ဆုံစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည့် ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးနှင့် ဧည့်သည်တော်များအား ရှမ်းရိုးရာအစားအသောက်များဖြင့် ဂုဏ်ပြုညှော်ခံကျွေးမွေးပြီး ဂုဏ်ပြုညစာသုံးဆောင်နေစဉ်တွင်လည်း ရှမ်းရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေညှော်ခံကြသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ဧရာဝတီမြစ်အတွင်း လင်းပိုင်ကောင်ရေ ၇၀ကျော်ရှိပြီး အရေအတွက်နှင့် ပျံ့နှံ့မှုအနေအထားများကို သိရှိရန် လေ့လာလျက်ရှိကြောင်း သိရသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနှင့်အုပ်ချုပ်မှုလုပ်ငန်းများ (Management Plan) အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လမ်းညွှန်အုပ်ချုပ်မှုစီမံချက် ရေးဆွဲရန်အတွက် သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးအဖွဲ့တို့ ပူးပေါင်း၍ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသအာဏာပိုင်များဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာရှိသော ဧရာဝတီလင်းပိုင်နှင့် လက်ပစ်ကွန် ရေလုပ်သားတို့ ပူးပေါင်း၍ ငါးဖမ်းဆီးသည့် သဘာဝဓလေ့စရိုက် မပျောက်ပျက်စေရန်ရည်ရွယ်၍ ဧရာဝတီလင်းပိုင်နှင့် ပူးပေါင်း၍ ငါးဖမ်းဆီးသည့် ရေလုပ်သားများကို စိစစ်ရေးကတ်များကို စိစစ်ထုတ်ဝေပေးပြီး ထိန်းသိမ်းရေးနှင့် ရိုးရာဓလေ့ငါးဖမ်းဆီးမှုလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေသည်။ ဖွံ့ဖြိုးတိုးတက်လာသော ခရီးသွားလုပ်ငန်းမှ ဧရာဝတီလင်းပိုင်များအပေါ် ကျရောက်နိုင်သော မလိုလားအပ်သည့် ပြဿနာမပေါ်ပေါက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ထားပြီးဖြစ်သည်။ ဧရာဝတီလင်းပိုင်များမှ ရရှိလာမည့် အကျိုးကျေးဇူးမှာ ဧရာဝတီလင်းပိုင်များ နေထိုင်ကျက်စားသည့် နယ်မြေဧရိယာများ တိုးချဲ့လာမည်။ လင်းပိုင်များအပေါ် ကျရောက်လာမည့် အန္တရာယ်များ လျော့ကျလာမည်။ လင်းပိုင်များ၏ အုပ်စုရေပမာဏ တိုးပွားလာမည်။ လင်းပိုင်နှင့်အတူ ငါးဖမ်းဆီးကြသည့် လက်ပစ်ကွန်ရေလုပ်သားများ ငါးဖမ်းဆီးနိုင်သည့်နယ်မြေဧရိယာ ကျယ်ဝန်းလာမည်။ ရေလုပ်သားဦးရေတိုးပွားလာမည်။ လင်းပိုင်နှင့်အတူ ငါးဖမ်းဆီးသည့် ရေလုပ်သားလုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်လာမည်။ ဒေသအတွင်းရှိပြည်သူများ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အသိပညာတိုးပွားပြီး ပူးပေါင်းဆောင်ရွက်လာမည်။ လင်းပိုင်နှင့်အတူ ငါးဖမ်းသည့်လုပ်ငန်းများအား ကမ္ဘာလှည့်ခရီးသည်များထံမှ ဧရိယာနယ်မြေအခွန်အခများ ရရှိလာမည်။ ရေလုပ်သားများနှင့် ဒေသခံပြည်သူများ ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်သည်။ ယခုရက်ပိုင်းအတွင်း မန္တလေးနှင့် စစ်ကိုင်း၊ မင်းကွန်းဒေသအကြား ဧရာဝတီလင်းပိုင်ကောင်ရေ ၁၉ ကောင်ခန့် အုပ်စုလိုက် နေထိုင်ကျက်စားနေသည်မှာ တစ်လကျော်ကြာပြီဖြစ်၍ လင်းပိုင်များကို ကြည့်ရှုလေ့လာမှတ်တမ်းတင်ရန် မန္တလေးမှ ကမ္ဘာလှည့်ခရီးသည်များ အုပ်စုလိုက် စက်တပ်လှေများငှားရမ်းကာ မင်းကွန်းဒေသ ဧရာဝတီမြစ်အတွင်းရှိ လင်းပိုင်များကို နေ့စဉ် လာရောက်ကြည့်ရှုပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရပြီး စက်တပ်လှေမောင်းနှင်သူများမှာ ဝင်ငွေကောင်းလျက်ရှိသည်။

ဧရာဝတီလင်းပိုင်တို့သည် လူသားများကဲ့သို့ နို့တိုက်သတ္တဝါများဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားခဲ့ကြပြီး ဧရာဝတီမြစ်ကို အစွဲပြု၍ ဧရာဝတီလင်းပိုင်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ ဧရာဝတီလင်းပိုင်ကို လက်ပစ်ကွန် ရေလုပ်သားများနှင့် ပူးပေါင်း၍ ငါးဖမ်းဆီးခြင်းသည် နှစ်ပေါင်း ကြာရှည်စွာထိန်းသိမ်းလာသည်။ ရိုးရာဓလေ့အဖြစ် ကမ္ဘာမှအထူး စိတ်ဝင်စားလျက်ရှိသည်။ လာရောက်လေ့လာသည့် နိုင်ငံခြားသားဦးရေသည် တိုးပွားလျက်ရှိပြီး လက်ပစ်ကွန်အသုံးပြုရေလုပ်သားများ၏နေ့စဉ်လူနေမှုဘဝကို ထောက်ပံ့ပေးလျက်ရှိသည်။ တားမြစ်ထားသော ငါးဖမ်းပိုက်ကြီးများ၊ ဘက်ထရီရှော့ခ်တိုက်ခြင်း၊ငါးဖမ်းဆီးခြင်းများကြောင့်လင်းပိုင်များ ထိခိုက်သေဆုံးခြင်း၊ ယင်းတို့၏ အစားအစာ ငါးသယံဇာတများ လျော့နည်းလာခြင်းများ ဖြစ်ပေါ်နေသည်။ ကျေးရွာပြည်သူများ စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးအတွက် စည်းကမ်းနည်းလမ်း မှန်ကန်သည့် ငါးဖမ်းနည်းစနစ်ကို အသုံးပြု၍ လူသားအကျိုးသယ်ပိုးလျက်ရှိသော ဧရာဝတီလင်းပိုင်တို့ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံနှင့် အာမေးနီးယားသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အာမေးနီးယားသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ထူထောင်ရန် သဘောတူကြသည်။

နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အာမေးနီးယား အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အာမေးနီးယားသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၁) နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့် နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မစ္စတာ ဖမ်မ်သန်ဗွန်းအား ဗီယက်နမ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်၏ နေရာတွင် မစ္စတာ ဖမ်မ်သန်ဗွန်းအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖမ်မ်သန်ဗွန်းကို ၁၉၆၂ ခုနှစ် မေ ၁၅ ရက်တွင် မြန်မာနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ သံတမန်ရေးရာတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ၁၉၈၈ ခုနှစ်တွင် ရရှိခဲ့သည်။

၎င်းသည် ၁၉၉၁ခုနှစ်မှ စတင်၍ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းကျောင်းရှိ ဌာနအသီးသီးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ခုနှစ် ဧပြီလမှစတင်၍ ယနေ့အထိ ဗီယက်နမ် သံတမန်သင်တန်းကျောင်း ပြန်ကြားရေးနှင့် မှတ်တမ်းဗဟိုဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဖမ်မ်သန်ဗွန်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတကာသတင်း

အင်ဒိုနီးရှားအမျိုးသားနှစ်ဦး ကိုမိုဒိုနဂါးကြီး အကိုက်ခံရ

ဒါကာ ဖေဖော်ဝါရီ ၇

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း တောရိုင်းတိရစ္ဆာန်ဥယျာဉ်တစ်ခုအတွင်း၌ ကိုမိုဒိုနဂါးကြီးတစ်ကောင် **(အောက်ပုံ)** အကိုက်ခံရသဖြင့် လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဥယျာဉ်တာဝန်ရှိသူများကပြောကြားသည်ဟု ဖေဖော်ဝါရီ ၆ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တင်ပို့လိုက်ရ

အရှည်ခုနစ်ပေရှည်လျားသည့် ကိုမိုဒိုနဂါးခေါ် အကြီးစားပုတ်သင်တစ်ကောင်တိုက်ခိုက်ခံရသဖြင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းသူနှင့်၄င်း၏ လက်ထောက်တို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြခြင်းဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ခြေထောက်များတွင် ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် ဆေးရုံတင်ပို့လိုက်ရသည်ဟုဆိုသည်။

ကိုမိုဒိုနဂါးများသည် ကမ္ဘာ့အကြီးဆုံး ပုတ်သင်များဖြစ်ကြသည်။ အကြီးဆုံးပုတ်သင်သည် ၃ မီတာအထိရှိသည်ဟုဆိုသည်။ ၄င်း၏သွားများသည် ချွန်ထက်ပြီး အကိုက်ခံရပါက အဆိပ်ဖြစ်စေနိုင်သည်ဟုဆိုသည်။ အဆိုပါသတ္တဝါများသည် မျိုးသုဉ်းပျောက်ကွယ်တော့မည့်သတ္တဝါများဖြစ်၍ နိုင်ငံတကာဥပဒေဖြင့် အမဲလိုက်သတ်ဖြတ်ခြင်းကို ပိတ်ပင်ထားသည်။ ယခုအခါ ကောင်ရေ ၄၀၀၀ သာကျန်ရှိနိုင်တော့ကြောင်း သုတေသီများက ယုံကြည်ထားသည်။ **(ဘီဘီစီ)**

ညီညွတ်သောပါလက်စတိုင်းအစိုးရဖွဲ့စည်းရန် ဟားမတ်စ်နှင့် ပါလက်စတိုင်းခေါင်းဆောင်တို့ ဆွေးနွေး

ကိုင်ရို ဖေဖော်ဝါရီ ၇

ဟားမတ်စ်နိုင်ငံရေးဗျူရိုအကြီးအကဲ ခါလက်မီရှယ်သည် ပါလက်စတိုင်းအာဏာပိုင်အကြီးအကဲ မာမွတ်အဘတ်စ်နှင့် စည်းလုံးညီညွတ်သော ပါလက်စတိုင်းအစိုးရဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြောင်း ဟားမတ်စ်တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

မိမိတို့အနေဖြင့် အမျိုးသားအစိုးရတစ်ရပ်ဖွဲ့စည်းသွားရန် ဆွေးနွေးတိုင်ပင်နေကြကြောင်း၊ သမ္မတ၊ ပါလီမန်ရွေးကောက်ပွဲများကိုလည်း စည်းကမ်းနှင့်အညီ ရွေးကောက်တင်မြှောက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း မီရှယ်က ပြောကြားသည်။

ဟားမတ်စ်နိုင်ငံရေး ဗျူရိုအကြီးအကဲ ခါလက်မီရှယ်အနေဖြင့် ဖေဖော်ဝါရီ ၇ ရက်က ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းရာတွင် အထက်ပါအတိုင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်က ဟားမတ်စ်နှင့်ဖာတာတို့သည် ကြားဖြတ်အစိုးရသစ်ဖွဲ့စည်းရန် လက်မှတ်ရေးထိုးထားသည်။ သို့သော် ယင်းကို ယခုအထိအကောင်အထည်ဖော်နိုင်ခြင်းမရှိ ဟုဆိုသည်။ **(ပရက်စ်တီဗွီ)**

ပါကစ္စတန်နိုင်ငံ၌ မိုးသည်းရေကြီး အနည်းဆုံး ၃၄ဦးသေဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၇

ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့သဖြင့် အနည်းဆုံး ၃၄ ဦးသေဆုံးခဲ့ကြောင်း၊ လူထောင်ပေါင်းများစွာတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်း ခိုင်ဘာပွတ်တွန်ကွာပြည်နယ်တွင် အဆိုးရွားဆုံးဖြစ်ပြီး ရေကြီးမှုနှင့်ဆက်စပ်၍ အနည်းဆုံး ၂၅ဦး ထိခိုက်သေဆုံးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေး တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်အလယ်ပိုင်း ပန်ဂျပ်ပြည်နယ်၌လည်း လူရှစ်ဦးသေဆုံးခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

ကျူးဘားနှင့် ဖင်လန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်

ဟာဗားနား ဖေဖော်ဝါရီ ၇

ကျူးဘားနှင့် ဖင်လန်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်က နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ရရှိခဲ့ပြီးနောက် နှစ်ဦးနှစ်ဖက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုပြန်လည်စတင်ရန် သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါသဘောတူစာချုပ်မှုကို ကျူးဘားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရိုဂျယ်လီယိုဝီယာရာဒီယာနှင့် အလည်အပတ်ရောက်ရှိနေသော ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်အတွင်းရေးမှူး ပတ်တီတော့စတီလာတို့ ဖေဖော်ဝါရီ ၅ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဟဲလ်စင်ကီနှင့် ဟာဗားနားတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၂၉ ခုနှစ် ဧပြီ ၅ ရက်က စတင်ထူထောင်ခဲ့သည်။ သို့သော်လည်း ၁၉၉၆ ခုနှစ်က ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ဖင်လန်နိုင်ငံပါဝင်ခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုအကျော်အထိ ၄င်းတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးကို ရပ်ဆိုင်းခဲ့သည်ဟုဆိုသည်။ **(ဆင်ဟွာ)**

တရုတ်အနောက်မြောက်ပိုင်း၌ မီးလောင်မှုဖြစ်ပွား အိမ် ၉၂ လုံးပျက်စီးခဲ့

လန်ကျိူ့ ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်စုပြည်နယ်တွင် ဖေဖော်ဝါရီ ၇ ရက်ညက မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၉၂ လုံးပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရသတင်းဌာနများ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၈ ရက်က ဆင်ဟွာသတင်းဌာနတွင် ဖော်ပြသည်။ အဆိုပါမီးလောင်မှုကြောင့် သေကျေပျက်စီးမှုနှင့်ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း၊ ယင်းမီးလောင်မှုသည် ဂန်စုပြည်နယ် ဒိုင်ဘူစီရင်စု ဟီဒူအိုကျေးရွာတွင် ဖေဖော်ဝါရီ ၇ ရက် ည ၈နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းမှ ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ပြင်သစ်နိုင်ငံသား လူစွန့်စားအလိန်းရောဘတ် အကာအကွယ်ပစ္စည်းမပါဘဲ ပေ ၄၀၀ ကျော်မြင့်ဟိုတယ်ပေါ် တွယ်တက်ခဲ့

ဟာဗားနား ဖေဖော်ဝါရီ ၇

ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံအချို့ကို သက်စွန့်ဆံဖျားစွန့်စားပြီး တွယ်တက်ခဲ့သူ ပြင်သစ်နိုင်ငံသား အလိန်းရောဘတ်ဆိုသူသည် ဖေဖော်ဝါရီ ၄ ရက်က ကျူးဘားနိုင်ငံရှိ ထင်ရှားသော ဟာဗားနားလစ်ဘရီ ဟိုတယ်ထိပ်ပေါ်သို့ ကြိုးများ သို့မဟုတ် အကာအကွယ်ပစ္စည်းများ တစ်စုံတစ်ရာမပါရှိဘဲ တက်ရောက်ခဲ့ရာ တစ်နာရီခွဲအကြာတွင် ၄င်းဟိုတယ်ထိပ်ပေါ်သို့ ရောက်ရှိအောင်မြင်ခဲ့ပြီး ရာပေါင်းများစွာသောပရိသတ်တို့ အောက်မှနေ၍ ကြည့်ရှုအားပေးခဲ့ကြကြောင်း ဖေဖော်ဝါရီ ၆ ရက်က အေပီသတင်းတစ်ရပ်တွင်ဖော်ပြသည်။ **(ယာပုံ)**

တင်မောင်လွင် - စုစည်းသည်

စတန့်ထွင်သူ ရောဘတ်သည် ပြီးခဲ့သည့်နှစ်များက အခြားသောသည်းထိတ်ဖွယ်ရာကောင်းသည့် စွမ်းဆောင်မှုများကို သေမင်းနှင့် အပြိုင်စွန့်စားလုပ်ဆောင်ခဲ့ပြီးနောက် အထပ်ပေါင်း ၂၇ ထပ်ရှိ အဆိုပါ ဟာဗားနားလစ်ဘရီဟိုတယ်အမိုးပေါ်သို့ တွယ်တက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

၄၁၃ပေ(၁၂၆မီတာ)ရှိသည့် ယင်းဟိုတယ်၏ မြင့်မားမှုသည် သူ့အတွက် အဓိကအကြောင်းအရင်းမဟုတ်သော်လည်း အဆောက်အအုံ၏ ကြွပ်ဆတ်သောရေ့မျက်နှာပြင်သည် ပဲ့ထွက်သွားနိုင်ကြောင်း ရောဘတ်ကပြောကြားသည်။

၄င်းဟိုတယ်သည် အဆိုပါကျွန်းပေါ်တွင် ကိုလိုနီအုပ်ချုပ်မှု၏ ရာစုနှစ်တစ်ဝက်ကျော်ကြာပြီးနောက် တာရှည်ပစ်ထားသဖြင့် ယိုယွင်းပျက်စီးနေသည်။ အသက် ၅၀ အရွယ်ရှိ ရောဘတ်သည် ယုံကြည်မှုအပြည့်အဝဖြင့် တက်ရောက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ဟိုတယ်ထိပ်ပေါ်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဟိုတယ်ထိပ်ပေါ်သို့ မရောက်မီ သူ့အနေဖြင့် စိတ်လှုပ်ရှားမှုကို ခံစားခဲ့ရကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ရောဘတ်က ဝန်ခံပြောကြားခဲ့သည်။ ကြည်လင်နေသော အပြာရောင်ကောင်းကင်အောက်တွင် ရောဘတ် စတင်တက်ရောက်သည်နှင့် ကမ္ဘာလှည့် ခရီးသည်များနှင့် အနီးအနားရှိ ကြည့်ရှုသူပရိသတ်တို့က အော်ဟစ်အားပေးခဲ့ကြသည်။

ပင့်ကူလူသားဟုလူသိများသည့် ရောဘတ်သည် ချီကာဂိုမြို့ရှိ စီးယာ့စ်တာဝါအဆောက်အအုံ၊ နယူးယောက်မြို့ရှိ အင်ပါယာစတိတ်အဆောက်အအုံနှင့် ဆန်ဖရန်စစ္စကိုမြို့ရှိ ဂိုးလ်ဒင်းဂိတ်တံတားတို့အပါအဝင် အထပ်မြင့်အဆောက်အအုံ အများအပြားကို တွယ်တက်ခဲ့သည်ဟုဆိုသည်။

၄င်းသည် ပြီးခဲ့သည့်နှစ်နှစ်က ဒူဘိုင်းမြို့ရှိ ၂၇၁၇ ပေ(၈၂၈မီတာ) မြင့်သော ဘာဂျ်ခါလီဖာအမည်ရှိ လက်ရှိကမ္ဘာ့အမြင့်ဆုံးမိုးပျံအဆောက်အအုံထိပ်သို့ ဘေးကင်းလုံခြုံစေသည့်ပစ္စည်းအချို့ကို အသုံးပြုပြီး ခြောက်နာရီကြာ တက်ရောက်ခဲ့သည်ဟုဆိုသည်။

ရောဘတ်သည် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ ရောက်ရှိခဲ့ပြီး ၄င်း၏စတန့်ထွင်စွန့်စားမှုကို စတင်ရန်အတွက် အာဏာပိုင်များ၏ခွင့်ပြုချက်ကိုရရှိအောင် စောင့်ဆိုင်းခဲ့သည်ဟုဆိုသည်။ **(အေပီ)**

Association of Myanmar Interior Designers အသင်းကို ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါကြောင်းနှင့် အသင်းဝင်ရန် စိတ်ပါဝင်စားသူ Interior Designer များအနေဖြင့် ၉-၂-၂၀၁၃ရက်မှစတင်၍ အသင်းဝင်နိုင်ရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နေရာ - **No.76**၊ တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ အောက်ဘလောက်၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၅၀၆၂၁၅၊ ၀၉-၅၅၀၀၅၇၅၊၀၉-၇၃၁၄၅၈၇၆၊ ၀၉-၅၀၃၀၁၆၄၊ ၀၉-၇၃၀၀၅၉၉၀
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၅နာရီအထိ



နိုင်ငံတကာသတင်း

အီဂျစ်ပြည်သူများ၏ ယုံကြည်မှုအပြည့် အဝရရေး ခေါင်းဆောင်ပိုင်းကြိုးပမ်းရန်လိုအပ်

တိုး ရေးသည်

အီဂျစ်နိုင်ငံတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင်စတင်သည့် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုင်အိုစီ)ထိပ်သီးအစည်းအဝေး တက်ရောက်ရန် အီရန်သမ္မတ မာမွတ်အမာဒီနီဂျက် ကိုင်ရိုမြို့သို့ ဖေဖော်ဝါရီ ၅ ရက်တွင် ရောက်ရှိနေသည်။ ဧည့်သည်တော် အီရန်သမ္မတသည် အိမ်ရှင်အီဂျစ်သမ္မတ မိုဟာမက်မော်စီနှင့် တွေ့ဆုံကာ ဆီးရီးယားပြည်တွင်း သွေးထွက်သံယိုမှုများ ပပျောက်အဆုံးသတ်ရေးနှင့်တကွ မိမိတို့နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

အီဂျစ်နိုင်ငံက အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးပြီး အီရန်ပြည်ပြေးချားလ်ဘုရင်ကို လက်ခံသည့်အပြင် ကွယ်လွန်သည့်အခါ နိုင်ငံတော်စျာပနဖြင့် ဂုဏ်ပြုပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် အီဂျစ်နှင့် အီရန် သံတမန် အဆက်ဖြတ်ခဲ့ရသည်။ အီဂျစ်ပြည်သူတို့က အစ္စလာမ္မစ်ဝါဒီတစ်ဦးကို ပြီးခဲ့သည့်ဇွန်လက နိုင်ငံ အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ကတည်းက ဒေသတွင်း အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အီဂျစ်နှင့် အီရန်တို့ ဆက်ဆံရေးတိုးတက်လာခြင်းဖြစ်၏။

သို့သော် အီရန်နိုင်ငံက ကန့်ကွက်သည့်ကြားမှပင် ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေး၌ ဆီးရီးယားနိုင်ငံအား အိုင်အိုစီမှ အဖွဲ့ဝင်အဖြစ် ရပ်စဲမှုအပါအဝင် ကိစ္စသုံးလေးခုတွင် အီဂျစ်နှင့် အီရန်နိုင်ငံတို့အကြား သဘောထားကွဲလွဲလျက်ပင် ရှိနေသေးသည်။

အီရန်နှင့် အီဂျစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးကို မိမိကြိုးပမ်းမည်ဟု အီရန်သမ္မတ အမာဒီနီဂျက်က ကိုင်ရိုသို့ မထွက်ခွာမီ တီဟီရန်မြို့တော်၌ ထုတ်ဖော်ကြေညာသည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အရေးကိစ္စများတွင် မိမိတို့နှစ်နိုင်ငံသဘောထားချင်း ညှိနှိုင်းရရှိလျှင် အရေးအရာများစွာ ပြောင်းလဲသွားနိုင်မည်ဟုလည်း သမ္မတ အမာဒီနီဂျက်က ထည့်သွင်းပြောကြားသည်။ သို့သော် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်အေမာကမူ အီရန်နိုင်ငံ ဒေသတွင်းပြိုင်ဘက်များ ဖြစ်ကြသည့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများနှင့် မိမိတို့ ဆက်ဆံရေးကို အထိခိုက်ခံပြီး အီရန်နှင့် ဆက်ဆံရေး တိုးတက်အောင် ဆောင်ရွက်မည်မဟုတ်ကြောင်း ထုတ်ဖော် ပြောကြားသည်ကိုလည်း ကြားရသည်။ တီဟီရန်၌ ဩဂုတ်လက ကျင်းပသည့် ဘက်မလိုက် ထိပ်သီးအစည်းအဝေးသို့ အီဂျစ်သမ္မတ မော်စီတက်ရောက်အပြီးတွင်မှ အီရန်သမ္မတ အမာဒီနီဂျက်သည် အီဂျစ်၌ ယခုကဲ့သို့ ရောက်ရှိခြင်းဖြစ်သည်။ ဘက်မလိုက်ထိပ်သီးအစည်းအဝေး တက်ရောက်ရန် တီဟီရန်သို့ အီဂျစ်သမ္မတ မော်စီရောက်ရှိစဉ်က ခေါင်းဆောင်နှစ်ဦး တွေ့ဆုံညှိနှိုင်းကာ သံရုံးများ ဖွင့်လှစ်ရန်သဘောတူလိုက်ကြောင်း သိရသည်။

အီရန်သမ္မတ အီဂျစ်သမ္မတ

လူဦးရေအများဆုံး အာရပ်နိုင်ငံဖြစ်ပြီး ဒေသတွင်း သမိုင်းအစဉ်အလာကြီးမားသည့် အီဂျစ်နိုင်ငံ၌ ဆွန်နီတို့က အာဏာရရှိသဖြင့် ရှီးယိုက်တို့ ဦးစီးသည့် အီရန်နှင့် နိုင်ငံရေးပြိုင်ဘက်အဖြစ် အတိတ်က မြင်တွေ့ခဲ့ရသည်။

အီဂျစ်သမ္မတ မူဘာရက် ရာထူးမှဖယ်ရှားပေးလိုက်ရသည်။ လွန်ခဲ့သော နှစ်နှစ်က အီဂျစ်ပြည်သူတို့၏ ဆူပူတော်လှန်မှုကို အစ္စလာမ္မစ်နိုးကြားမှုအဖြစ် အီရန်အစိုးရက ကြိုဆိုထားသည်ကို ထောက်၍ အီဂျစ်သမ္မတ မော်စီ၏ အီရန်နှင့်ပြန်လည်ဆက်ဆံရေးဆုံးဖြတ်သည့် လက္ခဏာ အပေါ် ဝေဖန်ဆန်းစစ်သူများက စိုးရိမ်နေကြသည်။

လူ ၆၀ ခန့်သေဆုံးစေသည့် အီဂျစ်အတိုက်အခံတို့၏ ရက်အတန်ကြာ တစ်နိုင်ငံလုံး ကန့်ကွက်ဆန္ဒပြမှု အပြီးတွင် အီဂျစ်သမ္မတမော်စီက အိုင်အိုစီ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်း ဖြစ်သည်။

အီဂျစ်နိုင်ငံ၏ လက်ရှိအခြေအနေမှာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည့် အခြေစိုက်နေသည် မဟုတ်ပါလား၊ အီဂျစ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အဗ္ဗဒူဖတာ အယ်စီစီက သဲကြီးမဲကြီးဖြစ်နေသည့် ပဋိပက္ခက အီဂျစ်နိုင်ငံ ပြိုကွဲသွားကောင်းသွားနိုင်ပြီး အနာဂတ်မျိုးဆက်သစ်များကို ခြိမ်းခြောက်လျက်ရှိကြောင်း ပြောကြားထားသည်။ အီဂျစ်ကာကွယ်ရေးဝန်ကြီးက ယင်းသို့သတိပေးပြောကြားနိုင်လောက်အောင် တကယ်ပဲအခြေအနေက ဆိုးရွားနေသလော။

အီဂျစ်နိုင်ငံ၏ စီးပွားရေးက အမှန်ပင်ကြောက်ခမန်းလိလိပုံစံသို့ ဆိုက်ရောက်နေသည်။ သမ္မတမူဘာရက်အစိုးရဖယ်ရှားခံရပြီးနောက် ယခုတိုင် အတိုက်အခံတို့က ကန့်ကွက် ဆန္ဒပြမှုများဆက်ဖြစ်နေသည်။ ဤတွင် အတိုက်အခံရော၊ အာဏာရ မွတ်စလင်ညီအစ်ကိုများအဖွဲ့ပါမကျန် လူတိုင်းလက်တွဲ ဆောင်ရွက်ရေး သတိပြုရန် အိမ်တံခါးကို လာခေါက်ပြီး သတိပေးနေခြင်းနှင့်တူသည်။ သမ္မတမူဘာရက်ကို အီဂျစ်ပြည်သူတို့က ဖယ်ရှားအပြီး တိုင်းပြည်ကို ခေတ္တတာဝန်ယူခဲ့သည့် အီဂျစ်က ပြည်တွင်းစစ်ဖြစ်မည်ကို စိုးရိမ်နေပုံရသည်။ တစ်ကိုယ်ကောင်း အုပ်ချုပ်သည့်စနစ်မှသည် ယခုမှ မွေးစလမ်းလျှောက်သင်ပေးနေရသည့် ထွန်းသစ စ ဒီမိုကရေစီစနစ်သို့ကူးပြောင်းသည့်ကိစ္စမှာ တကယ်တော့လွယ်ကူလှသည်မဟုတ်။ ခေါင်းဆောင်တိုင်းအနေဖြင့် ပြည်သူတို့ ယုံကြည်ကိုးစားလောက်သည့် လုပ်ရပ်များဖြင့် ပြသစည်းရုံးခေါ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

မတ်လအတွင်း ပြင်သစ်တပ်များ မာလီမှ ရုပ်သိမ်းမည်

မာလီသူပုန်များအား တိုက်ခိုက်လျက်ရှိသော ပြင်သစ်တပ်ဖွဲ့ဝင်များသည် လာမည့်မတ်လတွင် စတင်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဘီရပ်စ်က ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားလိုက်သည်။ ပြင်သစ်တပ်ဖွဲ့ဝင်များအနေဖြင့် မာလီတွင် ရေရှည်တပ်စွဲထားရန် မရှိကြောင်း၊ သို့သော် မာလီတပ်ဖွဲ့ဝင်များအား လုံခြုံရေးအခိုင်အမာ ဖြစ်စေရန်နှင့် မာလီနိုင်ငံအချုပ်အခြာအာဏာပိုင် တစ်နိုင်ငံဖြစ်သည်အထိ ကူညီပေးသွားမည်ဖြစ်ကြောင်း ၄င်းကပြောကြားသည်။

တူနီးရှားအစိုးရဖျက်သိမ်းမည်ဆို

တူနီးရှားအတိုက်အခံခေါင်းဆောင် ရှော်ခရိုင်းဘီလိတ်လုပ်ကြံခံရခြင်းအပေါ် ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် အစိုးရကိုဖျက်သိမ်းပစ်မည်ဖြစ်ကြောင်း တူနီးရှားဝန်ကြီးချုပ် ဟာမာဒီဂျီဘာလီက ပြောကြားသည်။

သူ့အနေဖြင့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်း၍ ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ရုပ်မြင်သံကြားမှတစ်ဆင့် ဝန်ကြီးချုပ်က ပြောကြားသည်။ အစိုးရသစ်အနေဖြင့် ချက်ချင်းဖြစ်နိုင်လျှင် ရွေးကောက်ပွဲများကျင်းပသွားမည်ဟု ၄င်းကထပ်လောင်းပြောကြားသည်။

အီရန်သမ္မတအား ဖိနပ်ဖြင့် ပေါက်ရန်ကြိုးစားသူ ဖမ်းဆီး

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ဗလီတစ်ခုသို့ ရောက်ရှိနေသော အီရန်သမ္မတမာမွတ်အမာဒီနီဂျက်အား ရှူးဖိနပ်ဖြင့် ပစ်ပေါက်ရန်ကြိုးစားသူ အမျိုးသားတစ်ဦးအား အီဂျစ်လုံခြုံရေးက ဖမ်းဆီးလိုက်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ၄င်းအမျိုးသားက အီရန်သမ္မတအား လူကြောက်ဟု အော်ဟစ်ပြောဆိုခဲ့သည်ကို ဗီဒီယိုသတင်းတစ်ရပ်တွင် တွေ့ရသည်ဟုဆိုသည်။ ယင်းကဲ့သို့ ဖိနပ်ဖြင့် ပစ်ပေါက်ရန် ကြိုးစားသူသည် မည်သူမည်ဝါဖြစ်သည်ကို မသိရသေးသော်လည်း အီရန်က ဆီးရီးယားကို ထောက်ပံ့ပေးနေ၍ ဆန့်ကျင်ကန့်ကွက်သူဖြစ်နိုင်ကြောင်း သတင်းများက ဆိုသည်။

မြင့်မောင်စိုး-ရေးသည်

အဝလွန်ခြင်းသည် ဗီတာမင်ဒီဆုံးရှုံးမှုကို ဖြစ်စေနိုင်

လူဦးရေ ၄၂၀၀၀ တို့အား လေ့လာစမ်းသပ်မှု ၂၁ ကြိမ်ပြုလုပ်၍ သုတေသနပြုခဲ့ရာ မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များအရ အဝလွန်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ ဗီတာမင်ဒီဓာတ်ကိုဆုံးရှုံးမှု ဖြစ်စေသည်ဟု PLOS ဆေးပညာ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ကြသည်။ လူ့ခန္ဓာကိုယ်ရှိ ခန္ဓာကိုယ်အလေးချိန် အညွှန်းကိန်း (BMI) ၁၀ ရာခိုင်နှုန်းမြင့်တက်သည့်အခါတိုင်း ခန္ဓာကိုယ်အတွင်းရှိ ဗီတာမင် ဒီ ၄ ရာခိုင်နှုန်း ကျဆင်းစေနိုင်သည်ဟု ဖော်ပြပါရှိသည်။ အဆီပါသော တစ်သျှူးစများသည် ဗီတာမင်ဒီဓာတ်ကို စုပ်ယူ

ကလေးသူငယ် ဆိုင်ရာ ကျန်းမာရေးတက္ကသိုလ်မှ ဒေါက်တာ အယ်လီနာ ဟိုက်ပိုနန်က ထိုလေ့လာ တွေ့ရှိချက်သည် အဝလွန်ကဲသူများတွင် ဗီတာမင်ဒီဓာတ် ဆုံးရှုံးနေမှုအား စူးစမ်းရှာဖွေကူသပေးခြင်း၏ အရေး သိုလှောင်ထားနိုင်သဖြင့် အဝလွန်သော သူများ၏ အဆီများတွင် ယင်းဓာတ်များ များစွာခိုဝင်စေနိုင်သောကြောင့် ခန္ဓာကိုယ်သွေးလည်ပတ်မှုကို ပုံမှန်မဖြစ်စေဘဲ လေးလံထိုင်းမှိုင်းစေသည်။ လန်ဒန်မြို့ ပါ မှုကို မီးမောင်းထိုးပြခြင်းပင်ဖြစ်ကြောင်းပြောကြားသွားခဲ့သည်။ ဗီတာမင်ဒီဓာတ်သည် နေရောင်ခြည်မှ ရရှိနိုင်သည့်အပြင် အခြားသော ကျန်းမာရေးနှင့်ညီညွတ်သော လှုပ်ရှားသွားလာမှုများကလည်း ရရှိနိုင် ပေသည်။ သွေးထဲတွင် ဗီတာမင်ဒီ ပါဝင်မှုသည် တစ်လီတာတွင် ၅၀ နာနိုမိုး (50 nanomole per liter) ခန့်ရှိမည်ဆိုပါက ကျန်းမာသောအဆင့်ရှိ အခြေအနေဖြစ်သည်။ အကယ်၍ ဗီတာမင်ဒီပါဝင်မှုသည် တစ်လီတာတွင် ၃၀ နာနိုမိုး (30 nanomole per liter) အောက်နည်းပါးပါက အရိုးမသန်ခြင်း သို့မဟုတ် အရိုးပျော့ခြင်းများကို ဖြစ်စေသည်။ အမျိုးသား အဝလွန်ခြင်းဆိုင်ရာ ဖိုရမ်မှ ပရော်ဖက်ဆာ ဒေးဗစ်ဟမ်ဆန်က အစားအစားသောက်ပုံနှင့် မျိုးရိုးဗီဇသည်လည်း အဝလွန်ကဲခြင်း၏ တစ်ပိုင်းတစ်ဒေသပင် ဖြစ်သည်ဟု ဆိုသည်။ ထို့အပြင် အဆိုပါတွေ့ရှိချက်က မပြင်းလွန်းသော နေရောင်အောက်တွင် လမ်းလျှောက်ခြင်း သို့မဟုတ် မြန်ဆန်စွာ လမ်းလျှောက်ခြင်းတို့ကဲ့သို့ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ရန် တိုက်တွန်းပေးခြင်း ဖြစ်သည်။ ထိုသို့ ကိုယ်လက် လှုပ်ရှားမှု ပြုလုပ်ခြင်းသည် ဝိတ်တက်လာခြင်းကိုဖြစ်စေ၊ ဗီတာမင်ဒီဓာတ် လျော့နည်းလာမှုကိုဖြစ်စေ ကုစားပေးရာ ရောက်သည်ဟုရေးသား ဖော်ပြပါ ရှိသည်။

မြတ်မွန်ထွေး-ရေးသားသည်



ဆောင်းပါး

သင့်ကျန်းမာရေး အရက်နှင့်နွားနို့ကြိုက်တာရွေး

မောင်အောင်(မွေးကု)

ကိုသာဝတစ်ယောက် မနေ့ညက ဆေးရုံတွင် ဆုံးသွားကြောင်း ကြားရသည့်အခါ မမြဲသောသင်္ခါရ သဘောတရားကို သုံးသပ်မိသော်လည်း တုန်လှုပ်သွားပါသည်။ ဒီလူ့အသက် မသကာရှိမှ ၅၀ ခန့်ပင်။ လူက တုတ်တုတ်ခိုင်ခိုင်၊ သန်သန်စွမ်းစွမ်း၊ သန်စွမ်းသည်ဆိုပြီး ကိုသာဝက အရက်ကလေး တမြမြ ရှိတတ်သည်။ ဝိုင်းမထိုင်လိုက်နှင့် အတူထိုင်သည့်လူများသာ ပြောင်းသွားမည်။ ကိုသာဝက မထတမ်း သောက်တတ်သည်။ ကိုယ်ခံစွမ်းအားကောင်းသူမို့လည်း များများသောက်နိုင်သည်။ စတင်သောက်စက ညနေပိုင်းအလုပ်ပြီးချိန်တွင် အပန်းပြေသဘော တစ်ခွက်တစ်ဖလားသောက်ခြင်းဖြစ်သည်။ မအေးမကလည်း သူ့လင်ကိုချစ်သည်။ အလိုလိုက်သည်။ တစ်နေကုန် ကားမောင်းရသည်။ ပင်ပန်းသည်ကို အကြောင်းပြ၍ ကိုသာဝ အရက်သောက်သည်ကို မတားမြစ်။ အမြည်းကလေးပင် လုပ်ပေးတတ်သည်။

ကားမောင်းသူမို့ ငွေရှင်သည်။ ငွေယားကလေးကရှိနေ၍ အစပိုင်းတွင် ညနေ အလုပ်သိမ်းချိန်မှ အရက်သောက်၍ အပန်းဖြေတတ်သည့် ကိုသာဝ နေ့လယ်ပိုင်းကတည်းကစပြီး သောက်တတ်လာသည်။ သူ့အတွက်အရက်နံ့က ရေမွှေးနံ့ကဲ့သို့စွဲလာသည်။ ရီဝေဝေ ယစ်မူးမူး ခံစားချက် စွဲမက်ဖွယ်ဖြစ်လာသည်။ အရက်သောက်သည်ကို မကောင်းမှန်း ကိုသာဝသိသည်။ သိသော်လည်းကိုသာဝအရက်ကို ကြိုက်နေပြီ။ သို့ဖြစ်၍လည်း သူ့အဖြစ်ကိုသူ ဖုံးကွယ်သည့်သဘောဖြင့် မအေးမကို ပိုပြီးမျက်နှာချိုသွေးလာသည်။ ဂရုစိုက်သည်။ မအေးမ ကိုယ်တိုင်ကလည်း သူ့ယောကျ်ားက အရက်သောက်လေ သူ့အပေါ် ပိုပြီးဂရုစိုက် ကြင်နာလေဖြစ်သဖြင့် သူ့ယောကျ်ားအတွက် အရက်ဝယ်ပေးရတာ၊ အမြည်းလုပ်ပေးရတာ သူကျေနပ်သည်။ အိမ်ပြင်မထွက်ဘဲ အိမ်မှာပင်ညနေတိုင်း အရက်တစိမ့်စိမ့်သောက်နေတတ်သည့် သူ့ယောကျ်ားအတွက် သူကျေနပ်ခဲ့သည်။

ကလေးနှစ်ယောက် ရှိခဲ့သော်လည်း ကလေးများ သူ့အလုပ်နှင့်သူ အဝေးတွင်ရောက်နေ၍ လင်မယားပိုပြီးစည်းလုံးကြသည်။ အခုတော့ အရက်ကြောင့် ကိုသာဝသေပြီ။

"ပြီးခဲ့တဲ့ နှစ်လလောက်က ကိုသာဝ အရက်ဖြတ်လိုက်သေးတယ် ဆရာ။ အဲဒီတုန်းက ဆေးရုံတက်ရသေးတယ်။ ဆေးရုံက အသည်းမကောင်းတော့ဘူးပြောတယ်။ အဲဒါကြောင့် ကိုသာဝလည်း ဆေးရုံကဆင်းပြီး တစ်လလောက် အရက်ဖြတ်လိုက်သေးတယ်။ သူ့အသားအရေတွေပြန်ပြီး စိုပြည်လာတယ်။ ထမင်းလည်း အတော်လေး စားနိုင်လာတယ်။ အဲဒါပေမယ့် စားဝတ်နေရေးကရှိသေးတော့ ကားပြန်ပြီးမောင်းရတယ်။ နည်းနည်းပင်ပန်းတော့ ကိုသာဝအရက်နည်းနည်းပြန်ပြီးသောက်တယ်။ သူ့အပြောအရ အရက်နည်းနည်းသောက်မှ ဗိုက်နာက သက်သာပြီး နေသာထိုင်သာရှိတယ်ပြောတယ်။ အဲဒါကြောင့် ကျွန်မလည်း မပြောတော့ဘူး။ မနေ့ကတော့ အလုပ်ပင်ပန်းလို့ဆိုပြီး အိမ်မှာနားနေတယ်။ ကျွန်မလည်း နေ့လယ်ဘက် အပြင်ထွက်တော့ တစ်ယောက်တည်း အများကြီး သောက်ဖြစ်တယ်ထင်တယ်။ ညနေကျ အခြေအနေဆိုးတာနဲ့ ဆေးရုံတင်လိုက်တာ အခုလိုဖြစ်သွားတာပါပဲ ဆရာရယ်။"

မအေးမက ငိုသံပါကြီးဖြင့် ကျွန်တော်တို့ကို ရှင်းပြနေသည်။ သူ့စကားများကို နားထောင်ရင်း ကျွန်တော်စဉ်းစားနေမိသည်။ ကျွန်တော် ဒီဌာနကို လွှဲခဲ့သည့် ၁၀ နှစ်ခန့်က ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်။ ကျွန်တော်ရောက်သည့် ၁၀ နှစ်အတွင်း ကျွန်တော်တို့ဌာနမှ မော်တော်ယာဉ် ယာဉ်မောင်းများ ၁၀ ယောက်နီးပါး သေဆုံးခဲ့သည်။ အားလုံးအရက်ကြောင့်ဖြစ်ပါသည်။

သေဆုံးသူများထဲတွင် အသက် ၅၀ ကျော်သူနည်းသည်။ အတော်များများမှာ အသက် ၃၀ နှင့် ၅၀ အတွင်း သေဆုံးကြခြင်းဖြစ်သည်။ တူညီသောအချက်မှာ အားလုံးပင် အရက်ကြောင့် အစားအသောက်ပျက်၊ အသည်းခြောက်၍ ကျန်းမာရေးထိခိုက်ပြီး သေဆုံးကြရခြင်းဖြစ်သည်။

အရက်သည် သွေးကိုဆူစေသည်။ အစပိုင်းတွင် လူကိုတက်ကြွစေသည်။ ရွှင်မြူးစေသည်။ မပြောရဲသည်ကို ပြောရဲစေသည်။ မလုပ်ရဲသည်ကို လုပ်ရဲစေသည်။ မလုပ်သင့်သည်ကို လုပ်ဖြစ်စေသည်။ ရေချိန်မြင့်လာသည်နှင့်အမျှ ထိုင်းမှိုင်းလာသည်။ ထုံထိုင်းလာသည်။ ရီဝေဝေဖြင့် ယစ်မူးစေသည်။ ယစ်မူးစေမှုသည် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို မှားယွင်းစေသည်။ "အရက်သမားအမှားတစ်ထောင်"ပင် ဖြစ်သည်။

၂၀၀၅ ခုနှစ်က ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အကူအညီဖြင့် ကျွန်တော်တို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အသေးစားနို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တစ်ခု အထောက်အပံ့ရဖူးသည်။ တစ်နိုင်နို့စားနွား မွေးမြူသူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းစင်ကြယ်သော နို့ထုတ်လုပ်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးအတွက် နွားနို့၏ အရေးပါပုံနှင့် နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပါဝင်သည်။

စီမံကိန်းအကြံပေးအဖြစ် ရောက်ရှိလာသည့် နိုင်ငံတကာအကြံပေးပညာရှင် Mr.Moffat နှင့် ကျွန်တော် တစ်နိုင်နို့စားနွား မွေးမြူသူများ၏ နွားနို့ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ကြီး၊ လှည်းကူး၊ ပြည်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ စစ်ကိုင်း၊ နောင်ချို၊ အောင်ပန်း၊ ကလော၊ တောင်ကြီး၊ ပြင်ဦးလွင် အပါအဝင် မြန်မာပြည်အနှံ့ ခရီးဆန့်ခဲ့ကြသည်။

တစ်နိုင်နို့စားနွား မွေးမြူသူများအား လုပ်ငန်းခွင်အရောက် တွေ့ဆုံဆွေးနွေးခဲ့သည်။ သန့်ရှင်းသော နို့ထုတ်လုပ်နည်း၊ ပြည်သူလူထု၏ ကျန်းမာရေးအတွက် နွားနို့၏ အရေးပါပုံနှင့် ဖြူစင်သောနို့ကို ထုတ်လုပ်ရောင်းချသည့် နို့စားနွား မွေးမြူသူများ၊ အရောအနှောကင်းစွာ နို့စစ်စစ် ထုတ်လုပ်ရောင်းချရေး ဆွေးနွေးခဲ့ကြသည်။ နို့စားနွား မွေးမြူမှုဖွံ့ဖြိုးရေးအတွက် နို့စားနွားများ ထိန်းသိမ်းစောင့်ရှောက်ပုံ၊ မျိုးထိန်းမျိုးပွားပုံနှင့် အစာကျွေးနည်းစနစ်များ ဆွေးနွေးခဲ့ကြသည်။

ရောက်ရာမြို့တိုင်းတွင် Mr. Moffat အံ့သြတကြီးနှင့် ကျွန်တော့်ကို မေးသည့်မေးခွန်းမှာ စည်ကားလှသည့် လက်ဖက်ရည်ဆိုင်များပင်ဖြစ်သည်။ အဲဒီအချိန်က လက်ဖက်ရည်ဆိုင်များတွင် ဂဏန်းနှစ်လုံးသုံးလုံးအဖွင့်စောင့်၍ လက်ဖက်ရည်ထိုင်သောက်သူများ၊ ဘောလုံးပွဲနှင့် ဗီဒီယိုကားများကို ထိုင်ကြည့်နေသူများဖြင့် လက်ဖက်ရည်ဆိုင်များ စည်ကားလှသည်။ Mr. Moffat က ကျွန်တော့်ကို "မင်းတို့ မြန်မာတွေ အချိန်အတော်ပိုတာပဲ" လက်ဖက်ရည်ဆိုင်တွေမှာ "အချိန်ကုန်နေမည့်အစား အလုပ်လုပ်လျှင် မင်းတို့နိုင်ငံ ဒီထက်ပိုပြီး ချမ်းသာမှာ၊ တိုးတက်မှာ" ဟု ပြောခဲ့ဖူးသည်။

လက်ဖက်ရည်ဆိုင်ထက် ပို၍ဆိုးသည်မှာ မော်ဒယ်မင်းသမီးလှလှကလေးများ၏ မပေါ့တပေါ်စွဲမက်ဖွယ်ရာ ကိုယ်နေဟန်ထားများဖြင့် ကြော်ငြာထားသည့် အရက်ကြော်ငြာများပင်ဖြစ်ပါသည်။ ပြီးတော့ ယခင်က အမိန့်ရ ဘီယာဆိုင်၊ အရက်ဆိုင်များပင်ဖြစ်ပါသည်။ ယခုတော့ အမိန့်ရသည် မရသည် မသိပါ။

စားသောက်ဆိုင် အတော်များများတွင် အရက်နှင့်ဘီယာ သောက်သုံး၍ရသကဲ့သို့ စတိုးဆိုင်လေးများတွင် အရက်နှင့်ဘီယာများ အလွယ်တကူ ဝယ်ယူရရှိခြင်းပင် Mr. Moffat က ကြော်ငြာများကိုကြည့်၊ စားသောက်ဆိုင်၊ အရက်ဆိုင်များကို အကဲခတ်ပြီး "မင်းတို့နိုင်ငံက သူများတွေပြောတော့ ဒီမိုကရေစီနိုင်ငံ မဟုတ်ဖူးသာဆိုတယ်၊ ဒီမိုကရေစီ ပေးတယ်ဆိုတဲ့ နိုင်ငံတွေထက်ပိုပြီး လွတ်လပ်တယ်။ ဒီလိုကြော်ငြာတွေ ကြော်ငြာလို့ရတယ်။ ရောင်းချင်တာ ရောင်းပြီး ဝယ်ချင်တာဝယ်လို့ရတယ်။ မင်းတို့နိုင်ငံမှာ အဲဒီလိုအရက်ဆိုင်တွေထက် နွားနို့ဆိုင် (Milk Bar) တွေသာ များများရှိလာလျှင် မင်းတို့မြန်မာလူမျိုးတွေ အခုထက်ပိုပြီး ကျန်းမာလာမှာ၊ ထွားကြိုင်းမှာ၊ အသက်ရှည်မှာ၊ မင်းတို့နိုင်ငံပိုပြီး ဖွံ့ဖြိုးတိုးတက်မှာ"ဟု ပြောခဲ့ပါသည်။

အဲဒီစီမံကိန်းမှစ၍ "မူလတန်းကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်း" (School Milk Programme) ကို ကျွန်တော်တို့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းမှရရှိသည့် အသေးစား နွားနို့ထုတ်လုပ်သည့်စက်ဖြင့် ပေါင်းခံပြီး နို့ (Pasteurized Milk) ကို ထုတ်လုပ်၍ အင်းစိန်နှင့်မင်္ဂလာဒုံရှိ မူလတန်းကျောင်းများတွင် ကလေးငယ်များအား နွားနို့စတင်တိုက်ကျွေးခဲ့ပါသည်။ စေတနာရှင် အလှူရှင်များ ရရှိမှုအပေါ် မူတည်၍ ၂၀၀၆ ခုနှစ်က (၁၀)ကြိမ်ခန့် မူလတန်းကျောင်းများတွင် နို့တိုက်ကျွေးနိုင်ခဲ့ပါသည်။ အဲဒီအချိန်တုန်းက ကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းကို ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်အတူ စူပါကောင်း၊ ငွေစင်ပုလဲ၊ ဝယ်လကို၊ ယူနီစန်နှင့် ရွှေမုခ်ဦး မွေးမြူရေးလုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ခဲ့ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ၂၀၁၀ ခုနှစ်တွင် အစိုးရသစ် စတင်တာဝန်ယူခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတကြီးသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားပါသည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၂ ခုနှစ် "ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့"(World School Milk Day)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နေပြည်တော်၌ကျင်းပခဲ့သည်။ ၎င်းနေ့တွင် ကျွန်တော်တို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှဦးစီး၍ နေပြည်တော်တွင် ကျောင်း ၈ ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၃၂၀၀၀ အား နွားနို့တိုက်ကျွေးခဲ့သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း မူလတန်းကျောင်းသား ကျောင်းသူ ၃၀၀၀ ခန့်အား နွားနို့တိုက်ကျွေးခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် နိုင်ငံတကာမှအလှူရှင်များ နွားနို့တိုက်ကျွေးရေးစီမံကိန်းတွင် ပူးပေါင်းပါဝင်လာကြသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် လယ်ဝေးမြို့နယ် ဗောဓိကုန်းကျေးရွာ မူလတန်းကျောင်းတွင် ပြုလုပ်ခဲ့သည့် နို့တိုက်ကျွေးရေး ရှေ့ပြေးအစီအစဉ်သည် ဆွီဒင်နိုင်ငံမှ Tetra Pak South and Southeast Asia ကုမ္ပဏီနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မှုပင်ဖြစ်ပါသည်။

၎င်းရှေ့ပြေး စီမံကိန်းတွင် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များမှ ကျောင်း ၂၈ ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၁၀၂၇၂၁ ဦးကို တစ်ပတ်လျှင် ငါးရက် ဖေဖော်ဝါရီလကုန်အထိ နေ့စဉ် UHT Milk (အပူပေးပိုးသတ်ထားသည့်နို့) တိုက်ကျွေးသွားမည်ဖြစ်သည်။ Tetra Pack South and Southeast Asia ကုမ္ပဏီမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ မူလတန်း ကျောင်းသား ကျောင်းသူ ၄၅၀၀၀ အား ကျောင်းတက်ရက်များတွင် သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးမည်ဖြစ်ပါသည်။

နွားနို့သည် ဗီတာမင်နှင့် သတ္တုဓာတ်များအပါအဝင် အာဟာရဓာတ်များ ပြည့်စုံကြွယ်ဝစွာ ပါဝင်သည်။ နွားနို့တစ်မျိုးတည်း သောက်သုံးခြင်းဖြင့် လူသားများအသက်ရှင်နေထိုင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည့်စုံလုံလောက်သည်။ အိန္ဒိယလူမျိုးများ၏ သက်တမ်းပျမ်းမျှ ၁၂ နှစ် ပို၍ရှည်လာသည်ဟု မှတ်တမ်းများအရ သိရှိရသည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ မှတ်တမ်းများအရ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် နိုင်ငံ ရှစ်နိုင်ငံမှ လူတစ်ဦးချင်းစီ၏ တစ်နှစ်ပျမ်းမျှ နွားနို့သောက်သုံးနှုန်းသည် ကီလိုဂရမ် ၂၀၀ အထက်ရှိကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိ လူတစ်ဦး တစ်နှစ် နွားနို့သောက်သုံးနှုန်းသည် ၁၀၆ ကီလိုဂရမ်ရှိပြီး ကျွန်တော်တို့ မြန်မာနိုင်ငံ၏ လူတစ်ဦး တစ်နှစ် နွားနို့သောက်သုံးနှုန်းမှာ ၂၆ ဒသမ ၈ ကီလိုဂရမ်သာ ရှိပါသေးသည်။

သို့ဖြစ်၍ ကျွန်တော်တို့ မြန်မာနိုင်ငံသားများ "ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးတက်စေရေး" အနာဂတ်နိုင်ငံတော်ကို ဦးဆောင်သွားကြမည့် မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်၍ ပညာရည်တိုးတက်မြင့်မားရေးအတွက် နွားနို့ပိုမိုသောက်သုံးသင့်သကဲ့သို့ လက်ရှိနိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိကအင်အားစုလူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် လူလတ်၊ လူကြီးများ ဆင်ခြင်စဉ်းစားနိုင်ရန်အတွက် "သင့်ကျန်းမာရေး အရက်နှင့် နွားနို့ကြိုက်တာရွေး"ဆိုသည့် ဤဆောင်းပါးအား အလေးထားရေးသား တင်ပြအပ်ပါသည်။

သတင်းအတတ်ပညာ ကျောင်းသားကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့လာလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှု ပညာရေးကောလိပ်၌ ဖွင့်လှစ်သည့် သတင်းအတတ်ပညာ သင်တန်းအမှတ်စဉ်(၃)မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက်မှ စတင်ကာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သင်တန်းခန်းမ၌ သတင်းအတတ်ပညာ လက်တွေ့ကွင်းဆင်းလေ့လာမှုကို ရက်သတ္တနှစ်ပတ်ကြာ လေ့လာသင်ယူလျက်ရှိသည်။ (အိဖြူ)

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

❒ ပြည်သူ့လွှတ်တော်မှ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆောင်ပုဒ်ဖြစ်သည့် GREEN, CLEAN, FRIENDSHIP ကို စောင့်ထိန်းမြှင့်တင်လိုခြင်းတို့ကြောင့် ထည့်သွင်းကျင်းပရန် ဆုံးဖြတ်ပေးခဲ့ပါကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့ အောင်မြင်မှုရရှိပြီး နိုင်ငံအလိုက် အားကစားအဆင့် ပိုမိုမြင့်တက်စေရေးအတွက် ပြိုင်ပွဲဝင်မည့်အားကစားသမားများအနေဖြင့် အဘက်ဘက်မှ ပြည့်စုံလုံလောက်သော ပံ့ပိုးကြပ်မတ်မှုများနှင့် ပြင်းပြင်းထန်ထန်ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွင့်အခါသင့်လျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် အားကစားဝန်ကြီးဌာန၏ဆောင်ရွက်မှုများကို မျက်မြင်လက်တွေ့ လာရောက်ကြည့်ရှုအားပေးရန်ကိုလည်း ဖိတ်ကြားတင်ပြလိုပါကြောင်း။

အားကစားဝန်ကြီးဌာနအနေဖြင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/ရုံများကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ခြင်း၊ အားကစားကွင်း/ရုံများ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းအပြင် မိမိအားကစားသမားများ အောင်မြင်မှုရရှိရေး၊ အားကစား စံချိန်စံညွှန်းများမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတကာမှ အဆင့်မြင့်အားကစားလေ့ကျင့်ရေးနည်းပြများငှားရမ်းပေးခြင်း၊ အားကစားဆေးပညာဆိုင်ရာ အထောက်အကူပြုမှုများ အပြည့်အဝစီစဉ်ပေးခြင်း၊ အားကစားနည်းအားလုံး နိုင်ငံခြားသို့ ပူးပေါင်းလေ့ကျင့်မှု သင်တန်းစေလွှတ်ခြင်း၊ ဖိတ်ခေါ်လက်ရည်စမ်းပွဲများ ကျင်းပခြင်း၊ နိုင်ငံတကာချစ်ကြည်ရေး လက်ရည်စစ်ပွဲများသို့ စေလွှတ်ပါဝင်စေခြင်း၊ အားကစားသမားများအား အားကစားအသိပညာပေး၊ ဆွေးနွေးမှုများ၊ အားကစားနည်းစနစ်ဆိုင်ရာ ဗီဒီယိုပြသရှင်းလင်းခြင်း၊ ကိုယ်စီလစာချီးမြှင့်ခြင်းနှင့် သက်သာချောင်ချိရေးကို ဂရုစိုက်ဆောင်ရွက်ပေးခြင်းတို့ကို ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

အတွေ့အကြုံရှိသော အားကစားကျွမ်းကျင်သူများ၊ ကလောင်ရှင်များဖြင့် အောင်နိုင်ရေးအထောက်အကူပြုအဖွဲ့ ဖွဲ့ရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာရှလူငယ်နှင့်အငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ပြိုင်ပွဲဝင် (၄၅) နိုင်ငံဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ လက်ခံကျင်းပခဲ့ပြီး အရှေ့တောင်အာရှမြားပစ်ပြိုင်ပွဲကို နေပြည်တော်တွင် ပြိုင်ပွဲဝင်ခြောက်နိုင်ငံဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျန်အားကစားနည်းအားလုံးကို အလားတူဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးအောင်ဆန်း မေးမြန်းစဉ်။ (သတင်းစဉ်)

မေးခွန်းရှင် **ဦးအောင်ဆန်း**က “ကျွန်တော့်မေးခွန်းကလည်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ အောင်နိုင်မှုရရှိဖို့အတွက် ရည်ရွယ်ပြီးမေးတာဖြစ်တဲ့အတွက် ဒုတိယဝန်ကြီးဖြေသွားတဲ့အပေါ်မှာ အားရပါတယ်၊ အင်မတန်မှ ကျေနပ်ပါတယ်။

ကျွန်တော့်အနေနဲ့ အထောက်အကူပြုအဖွဲ့နဲ့ပတ်သက်ပြီး အနည်းငယ်ပြောချင်ပါတယ်၊ ဒီကနေ့အားကစားအဖွဲ့ချုပ်တွေဟာ တကယ့်ဝါရင့်နည်းပြတွေ၊ ဝါရင့်အားကစားသမားကြီးတွေကို ဘေးဖယ်ထားတာတွေ့ရတယ်၊ အဲဒီလူတွေက ကူညီချင်တယ်၊ ဘယ်လိုကူညီရမှန်းမသိဘူး၊ အဲဒီတော့ အားကစားကလောင်ရှင်များအဖွဲ့နဲ့ ဝါရင့်အားကစားသမားကြီးတွေ၊ အတွေ့အကြုံရှိတဲ့ အားကစားသမားကြီးတွေ ပူးပေါင်းပြီးတော့ လာမယ့်ဆီးဂိမ်းပြိုင်ပွဲကြီးမှာ တကယ့်အင်တိုက်၊ အားတိုက် လုပ်လိုက်ရရင် အခြေအနေဒီထက်ပိုပြီးတော့ကောင်းနိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်၊ ဒါကြောင့် အထောက်အကူပြုအဖွဲ့ကိစ္စကို ထည့်သွင်းမေးမြန်းရခြင်းဖြစ်ပါတယ်” ဟု ဖြေကြားချက်အပေါ် ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အစည်းအဝေးတွင် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်က **နိုင်ငံသားများ၏မူလအခွင့်အရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရေး အဆိုနှင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရ ဦးအောင်ကိုက ယခင်တရားရုံးချုပ်(ရန်ကုန်) (High Court) နှင့် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဘဏ်လမ်းကြားရှိ စုပေါင်းတရားရုံး အဆောက်အအုံတို့အား လွှဲပြောင်းပေးထားသည့်ကိစ္စကို ပယ်ဖျက်၍ ရှေးဟောင်းအမွေအနှစ်ပစ္စည်းအဖြစ် ထိန်းသိမ်းဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့ရာ ယင်းအဆိုများကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

◆ အမျိုးသားလွှတ်တော်မှ

ထင်မြင်မိပါတယ်” ဟု ၎င်းအမြင်ကို ပြောကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ၏ **အရွယ်မရောက်သေးသော ကလေးသူငယ်များအား ယာဉ်မောင်းနှင်ခြင်းမှ တားမြစ်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း မှတ်ပုံတင်ထားသော စုစုပေါင်းယာဉ်စီးရေ၏ (၈၅) ရာခိုင်နှုန်းမှာ မော်တော်ဆိုင်ကယ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်၌ မော်တော်ဆိုင်ကယ်ကို မြို့ပြနှင့် ကျေးရွာအနှံ့အပြား တွင်ကျယ်စွာ အသုံးပြုလျက်ရှိခြင်း၊ အသုံးပြုရာတွင် လူငယ်လူရွယ်များ အများစုဖြစ်နေခြင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ အသက် (၁၆) နှစ်ပြည့်/မပြည့်အား ယာဉ်မောင်းလိုင်စင် လာရောက်လျှောက်ထားသူက တင်ပြလာသည့် နိုင်ငံသားမှတ်ပုံတင်မူရင်းပါ မွေးသက္ကရာဇ်အားစစ်ဆေး၍ အသက်ပြည့်ပြီးမှသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခဲ့ခြင်းမှာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ကျောင်းဆင်း သွားလာရာတွင် အဓိကအသုံးပြုနေသည့် မော်တော်ဆိုင်ကယ် စီးနင်းခြင်းကို ဥပဒေဖောက်ဖျက်သည့် အဖြစ်မျိုး မဖြစ်ပေါ်စေရန် ရည်ရွယ်ပါကြောင်း၊ အသက်ကန့်သတ်ချက် မပြည့်မီဘဲ ယာဉ်မောင်းနှင်ခြင်း မပြုနိုင်ရေးအတွက် စာသင်ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်ခန်းစာတစ်ရပ် ထည့်သွင်းသင်ကြားပေးနိုင်ရန်နှင့် စည်းကမ်းမလိုက်နာသူများအား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ပေါင်းစပ်စစ်ဆေး၍ ပညာပေးအရေးယူခြင်းများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က **လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ယင်းဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးဝင်းက ထောက်ခံပြီး ဥပဒေကြမ်းပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက **ဆက်သွယ်ရေးဥပဒေကြမ်း**အား လွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ချိုဦးက ထောက်ခံဆွေးနွေးပြီး ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ် **သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား အမေရိကန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး H.E. Mr. Derek James Mitchell သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး တပ်မတော်ပိုင်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်များသို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့မှ ရှမ်းတိုင်းရင်းသား ပြည်သူ ၅၀ တို့သည် ယနေ့နံနက် ၁၀နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကျင်းပနေပုံနှင့် **(ယာပုံ)** လွှတ်တော်အဆောက်အအုံများသို့လည်းကောင်း၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် ကချင်၊ ကယား၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ယဉ်ကျေးမှုအဖွဲ့ဝင် ၁၄၇ ဦးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အဆောက်အအုံများသို့ လည်းကောင်း လာရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကချင်ပြည်နယ်၌ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသများတွင် ဆောင်ရွက်မည့် လမ်းတံတား၊ ရေပေးရေးနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မြစ်ကြီးနားမြို့၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။

မြစ်ကြီးနား၊ ဝိုင်းမော်၊ ရွှေကူ၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်နှင့် တနိုင်းမြို့နယ်အတွင်း ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်းနှင့် လမ်းတံတားများဆောင်ရွက်မည့် KZEN ကုမ္ပဏီနှင့် တော်ဝင်စိုးညွန့်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ KZEN ကုမ္ပဏီနှင့်တော်ဝင်စိုးညွန့်ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

မောင်မောင်သန်း (ကော့မှူး)

ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၇

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။ အဆိုပါစက်ရုံမှ လွှင့်အား (၅၀)ဝပ်၊ လှိုင်းနှုန်း (UHF Channel J 13) ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ခရိုင်တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်း တည်ထောင်ထားသည့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများသည် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဓိကတာဝန်ရှိသူများ ဖြစ်ကြောင်း၊ ပြည်သူအများ ယုံကြည်ကိုးစားသော တရားစီရင်ရေး ဖြစ်ပေါ်စေရန်အတွက် တရားသူကြီးများအား ကျမ်းသစ္စာဆိုစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူအများ ယုံကြည်မျှော်လင့်နေသော အကျင့်သိက္ခာ၊ ပညာ၊ သမာဓိနှင့်ပြည့်စုံသော တရားသူကြီးကောင်းများ ဖြစ်ပေါ်စေရေးအတွက် တရားသူကြီးများ ကျမ်းသစ္စာဆိုရန် လိုအပ်ပါကြောင်းဖြင့် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့နံနက် ၉ နာရီတွင်နေပြည်တော်ရှိပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသောခရိုင်တရားသူကြီးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ၏ ကျမ်းသစ္စာဆိုပွဲတွင် ပြောကြားခဲ့သည်။

လေ့လာတွေ့ရှိ

ပြည်ထောင်စုတရားသူကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အဆင့်အမြင့်ဆုံး တရားလွှတ်တော်ချုပ်မှာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တရားသူကြီးများသည် ကျမ်းသစ္စာဆိုခဲ့ကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်နှင့်ပြည်နယ်တရားလွှတ်တော်တို့တွင် တာဝန်ပေးအပ်ခြင်းခံရသော တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ အနေဖြင့် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးစဉ်က နိုင်ငံတော်သမ္မတနှင့်သက်ဆိုင်ရာ လွှတ်တော်အသီးသီးတွင် ကျမ်းသစ္စာဆိုခဲ့ကြပြီဖြစ်ကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တရားစီရင်ရေး ဆောင်ရွက်လျက်ရှိကြသော တရားသူကြီးများသည် ကျမ်းသစ္စာပါအတိုင်း တစ်သဝေမတိမ်းလိုက်နာကြပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ကျင်းပသည့် ကျမ်းသစ္စာဆိုပွဲတွင် ခရိုင်တရားသူကြီး ၆၈ ဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိ ၆၃ ဦး စုစုပေါင်း ၁၃၁ ဦးတို့က ပြည်ထောင်စုတရားသူကြီးချုပ်၏ရှေ့မှောက်၌ ကျမ်းသစ္စာဆိုကြသည်။ **(အပေါ်ဝဲပုံ)** ကျန်ရှိနေသောခရိုင်အဆင့် တရားသူကြီးများ၊ မြို့နယ်အဆင့် တရားသူကြီးများနှင့်တိုင်းဒေသကြီး /ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များတွင် ကျမ်းသစ္စာ ဆိုကြမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းအသစ်ခန့်ထားမည့် တရားရေးအရာရှိများသည် တရားသူကြီး တာဝန်ပေးအပ်သည့်အခါ ကျမ်းသစ္စာဆိုခြင်းကိုတစ်ပါတည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဓာတုလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်အကောင်အထည်ဖော်
အမျိုးသားအဆင့် အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံက ဓာတုလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်အား အကောင်ထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့် အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ်၌ ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကျင်းပရာ ဓာတုလက်နက်တားဆီးပိတ်ပင်ရေ စာချုပ်ဆိုင်ရာ အဖွဲ့အစည်း၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ကူညီပေးရေးဌာန၊ ညွှန်ကြားရေးမှူး Mr. Mark Geoffrey Albon ခေါင်းဆောင်သော ဥပဒေရေးရာဌာန၊ နိုင်ငံရေးရာဌာန၊ ကြေညာလွှာများ တင်သွင်းခြင်းဌာန၊ စီမံကိန်းနှင့် ညှိနှိုင်းရေးဌာနတို့မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းဆိုင်ရာ ကော်မတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဖော်ပြပါစာချုပ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းပြီး ပြည်တွင်းသက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများမှ အသေးစိတ် ပါဝင်လုပ်ဆောင်သွားရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်အရာရှိကြီးများဆွေးနွေး

ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲအခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံ (ADBI) တို့ပူးပေါင်းဆောင်ရွက်သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် (Grand Ballroom) ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံမှ အဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်သို့ တက်လှမ်းမည့်ပြတင်းသစ်တစ်ဖွင့် လှစ်လိုက်ပြီဖြစ်ကြောင်း၊ အာဆီယံဒေသတွင်း ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိရန် အာဆီယံနိုင်ငံများနှင့် ကတိကဝတ်များပြုလုပ်ပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်ရရှိရေးနှင့် ဆင်းရဲမှုလျှော့ချရေးရည်ရွယ်ချက်ဖြင့် စီးပွားရေးမူဝါဒ (၄) ရပ်ဖြစ်သော စိုက်ပျိုးရေးကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပြီး စက်မှုနှင့် အခြားကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား သာတူညီမျှ ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်မျိုးသားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စာရင်းအင်းအချက်အလက်ဆိုင်ရာ အရည်အသွေးမြင့်မားစေရန်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုအရ ကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖြစ်စေရန်၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများဖြစ်သော ပို့ကုန်ခွန်များ ဖယ်ရှားခြင်း၊ ပြည်ပပို့ကုန်များတိုးမြှင့်တင်ပို့ခြင်း၊ ဘဏ်တိုးနှုန်းများ လျှော့ချခြင်းနှင့် ဘဏ်လုပ်ငန်းစဉ်တို့ကို ဖြေလျှော့မှုများ ပြုလုပ်ခြင်းစသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားကြိုးပမ်းမှုတစ်ခုမှာ ငွေကြေးလဲလှယ်နှုန်းများအား စျေးကွက်တွင် လက်တွေ့ကျင့်သုံးနိုင်ရန် စီစဉ်ထားရှိကြောင်း၊ စတော့စျေးကွက် တည်ထောင်ခြင်းကို အားပေးလုပ်ဆောင်နေပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်နည်းဥပဒေများပြဋ္ဌာန်းခြင်း စသည်တို့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှအဓိကဆောင်ရွက်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အရှေ့-အနောက်စင်္ကြံ၊ တောင်-မြောက်စင်္ကြံ၊ တောင်ဘက်စင်္ကြံလမ်းနှင့် အာရှအဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိနေသည်မှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးပေါင်းစပ်ဆက်နွယ်မှုကို ပိုမိုချဲ့ထွင်လုပ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူများအနေနှင့် ၎င်းတို့၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ ပြည့်မီရေးအတွက် ထိရောက်သော အစိုးရနှင့် ပုဂ္ဂလိကပါဝင်သည့် အဖွဲ့အစည်းများ လိုအပ်လျက်ရှိကြောင်း၊ အဆိုပါ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များဟာ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအချက်ပင်ဖြစ်ကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီပံ့ပိုးမှုဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ကုန်သွယ်ရေးပေါင်းစည်းမှု၊ ဒေသတွင်း နိုင်ငံများအကြား Supply Chain တို့တွင် ပိုမိုနီးကပ်လာပြီး ဘဏ္ဍာရေးချိတ်ဆက်မှုများ ခိုင်မာလာခြင်းတို့နှင့်အတူ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးတဲ့နိုင်ငံများဟာ အလျင်အမြန် ကျယ်ပြန့်စွာ ဖွံ့ဖြိုးလာခဲ့ကြောင်း။

နေပြည်တော်၌ ကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံ၏ ပထမအကြိမ် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်တွင် ထုတ်ပြန်ကြေညာခဲ့သည့် နေပြည်တော်စာတမ်းသည် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အဖွဲ့အစည်းနှစ်ခု၊ များပြားသော အဖွဲ့အစည်း UN အဖွဲ့အစည်းများပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များအတွက် ပိုမိုဆွဲဆောင်မှုရှိ၍ ပေါင်းစည်းမှုများ ပိုမိုဖြစ်တည်လာမည့် စာတမ်းဖြစ်ကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပေါင်းစည်းမှုသည် မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင်များ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကျွမ်းကျင်မှု အကူအညီများထောက်ပံ့ပေးနေမှုများသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်နေသည့် အရာများဖြစ်ကြောင်း။

ထို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနယ်ပယ်များတွင် နှစ်ပေါင်းများစွာ သူငယ်ချင်းကောင်းအဖြစ် ရပ်တည်လာခဲ့တာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် သင့်တင့်လျောက်ပတ်သော စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖြစ်တည်လာရေး အဆင်ပြေချောမွေ့အောင် စေ့စပ်ဆောင်ရွက်ပေးနေသည်များကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Haruhiko Kuroda က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ဆွေးနွေးပွဲကို ကျင်းပရာ Mr.Bindu Lohani၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး

...ကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် ...ဆွေးနွေးပွဲကျင်းပ

...းမှုး Mr.
...ey Albon
... ဥပဒေရေးရာ
...၊ ကြေညာလွှာ
...န၊ စီမံကိန်းနှင့်
...ကိုယ်စားလှယ်
...မှ သိပ္ပံနှင့်နည်း
...ည်သူ့လွှတ်တော်
...ွှတ်တော်တို့မှ
...ကော်မတီများမှ
... ပြည်ထဲရေး
...ယ်ရေးဝန်ကြီး
...ရေးဝန်ကြီးဌာန၊
... ဘဏ္ဍာရေးနှင့်
... ပို့ဆောင်ရေး
... စီးပွားရေးနှင့်
...ရေးဝန်ကြီးဌာန
...း တက်ရောက်

...နွေးပွဲတွင် ဖော်ပြ
...အထည်ဖော်မှုနှင့်
...င်းသက်ဆိုင်ရာ
...းများမှ အသေး
...ာင်သွားရမည့်
...ဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များတွင် စာချုပ်၏ သဘောသဘာဝစာချုပ်ဆိုင်ရာ အဖွဲ့အစည်း၏ စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းစဉ်များ မြန်မာနိုင်ငံ၏ စက်မှုဓာတုလုပ်ငန်းများမှ အသုံးပြုသွားရန်ရှိမည့် ကြေညာလွှာများ၊ လိုအပ်ပါက ပြည်တွင်းဥပဒေတစ်ရပ်ရေးဆွဲရေး၊ အမျိုးသားအာဏာပိုင်တစ်ရပ် ထူထောင်ရေး၊ မြန်မာပြည်တွင်းမှ သက်ဆိုင်သူများအား လေ့ကျင့်သင်တန်းပေးရေး၊ ဖော်ပြပါစာချုပ်သို့ မြန်မာနိုင်ငံက အတည်ပြုပါဝင်မည်ဆိုပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ကနဦးပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖော်ပြပါစာချုပ်သို့ နိုင်ငံပေါင်း ၁၈၆ နိုင်ငံမှ အတည်ပြုပါဝင်ပြီးဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

...မ်းအား အရင်း
...က်မှုတို့အတွက်
...သီများထောက်ပံ့
... မြန်မာနိုင်ငံ
...လိုအပ်နေသည့်
...း။
...ဖွံ့ဖြိုးရေးဘဏ်
... ဖွံ့ဖြိုးတိုးတက်
... တွင် နှစ်ပေါင်း
...ကောင်းအဖြစ်
...ဖြစ်ကြောင်း။
...တွက် သင်တင့်
... စီးပွားရေး
...ခု ဖြစ်တည်လာ
...ချောမွေ့အောင်
...ပါးနေသည်များ
...ရှိုဆိုပါကြောင်း

...အာရှဖွံ့ဖြိုးရေး
...uhiko Kuroda
...နှုန်းဆက်စကား

...နွေးပွဲကို ကျင်းပ
...phani၊ အမျိုး
...လူမှုရေးအကြံ
... ဦးတင်ထွဋ်ဦး

နှင့် အဖွဲ့ဝင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ Chief Economist, Mr. Changyong Rhee၊ အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံမှ Dean,Mr. Masahiro Kawai တို့က ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့်ပေါင်းစည်းရေး၏ အခန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်းများနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ Mr. Christopher Mac Cormac အာရှဖွံ့ဖြိုးရေးဘဏ်မှ Economic and Research Department, Assistant Chief Economist, Ms. Cyn-Young Park နှင့် Southeast Asia Department , Advisor Knowledge and Results Managment, Mr. Richard Bolt၊ Regional Sustainable Development Department, Deputy Director General, Mr. Woo Chong Um တို့က နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပန်းတို့ဖူးပွင့် လှဂုဏ်ဝင့်သို့

* ကာလရှည်ကြာ၊ နှစ်များစွာက
ဧရာပေါင်းလောင်း၊ စစ်တောင်းသံလွင်
မြစ်ရေလျှဉ်တို့၊ သွင်သွင်ရစ်ခွေ
စီးဆင်းနေသို့၊ ဤမြေမှာဖွား
တိုင်းရင်းသားတို့၊ စိတ်ထားတူညီ
ချစ်ကြည်ပေါင်းဖက်၊ လက်ချင်းယှက်ကာ
ညီညွတ်စွာလျှင်၊ ရှည်ကြာကာလ
နေလာခဲ့ကြ ယနေ့တိုင်ပင်။

* မြန်မာ့သမိုင်း၊ ရိုင်းသည့်အဖြစ်
နှံ့မှာနစ်စဉ်၊ ပြည်ချစ်သူများ
မျိုးချစ်များတို့၊ ထင်ရှားပင်လုံ
အေးရိပ်မြုံမှာ၊ တွေ့ဆုံခဲ့ကြ
ညီညွတ်ကြလျက် သွေးကပြောကြား
ရေကိုသားသော်၊ အကြားမထင်
ပမာသွင်သို့၊ ချစ်ခင်စည်းလုံး
ပေါင်းစုရုံးကာ၊ ကြိုးပမ်းပါ၍
မြန်မာဌာနေ၊ အလှဝေလျက်
ဒို့တွေလွတ်လပ်ခဲ့ပါ၏။

* ပင်လုံမြေမှ၊ မျိုးစေ့ချကာ
ဖြစ်ထွန်းလာသည့်၊ ညီညာစိတ်ဓာတ်
မြင့်မြတ်နှလုံးသား၊ မြင့်မားစွမ်းရည်
ပေါင်းစုတည်သည့်၊ ပြည်ထောင်စုသား
သွေးချင်းများ၏၊ ခွန်အားပြည့်ဝ
ထိုအလှဖြင့်၊ မြန်မာ့ဤမြေ
စိမ်းလန်းဝေ၍၊ စိုပြေ(ပြည်)လန်းဆန်း
ပန်းတို့ဖူးပွင့်၊ လှဂုဏ်ဝင့်သို့
ထူးတင့်သာယာ၊ ငြိမ်းချမ်းစွာလျှင်
ခိုင်မာရပ်တည်နိုင်လိမ့်တကား။ ။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆိုလျက်-

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

မစ္စတာ အဲလက်စ် ဂါစီ ရာချာအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ ဟယ် လင်န် ဘီဒီလာဗီဂါ၏နေရာတွင် မစ္စတာ အဲလက်စ်ဂါစီရာချာအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဲလက်စ် ဂါစီရာချာကို ၁၉၅၆ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၂ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ လိုင်စီယမ်ဖိလစ်ပိုင်တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။

တာဝန်ထမ်းဆောင်

၎င်းသည် ၁၉၇၈ ခုနှစ်မှ စတင်၍ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဌာန၊ ကောင်စစ်ရေးရာဌာန၊ ဥပဒေရေးရာဌာနနှင့် အုပ်ချုပ်ရေးဌာနအသီးသီးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှစတင်၍ ဟောင်ကောင်မြို့၊ ပေကျင်းမြို့နှင့် ကွမ်ကျိုးမြို့ ဖိလစ်ပိုင်သံရုံးနှင့် ဖိလစ်ပိုင်ကောင်စစ်ဝန်ချုပ်ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဖိလစ်ပိုင်နိုင်ငံသံရုံးတွင် သံမှူးကြီး/သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အဲလက်စ် ဂါစီရာချာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

မလေငါးတန်ဖွံ့ ဖြိုးဖို့
တအုပ်တပေလေ့လာစို့

ပြည်တွင်းသတင်း

ဗုဒ္ဓဂယာဘုရားဖူးလိုသူပြည်သူများ နေပြည်တော်ရှိ ဗုဒ္ဓဂယာသို့ လာရောက်ဖူးမြော်နိုင်ကြပြီ

တွေ့ဆုံမေးမြန်း
မြင့်မောင်စိုး
ဓာတ်ပုံ
ကျော်သူဝင်း

လွန်လေပြီးသောအတိတ်ကာလက ရဟန်းတော်တစ်ပါးအား ဆီမီးထွန်းရန် မုန်ညင်းဆီလှူဒါန်းခဲ့သော မိန်းမပျိုလေးတစ်ဦးသည် ဘုရားဆုပန်၍ ပါရမီတော်များ အထပ်ထပ်ဖြည့်ဆည်းလျက် ဤဘဒ္ဒကမ္ဘာတွင် လေးဆူမြောက်ကုန်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် မဇ္ဈိမဒေသ၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပွင့်တော်မူခဲ့လေသည်။ ဘုရားရှင်သည် ဗောဓိဉာဏ်အလင်းရရှိပြီးနောက် သတ္တသတ္တာဟ ခုနစ်ဌာနတို့၌ စံပယ်တော်မူခဲ့ပါသည်။ ဘုရားရှင်ပွင့်တော်မူရာ ဗောဓိမဏ္ဍိုင်နှင့် သတ္တသတ္တာဟနေရာ၌ အသောကမင်းကြီးက မဟာဗောဓိစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ရာ ဗုဒ္ဓဂယာအဖြစ် လူသိများထင်ရှားခဲ့ပါသည်။ ယခုအခါ ထိုဗုဒ္ဓဂယာပုံစံအတိုင်း မြန်မာပြည်သူပြည်သားများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဗဟိုချက်ကျရာ နေပြည်တော်၌တည်ထားပြီးဖြစ်ရာ တာဝန်ရှိသူ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ ။ မြန်မာနိုင်ငံမှာ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးတည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် တည်နေရာလေးကို ဦးစွာသိပါရစေခင်ဗျာ။

ဖြေ ။ ။ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံသူနိုင်ငံသားများ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာကို အားလုံးသွားရောက်ဖူးမြော်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒီအတွက် မြန်မာနိုင်ငံမှာပဲ ဗုဒ္ဓဂယာကို ဖူးနိုင်ဖို့အတွက်ရည်ရွယ်ပြီး နိုင်ငံတော်ကမြန်မာနိုင်ငံရဲ့ ဘူမိနက်သန် အချက်အချာကျရာ နေပြည်တော်မှာ တည်ထားလျက်ရှိပါတယ်။ နေပြည်တော် ဥတ္တရသီရိမြို့မြောက်ဘက်ခွာညိုပန်းအဝိုင်းမှ ၅ မိုင် ၆ ဖာလုံအကွာ ဥဒယရံသီကုန်းတော်ပြင်မှာ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်ကစပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ACE ကုမ္ပဏီနဲ့ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်လျက်ရှိပါတယ်။ ယနေ့အထိ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပါပြီ။

မေး ။ ။ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီး၏ ပရိဝုဏ်အတွင်းမှာ ထည့်သွင်းတည်ဆောက်လျက်ရှိတဲ့ အဆောက်အအုံတွေ ဘယ်လောက်ရှိပါသလဲခင်ဗျာ။

ဖြေ ။ ။ ပင်မစေတီတော်ကြီးဖြစ်တဲ့ မဟာဗောဓိစေတီတော်ကြီးကို ဉာဏ်တော် ၁၆၂ ပေအထိ တည်ဆောက်ထားပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဂယာအတိုင်း ပလ္လင်္ကသတ္တာဟ (အပရာဇိတပလ္လင်တော်-ပထမသတ္တာဟ)၊ အနိမိသသတ္တာဟ (အနိမိသစေတီတော်-ဒုတိယသတ္တာဟ)၊ ရတနာစင်္ကမသတ္တာဟ (ရတနာစင်္ကြံတော်-တတိယသတ္တာဟ)၊ ရတနာဃရသတ္တာဟ (ရတနာရွှေအိမ်တော်-စတုတ္ထသတ္တာဟ)၊ အဇပါလသတ္တာဟ(အဇပါလညောင်ပင်-ပဉ္စမသတ္တာဟ)၊ မုစလိန္ဒာသတ္တာဟ (မုစလိန္ဒာကျည်းပင်အိုင်-ဆဋ္ဌမသတ္တာဟ)၊ ရာဇာယတနသတ္တာဟ(လင်းလွန်းပင်-သတ္တမသတ္တာဟ)၊ VIP နားနေဆောင်တစ်ဆောင်၊ စာအုပ်ဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်တစ်ဆောင်၊ ဘုရားပန်းဆိုင်တစ်ဆောင်၊ လက်မှတ်ဝယ်ရန်နေရာတစ်ဆောင်၊ ဖိနပ်အပ်ရန်နေရာတစ်ဆောင်၊ အများသုံးသန့်စင်ခန်း (ကျား၊ မ) နှစ်ဆောင်၊ Sand Stone သဲကျောက်ဆင်းတုတော် ၂၁၁ ဆူ၊ ကြေးသွန်းရုပ်ပွားတော် ၉၁၉ ဆူ၊ တည်းခိုဆောင်နှစ်ဆောင်တို့ကို ထည့်သွင်းတည်ဆောက်ထားပါတယ်။ ဒါ့အပြင်စေတီတော်ကြီး၏အနီးမှာ တရားစခန်းတစ်ခုလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။ တရားစခန်းနှင့်ကပ်လျက် ဥယျာဉ်ငယ်တစ်ခုလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။ စေတီတော်ကြီးမှာ ပဌာန်းရွတ်ဆိုပွဲနှစ်ကြိမ်၊ ၇ ရက်တရားစခန်းနှစ်ကြိမ် ဖွင့်လှစ်ပြီးပါပြီ။

မေး။ ။ဒီသတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးရဲ့ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ဘယ်အချိန်လောက်ကျင်းပမယ်လို့ ခန့်မှန်းထားပါသလဲခင်ဗျာ။

ဖြေ။ ။သတ္တသတ္တာဟမဟာဗောဓိစေတီတော် သတ္တဌာန မူလဌာပနာတော်နှင့် အလယ်ဌာပနာတော်တွင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၂ ခုနှစ် မေလ ၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးစီးပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ သတ္တသတ္တာဟဖြစ်တဲ့ လင်းလွန်းပင်ကို စိုက်ပျိုးပူဇော်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဇွန်လ ၂၄ ရက်မှာတော့ အဇပါလဆိတ်ကျောင်း၊ ညောင်ပင်၊ ကျည်းပင်၊ ကံ့ကော် ၁၀၂ ပင်၊ ခရေ ၁၁၂ ပင်ကို နိုင်ငံတော်သမ္မတဦးစီးပြီး အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ စုပေါင်းစိုက်ပျိုးပူဇော်ခဲ့ကြပါတယ်။ စေတီတော်ကြီး၏ ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားကို လာမယ့်ကဆုန်လပြည့်နေ့ ၂၄-၅-၂၀၁၃ ရက်မှာ ကျင်းပနိုင်ဖို့ ခန့်မှန်းထားပါတယ်။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတရွှေဉာဏ်တော်ရပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ၇ ရက်ပတ်လုံး အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေနေထိုင်တော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူပါသည်။

ထို့နောက် ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဒုတိယသတ္တသတ္တာဟအဖြစ် အနိမိသသတ္တာဟကို လူ၊နတ်၊ ဗြဟ္မာတို့၏ ဘုရားဖြစ်ခြင်းအပေါ် ယုံမှားသံသယဖြစ်ခြင်းကို ဘုရားရှင်သိတော်မူပြီး ထိုသံသယပယ်ဖျက်ရန်အလို့ငှာ ကောင်းကင်သို့ပျံတက်တော်မူ၍ ရေမီးအစုံစုံတန်ခိုး ပြာဋိဟာကို ပြတော်မူပါသည်။ အပြီးတွင် အပရာဇိတပလ္လင်တော်၏ အရှေ့မြောက်ထောင့်အရပ် ၈၄ လံအကွာတွင် ရပ်တော်မူ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူရာ အပရာဇိတပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော် မမှိတ်ဘဲ မတ်ရပ်သီတင်းသုံး၍ ကြည့်ရှုတော်မူပါသည်။

ကဆုန်လပြည့်ကျော် ၁၅ ရက်မှ နယုန်လဆန်း ၆ ရက်နေ့အထိ တတိယ ၇ ရက် ရတနာစင်္ကမသတ္တာဟအဖြစ် အပရာဇိတပလ္လင်တော်နှင့် အနိမိသစေတီတော်တို့အကြား နတ်၊ ဗြဟ္မာတို့ ဖန်ဆင်းထားသည့် အရှေ့အနောက် အတောင်၆၀ ရှည်လျားသော ရတနာစင်္ကြံတော်၌ လူးလာတုံ့ခေါက်စင်္ကြံလျှောက်လျက် သီတင်းသုံးတော်မူပါသည်။

နယုန်လဆန်း ၇ရက်မှ လဆန်း ၁၃ရက်ထိ စတုတ္ထ ၇ရက် ရတနာဃရသတ္တာဟအဖြစ် မဟာဗောဓိပင်၏ အနောက်မြောက်အရပ် နတ်၊ ဗြဟ္မာတို့ ဖန်ဆင်းထားသည့် ရတနာရွှေအိမ်တော်၌ စံတော်မူလျက် ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ်ဆင်ခြင်သည့်အခါ အသွေးတော်အသားတော်များ ပိုမိုကြည်လင်လာ၍ ရောင်ခြည်တော် (၆)သွယ် ကွန့်မြူးတော်မူပါသည်။

နယုန်လဆန်း ၁၄ရက်မှ လပြည့်ကျော် ၅ရက်နေ့ထိ ပဉ္စမ ၇ရက် အဇပါလ သတ္တာဟအဖြစ် မဟာဗောဓိပင်၏ အရှေ့အရပ် ၃၂လံကွာ၌ရှိသော ဆိတ်ကျောင်းသားများနားခိုရာ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူပါသည်။

နယုန်လပြည့်ကျော် ၆ရက်နေ့မှ ၁၂ ရက်နေ့ထိ ဆဋ္ဌမ ၇ရက်အဖြစ် မဟာဗောဓိပင်၏ အရှေ့တောင်အရပ် ၅၁လံကွာ၌ရှိသော မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူပါသည်။ ထိုအခိုက် အခါမဲ့မိုးကြီးရွာသွန်းသဖြင့် မုစလိန္ဒာနဂါးမင်းသည် ဘုရားရှင်အား အခွေ ၇ ထပ်ရစ်ပတ် ကာရန်ပြီး ဦးခေါင်းတော်ထက်၌ ပါးပျဉ်းဖြင့် ဖြန့်ကြက်ပူဇော်ထားပါသည်။

နယုန်လပြည့်ကျော် ၁၃ရက်မှ ဝါဆိုလဆန်း ၅ရက်နေ့အထိ သတ္တမ ၇ရက်တွင် ရာဇာယတနသတ္တာဟအဖြစ်မဟာဗောဓိပင်၏ တောင်ဘက် ၆၄ လံအကွာ လင်းလွန်းပင်အရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူပါသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ ပုံတူစေတီတော်ကြီး နေပြည်တော်တွင် တည်ထားကိုးကွယ်နေကြပြီဖြစ်၍ ဘုရားဖူးလာပြည်သူများလာရောက်ဖူးမြော်နိုင်ပါရန်နှင့် ဘုရားဖူးလာပြည်သူများတည်းခိုနိုင်ရန်အတွက် တည်းခိုဆောင်များနှင့် စားသောက်ဆိုင်များလည်း ဆောင်ရွက်လျက်ရှိပါသည်။

သတ္တသတ္တာဟ မဟာဗောဓိစေတီတော်တည်ဆောက်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းလိုသော ရဟန်းရှင်များပြည်သူများ အနေဖြင့် အလှူခံဌာန ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ကုသိုလ်ပြုရေးသားလိုက်ရပါသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ရွှေပညာလေ့လာသင်ကြားသူများ ပိုမိုများပြားလာ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ရွှေပညာသင်တန်း (ပညာဒါန) အမှတ်စဉ် ၁/၂၀၁၃ ကို ဖေဖော်ဝါရီ ၁ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယရဲမှူးကြီး ဦးမျိုးအောင်၊ အသင်းနာယက ဦးဘသန်း၊ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်တို့က ကဏ္ဍအလိုက် အမှာစကား ပြောကြားပေးကြသည်။ **(အောက်ပုံ)**

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ ဖြစ်သည်။ သင်တန်းတွင် ရွှေသန့်စင်နည်း၊ မီးလင်း (အခေါက်ရွှေ) ရောင်းဝယ်နည်း၊ ပန်းထိမ်အပ်နှံနည်း၊ ရွှေအရောင်းအဝယ်တွက်ချက်နည်း၊ ရွှေတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရွှေဒင်္ဂါးပြား၊ငွေဒင်္ဂါးပြားအတုအစစ်ခွဲခြားနည်း၊ ကျောက်မျက်ရတနာအကြောင်း၊ ဒီဂျစ်တယ်အလေးချိန်ဖြင့် ရွှေထည်ပစ္စည်းများအား စစ်ဆေးခြင်းပညာရပ်များအပြင် မိမိကိုယ်ပိုင်ရွှေဆိုင်တစ်ဆိုင် ဖွင့်လှစ်နိုင်သည်အထိ ရွှေလောက၌ ယနေ့နာမည်ကြီးရွှေလုပ်ငန်းပညာရှင်များက သင်ကြားပေးခြင်းဖြစ်သည်။

သင်တန်းအဖွင့်၌ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က "အသင်းကြီးအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံပြီး ၂၀၁၅ ခုနှစ် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ ASEAN FREE TRADE AREA (A.F.T.A) အတွက်လည်း ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အာဆီယံနိုင်ငံများအတွင်း စီးပွားရေးမဟာဗျူဟာ ကျခြင်းကြောင့် အရောင်းအဝယ်ဈေးကွက်ရဲ့ဗဟိုဌာနအဖြစ် ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရွှေပညာနဲ့ ပတ်သက်ရင် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ပြီး ရောင်းဝယ်နိုင်အောင် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ရွှေပညာကို စိတ်ပါဝင်စားတဲ့ လူငယ်တွေကို အခုရွှေပညာအမွေအဖြစ် စေတနာသက်သက်နဲ့ ဖြန့်ဝေပေးနေတာဖြစ်ပါတယ်" ဟု ဆိုခဲ့ပါသည်။

ယခုအခါ ရွှေပညာအပေါ် အသက်အရွယ်စုံက စိတ်ဝင်တစားလေ့လာသင်ယူနေကြသည်။ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းအပေါ် အပတ်စဉ်အလိုက် တက်ရောက်သူများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။

၂၀၁၂ ခုနှစ်အတွင်းက ရွှေပညာဒါနသင်တန်းအပတ်စဉ်လေးကြိမ်နှင့် တိုင်းဒေသကြီး၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာတို့မှ ပြုလုပ်သော သင်တန်းအပါအဝင် သင်တန်းသားသင်တန်းသူ ၂၀၀ ကျော်တို့အား ရွှေပညာဆင့်ပွားအမွေပေးဝေပြီး ဖြစ်သည်။ မြန်မာ့ရွှေလောကနှင့် ကျောက်မျက်ရတနာတို့အကြောင်း စိတ်ဝင်စားသူများအတွက် ရွှေသတင်းအဖြစ် ဖြန့်ခင်းရေးသားလိုက်ရပါတော့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

စင်ကာပူ ကျောက်မျက်ရတနာပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

စင်ကာပူသမ္မတနိုင်ငံတွင် ဇူလိုင် ၄ ရက်မှ ၇ရက် အထိ ကျင်းပမည့် Singapore International Jewellery Expo 2013ပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်ပြသနိုင်ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

ပြပွဲသို့ သွားရောက်ပြသခြင်းဖြင့် ဖက်ရှင်အလှဆင်လုပ်ငန်း၊ ကျောက်မျက်ရတနာနှင့် ပတ်သက်သော ဒီဇိုင်းအမျိုးမျိုး၊ လက်မှုထွက်ကုန်ပစ္စည်းအမျိုးမျိုးကို လေ့လာခွင့်ရရှိပြီး နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ပြပွဲသို့ ဝင်ရောက်ပြသလိုပါက မိမိစရိတ်ဖြင့် တက်ရောက်ရမည်ဖြစ်သည်။ ပါဝင်ပြသမည့်ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအမည်စာရင်းတို့ကို ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(မော်မော်)**

အင်းစိန်ဈေးကြီး၌ ရွှေထည်ပစ္စည်းများ ဝယ်ယူဟန်ဆောင်ကာ ခိုးယူ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်ဈေးရုံကြီးအတွင်းရှိ ဆိုင်အမှတ်(၆) ကြည်စင်ရွှေဆိုင်မှ အမည်မသိသူနှစ်ဦး ရွှေထည်ပစ္စည်းများဝယ်ယူဟန်ပြုကာ ရွှေထည်ပစ္စည်းမျိုးစုံတန်ဖိုး ငွေကျပ် ၄၅ သိန်းကျော်ခန့် ခိုးယူသွားခဲ့သည်။

အမှုဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခန့်က ဆိုင်ရှင် ဒေါ်ဝင်းဝင်းသန်းနှင့် အရောင်းဝန်ထမ်း မဝတ်ရည်နှင်းတို့ ဆိုင်ဖွင့်နေစဉ် အမည်မသိ လူမြင်လျှင်မှတ်မိ အသားဖြူပြီး ရုပ်ရည်သန့်ပြန့်ကာ ဘောင်းဘီရှည်ဝတ်ဆင်ထားသူ ယောကျ်ားနှစ်ဦးရောက်ရှိလာပြီး ငွေကျပ် လေးသောင်းတန်ဖိုးရှိ နားကပ်တစ်ရန်ဝယ်စဉ် နှစ်ဦးအနက်မှ အရပ်အနည်းငယ်ပုသူမှ ရေသောက်ချင်ကြောင်း ပြောသဖြင့် ရေသန့်ဘူး နှစ်ဘူးဝယ်ပေးလိုက်ရာ ၎င်းတို့သည် ရေသန့်ဘူးများယူ၍ ထွက်သွားခဲ့ကြသည်။ ယင်းဝယ်သူနှစ်ဦး ထွက်သွားပြီးနောက် ဆိုင်ရှင်မှ ဆိုင်ခင်းရန်နှင့် နားကပ်ဝယ်ယူသွားသူနှစ်ဦးအား မသင်္ကာသဖြင့် ကော်ဘူးထဲတွင်ထည့်ထားသည့် ရွှေထည်ပစ္စည်းများကို စစ်ဆေးရာ ရွှေဆွဲကြိုးပုံစံအမျိုးမျိုး ၂၂ ကုံး တန်ဖိုးအားဖြင့် ၄၅ သိန်းကျော်ခန့် ပျောက်ဆုံးသွားသဖြင့် အင်းစိန်ဈေးကြီးရှိ စည်ပင်သာယာရုံးမှတစ်ဆင့် အင်းစိန်ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အင်းစိန်ရဲစခန်းမှ အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

မြင့်ဦး(အင်းစိန်)

မီးသတိပြု

မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း(ကုန်စည်ဒိုင်)သို့ နေ့စဉ်ဆန်အိတ်ရေ ငါးသောင်းကျော်ဝင်နေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၁၃ ခုနှစ် ဇန်နဝါရီလ တတိယပတ်လောက်မှစပြီး ဧည့်မထ၊ ငစိန် အုပ်စုဝင်ဆန်များ ပြည်တွင်းဈေးကွက်တွင် ဈေးအနည်းငယ်မြင့်တက်လာသော်လည်း ပေါ်ဆန်းနှင့် ငကြွဲဆန်တို့မှာ အတက်အကျမရှိ ဈေးငြိမ်ပြီး ဝယ်လက်အေးလျက်ရှိကြောင်း၊

ဦးအောင်သန်းဦး (မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ)

အုပ်စုဝင်စပါးများ စိုက်တာများပြီး ဧည့်မထ၊ ငစိန် အုပ်စုဝင်စပါးများ စိုက်ဧကနည်းခဲ့သည့်အတွက်လည်း ဖြစ်ကြောင်း၊ ဝယ်ယူမှုပမာဏများလျှင် ဈေးမြင့်လာသည်မှာ သဘာဝပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသူတောင်သူလယ်သမားများအနေဖြင့် ဈေးကွက်ဝင်အထွက်ကောင်းမျိုးများ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်းကို မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ရှစ်မြို့နယ်ဖြစ်သော ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်ကျွန်း၊ ကျိုက်လတ်၊ လပွတ္တာ၊ ဝါးခယ်မ၊ မြောင်းမြနှင့် ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ဆိပ်ကမ်း၊ အင်းစိန်ဆိပ်ကမ်းတို့မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း ၁၀၈ ပေါင် တစ်တင်းခွဲဝင်ဆန်အိတ်ပေါင်း ၁၃၅၀၃၂၃ အိတ်ဝင်ရောက်ခဲ့ရာ တစ်ရက်ပျမ်းမျှ ၅၀၀၁၂ အိတ်ဝင်ရောက်ကြောင်း သိရှိရသည်။ ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ်မှ ဆန်အိတ်ပေါင်း ၂၀၉၆၄၈ အိတ်အများဆုံး ဝင်ရောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ဆိပ်ကမ်းမှ ဆန်အိတ်ပေါင်း ၃၄၈၄၆၉ အိတ်အများဆုံး ဝင်ရောက်ခဲ့သည်။ ဖေဖော်ဝါရီ ၄ ရက် တစ်နေ့တည်းမှာပင် ဆန်အဟောင်းရော အသစ်ပါ ဆန်အိတ်ရေ ၆၈၄၁၀ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၅ ရက်က ဖျာပုံ ဧည့်မထဆန် ကုန်စည်ဒိုင်လက်ကားဈေးတစ်အိတ် ငွေကျပ် ၁၅၅၀၀ မှ ၁၆၅၀၀၊ ငစိန်ဆန် ငွေကျပ် ၁၄၅၀၀မှ ၁၅၅၀၀၊ ပေါ်ဆန်း (ရှယ်) ငွေကျပ် ၁၉၅၀၀ မှ ၂၀၀၀၀၊ ပေါ်ကွဲ (ဘေးကြား) ငွေကျပ် ၁၆၀၀၀၊ ရွှေဘိုဆန်အသစ် ငွေကျပ် ၂၈၀၀၀မှ ၂၉၀၀၀၊ ဆန်အဟောင်း ငွေကျပ် ၃၅၅၀၀ မှ ၃၆၅၀၀ နှုန်းရှိသည်။ ဆန်အကျိုးတော်ဆောင် ဦးဝင်းဦးက "အရင်ရွှေဘိုဆန်မရှိဘူး၊ အခုတော့ ရွှေဘိုဆန်ရှိလာပြီ၊ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း နှွေစပါး၊ မိုးစပါးတွေ စိုက်လာကြတော့ စပါးအထွက်များပြီး ဆန်အထွက်လည်း များလာတာပေါ့၊ ဈေးအတက်အကျက အလွန်အကျွံမရှိပါဘူး။ တစ်အိတ်ကို ငွေကျပ် ၅၀၀မှ ၁၀၀၀ လောက်ပါ" ဟု ပြောပြသည်။

ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း (ကုန်စည်ဒိုင်)မှ သိရှိရသည်။ ကုန်စည်ဒိုင်အတွင်း ရောင်းသူနှင့် ဝယ်ယူသူတို့ တိုက်ရိုက်တွေ့ဆုံ ဈေးညှိနှိုင်းဝယ်ယူနေကြရာ ဆန်သားကို အိုးငယ်လေးများဖြင့် လက်တွေ့ထမင်းချက်ပြသပြီး စစ်ဆေးကြည့်ရှုဝယ်ယူနေကြသည်ကိုလည်း တွေ့ရသည်။

ဧည့်မထအုပ်စုနှင့် ငစိန်အုပ်စုဝင်ဆန်များကို တရုတ်ပြည်နယ်စပ်ကုန်သွယ်ရေးစခန်းမှနေပြီး ဆန်တန်ချိန် ခုနစ်သိန်းနှင့်ပင်လယ်ရေကြောင်းမှနေ၍ ဆန်တန်ချိန်လေးသိန်းတင်ပို့ခဲ့သည့်အတွက် နိုင်ငံရပ်ခြားမှ ဝယ်ယူအားများပြီး ပြည်တွင်းမှာ ဈေးအနည်းငယ်မြင့်တက်သွားခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ယခုပြီးခဲ့သည့် စပါးရာသီတွင် ပေါ်ကွဲနှင့် ပေါ်ဆန်း

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း(ကုန်စည်ဒိုင်)တွင် ရောင်းသူနှင့်ဝယ်သူတို့ တိုက်ရိုက်တွေ့ဆုံညှိနှိုင်းဝယ်ယူနေကြစဉ်။

တောင်အာဖရိက ကမ်းလွန်ပင်လယ်ပြင်၌ ဒုက္ခရောက်ခဲ့သည့်သင်္ဘောသားနှစ်ဦး မြန်မာသံရုံးနှင့် MSF တို့ ကူညီမှုဖြင့် ပြန်လည်ရောက်ရှိခဲ့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတကာ ပင်လယ်ပြင်တွင် မြန်မာသင်္ဘောသားများစွာတို့ သင်္ဘောလိုင်းအသီးသီး၌ အလုပ်လုပ်ကိုင်လျက်ရှိသည်။ အဆင်ပြေသူများရှိသလို ဒုက္ခမျိုးစုံကြုံတွေ့ရသူများလည်း ရှိနေရာ နိုင်ငံတကာ ငါးဖမ်းသင်္ဘောတစ်စင်းပေါ်တွင် ဒုက္ခကြုံတွေ့ပြီး အသက်ဘေးမှကံကောင်းစွာ လွတ်မြောက်လာခဲ့သည့်မြန်မာသင်္ဘောသားလူငယ်နှစ်ဦးနှင့် ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနပဟိုတယ် တတိယထပ်ရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ (MSF) ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

မြန်မာနိုင်ငံမှ မောင်လင်းထိုက်အောင်နှင့် မောင်ခန့်လင်းမောင်တို့ နှစ်ဦးသည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ကျိုက်တော်အိမ်ရာရှိ သင်္ဘောသားအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုမှ ယုံကြည်အောင် မက်လုံးပေးပြောကြားမှုများကြောင့် နိုင်ငံတကာ ငါးဖမ်းသင်္ဘောကြီး တစ်စင်းတွင် အလုပ်အကိုင်သက်သာစွာ၊ အနေအထိုင် ကောင်းမွန်စွာနှင့် ထိုက်တန်သော လုပ်ခလစာများရရှိမည်ဟု မျှော်လင့်ချက်များဖြင့် မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၆ ရက်မှ ထွက်ခွာခဲ့ကြသည်။

“ကျွန်တော်တို့ တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့မှာ သတင်းတစ်ပတ်လောက် စောင့်ဆိုင်းပြီးငါးဖမ်းသင်္ဘောအသေးတစ်စင်းပေါ်ကို ခေါ်သွားတယ်။ အဲဒီ သင်္ဘောပေါ်ရောက်တာနဲ့ ကြိုးရမ်းကြိုးချည်နည်းတွေ သင်ရတယ်။ ဘာသာစကားမပေါက်၊ သူတို့ရဲ့ ကြမ်းတမ်းတဲ့စရိုက်တွေက ကျွန်တော်တို့ကို တုတ်နဲ့ရိုက်၊ ခြေထောက်နဲ့ ကန်၊ ပါးတွေရိုက်နဲ့ နှိပ်စက်တော့တာပဲ။ အစားအသောက်ကလည်း နံနက်ပိုင်းဆန်ပြုတ်၊ ဂေါ်ဖီကြော်ပဲစားရသလို ကျန်တဲ့နံနက်စာ

မောင်ခန့်လင်းမောင်

ညစာတွေဆိုရင်လည်း မစားရတဲ့ရက်တွေများတယ်။ အိပ်ရင်လည်း တစ်နေ့ နာရီနည်းနည်းပဲအိပ်ရတာမို့ တကယ့်ငရဲပြည်ပါပဲ”ဟု မောင်လင်းထိုက်အောင်က ပြောပြသည်။

သူတို့နှစ်ဦးသည် သင်္ဘောတစ်စင်းတည်းဖြစ်ပြီး နေ့စဉ်နှင့်အမျှ အရိုက်အနှက်ခံခဲ့ကြရသည်။ ထိုသို့ ရိုက်နှက်ခံရသဖြင့် သေဆုံးသွားသူများကို ညအချိန်၌ ပင်လယ်အတွင်း ပစ်ချကြသည်။ ပင်လယ်ပြင်ထဲတွင် တစ်နေ့ နာရီ ၂၀ မျှ နေ့စဉ် ပင်ပန်းစွာ အလုပ်လုပ်ကိုင်ခဲ့ကြရသည်။

“အဲဒီငါးဖမ်း သင်္ဘောပေါ်ရောက်တာနဲ့ သင်္ဘောပေါ်မှာရှိနေတဲ့ သူတွေကစပြီး ရိုက်နှက်ကြတာပါ။ အစားအသောက် မကောင်းတဲ့အပြင် လူတစ်ကိုယ်စာ နေရာမှာအိပ်ရလို့ ကြာတော့ ကျန်းမာရေးထိခိုက်ပြီး နေမကောင်း ဖြစ်လာတယ်။ ဒါပေမယ့်

မောင်လင်းထိုက်အောင်

အတင်းရိုက်နှက်ပြီး အလုပ်လုပ်ခိုင်းလို့ လုပ်ခဲ့ရတာတွေလည်း အကြိမ်အများကြီးဖြစ်ပါတယ်”ဟု မောင်ခန့်လင်းမောင်ကလည်း ပြောပြသည်။

နောက်ဆုံး မည်သို့မျှမခံစားနိုင်တော့သဖြင့် ၎င်းတို့သင်္ဘောပေါ်တွင် ပါရှိသည့် မြန်မာသင်္ဘောသား တစ်ဦးကို ကမ်းကပ်သည့်အခါ တယ်လီဖုန်းဖြင့် ရန်ကုန်မြို့ရှိ မိခင်ထံသို့ အကြောင်း ကြားခိုင်းခဲ့ရာမှ မိခင်ဖြစ်သူက နေရာအသီးသီးသို့ ဆက်သွယ်အကူအညီတောင်းပြီး နောက်ဆုံး မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်သို့ ဆက်သွယ်အကြောင်းကြား အကူအညီတောင်းခံခဲ့သည်။

“ ကျွန်မ အဲဒီလိုအကြောင်းကြား အကူအညီတောင်းတော့ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် တာဝန်ရှိသူတွေက ချက်ချင်းအရေးတယူနဲ့ လိုက်လံချိတ်ဆက်ပြီး အကူအညီတောင်းပေးပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား၊ အလုပ်သမားများအဖွဲ့ချုပ်နဲ့ တောင်အာဖရိကမှ မြန်မာသံရုံးက သံအမတ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်” ဟု မောင်လင်းထိုက်အောင်၏ မိခင်ဖြစ်သူ ဒေါ်နွယ်နီတင်က ပြောကြားသည်။

ယခုအဖြစ်အပျက်ကို မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ်က သံတမန်ရေးရာ ဦးစီးဌာနသို့ အကြောင်းကြားပြီး တောင်အာဖရိကနိုင်ငံ ဗစ်တိုးရီးယားမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ အကြောင်းကြားခဲ့ရာမှ မြန်မာသံအမတ်ကြီးကလည်း အကူအညီ တက်တက်ကြွကြွ ပေးခဲ့သဖြင့် ၎င်းတို့နှစ်ဦးမြန်မာနိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာကြခြင်း ဖြစ်သည်။

“ကျွန်တော်တို့အနေနဲ့ ပင်လယ်ပြင်မှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာသင်္ဘောသားတွေကို အခက်အခဲတွေ ဖော်ထုတ်ပေးဖို့နဲ့ အကူအညီပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်” ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ်၏ သင်္ဘောသားရေးရာကော်မတီဥက္ကဋ္ဌ ဦးစံသိန်းက ပြောကြားသည်။

ယခုအခါ မဟုတ်မမှန် လိမ်ညာပို့ဆောင်ခဲ့သည့် အေဂျင်စီအား လိုအပ်သည့် တိုင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒုက္ခကြုံတွေ့ခဲ့ရသည့် သင်္ဘောသား မိသားစုများက ပြောကြားသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကျန်းမာရေးဆပ်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

(၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် စီမံချက်များရေးဆွဲ၍လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အမှတ် (၇) တည်းခိုရေးစခန်း၏ ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စရပ်များကို ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုးနွယ်ဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စု ကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အစားအသောက်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ကိစ္စရပ်များကို ပိုမိုအလေးထားဂရုစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်များရယူခြင်းအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ချက်ချင်းပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဆေးခန်းများအနေဖြင့် အနောက်တိုင်းဆေးကုသခန်းနှင့် တိုင်းရင်းဆေးကုသခန်းတို့ ဖွင့်လှစ်ထားရှိကြောင်းဖြင့် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖေဖော်ဝါရီ ၅ ရက်နံနက် ၁၀ နာရီက ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကျန်းမာရေးဆပ်ကော်မတီ အစည်းအဝေးတွင် ပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးဆပ်ကော်မတီ၏ ကုသရေးလုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ အစားအသောက် စစ်ဆေးရေးနှင့် ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများ၊ ရေထွက်ပင်ရင်းများကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာသုံးစက်ကိရိယာ တောင်သူပညာပေးပြပွဲ

ရမည်းသင်း ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လယ်ယာသုံးစက်ကိရိယာ တောင်သူပညာပေးပြပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနရုံး၌ ကျင်းပရာ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးကြည်သန်းက တက်ရောက်အားပေးကြသည့် တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ၏ အသုံးချနိုင်မှုကို ရှင်းလင်းပြသရာ တောင်သူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်းသိရှိရသည်။ **(အောက်ပုံ)** (၄၁၆)

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၆ မျိုးချစ်တပ်မတော်
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ **ရှာ** ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၅)
မြတ်ပါသေးတယ်
ယောက်ဖရယ်
သူရဇ္ဇ၊ နိုင်ဝင်း၊ လွင်ဘုန်းအောင်၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
တိမ်လွှာထက်ကဖန်ရဲတိုက်
(အပိုင်း -၂၃)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ပြည်သူ့တရားရှင်
ပေါင်ချိန်
(အပိုင်း-၇)
- မြဝတီရုပ်မြင်သံကြားသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဂုဏ်ရည်မတူ
(အပိုင်း-၆၆)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရှိ မှိုင်းခံရော်ဘာ ၅၀၂ ဒသမ ၈ မက်ထရစ်တန်အား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၈-၂-၂၀၁၃ရက် (သောကြာနေ့)
၃။ တင်ဒါပိတ်မည့်ရက် - ၁၅-၂-၂၀၁၃ရက် (သောကြာနေ့)
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၅၀၊ နေပြည်တော်၊
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၂၀၃၊ ၀၆၇-၄၃၁၁၀၇

မွေးနေ့ဆုတောင်း

ချစ်သော ကာရဲ့ ၈-၂-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသူများနှင့် အသက်ထက်ဆုံး ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ။

Piggy

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ မြေကွက်အမှတ် (၃၀၉/က) မြေဧရိယာစတုရန်းပေ၂၄၀၀ မြေကွက်ထဲမှ ခြေရင်းဘက်အခြမ်း (၁၃ပေ ၄လက်မ) အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ အမှတ် (၃၀၉/က) ဗလ္လိက(၁၂)လမ်းဟုခေါ်တွင်သည့် ရေမီးအစုံ တစ်ထပ်၊ ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ ဆက်စပ်စာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်နေထိုင်သူထံမှ ကျွန်ုပ် ဒေါ်မြင့်မြင့်စိုး ၉/မမန(နိုင်)၀၈၂၀၁၂က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်မြင့်မြင့်စိုး
အမှတ်(၃၀၈/ဂ)၊ ဗလ္လိက(၁၂)လမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၁၃၉၃၉၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း ၁၆ မျိုး
(ခ) လက်သုံးကိရိယာ ၃ မျိုး
(ဂ) ဘက်ထရီ ၁ မျိုး (အရေအတွက် ၃၀ လုံး)
(ဃ) တာယာဆိုဒ်မျိုးစုံ ၉ မျိုး (အရေအတွက် ၂၄၅ လုံး)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၂-၂၀၁၃ ရက်မှ ၁၈-၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆ နာရီအတွင်း အောက်ပါဌာနများတွင် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းတစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်
(ခ) စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၂-၂၀၁၃ ရက် ၁၃ နာရီမှ ၁၄ နာရီအတွင်း၊ ရုံးအမှတ် ၃၂၊ နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ၏ ရှေ့မှောက်၌ (တင်ဒါအောင်မြင်သည့်အခါ စာချုပ်ချုပ်ဆိုနိုင်မည့်သူ) ကိုယ်တိုင်လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်နှင့် လိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ၀၆၇-၄၀၆၁၆၇၊ ရုံးအမှတ် ၃၂၊ နေပြည်တော်
(ခ) ၀၁-၆၅၁၀၃၉၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့။

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ (၈၀/၁၀၀)	၁၂၈၉ ဒသမ ၁၁ တန် (၆၇၀ ဒသမ ၁၁ တန်+၆၁၉ တန်)

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄း၃၀ နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန် - နံနက် ၁၁ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အင်ဂျင်နီယာမှူးကြီးရုံး
ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၁၅၃

ထုပ်ပိုးပစ္စည်း အဝယ်တင်ဒါ (မြန်မာကျပ်ငွေဖြင့်)

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - (33x27x23)cm Printed Carton Box(20's) ခုရေ ၆၀၀၀၀
၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၀-၂-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - အမှတ်(၂) ဆေးဝါးစက်ရုံ (အင်းရောင်း)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန	၀၆၇-၄၀၈၃၅၄
နေပြည်တော်	

ပြည်တွင်းသတင်းနှင့် အားကစား

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးရောက်ရှိပြီး ဌာနဆိုင်ရာများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်လျက်ရှိသည့် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသခံပြည်သူများမှ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ ကျောင်းသား ကျောင်းသူများအား သန့်ရှင်းလတ်ဆတ်သော နို့နှင့် မုန့်များ တိုက်ကျွေးခဲ့သည်။

ဆွေးနွေးမှာကြား

ထို့နောက် ဂျပန်နိုင်ငံ MUGEN Co., Ltd. မှ မူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် စတုတ္ထအကြိမ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို မြို့မိမြို့ဖ ဦးသိန်းအောင်ထံပေးအပ်ခဲ့သည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၅ ရက်တွင်လည်း ကောလင်းမြို့ရှိ ဌာနဆိုင်ရာများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘာကီနာဖာဆို ဗိုလ်လုပွဲတက်ပြီ

အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိရာ ဘာကီနာဖာဆိုအသင်းက ဂါနာအသင်းကို ပယ်နယ်တီဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ပုံမှန်အချိန်နှင့် အချိန်ပိုတို့တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့၍ ပယ်နယ်တီကန်သွင်းကြရာ ဘာကီနာဖာဆိုက ပယ်နယ်တီသုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်လာသည်။ ဘာကီနာဖာဆိုအသင်းသည် ဗိုလ်လုပွဲအဖြစ် မာလီကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် နိုင်ဂျီးရီးယားနှင့် ကစားရမည်ဖြစ်သည်။

အင်္ဂလန်က ဘရာဇီးကိုနိုင်ပြီ

အင်္ဂလန်ဘောလုံးအသင်းနှင့် ဘရာဇီးအသင်းတို့သည် ဖေဖော်ဝါရီ ၆ ရက်က ဝင်ဘလေကွင်း၌ ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းအနိုင်ရမှုသည် ၂၃ နှစ်အတွင်း အင်္ဂလန်က ဘရာဇီးကို ပထမဆုံးအကြိမ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းအတွက် ဂိုးများကို ရွန်းနေးနှင့် လမ်းပတ်တို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။

ချီလီအိုးပင်း နာဒယ်အနိုင်ရ

စပိန်နာမည်ကြီးတင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ရှစ်လကြာ အနားယူခဲ့ပြီးနောက် ချီလီအိုးပင်းတစ်ဦးချင်းပြိုင်ပွဲတွင် အာဂျင်တီးနားမှ ဒယ်လ်ဘိုနစ်အား ၆-၃၊ ၆-၂ ဖြင့် အနိုင်ရလိုက်သည်။ နာဒယ်သည် နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း အနိုင်ကစားနိုင်ခဲ့သည်။ အသက် ၂၆ နှစ်ရှိ နာဒယ်သည် ဇန်နဝါရီလက ကျင်းပပြီးစီးသွားသော ဩစတြေးလျအိုးပင်းတွင်လည်း ဝမ်းရောဂါကြောင့် ပြိုင်ပွဲနှင့် လွဲခဲ့ရသည်။

ကောင်းမြတ်သူ - စုစည်းသည်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မွမ်းမံသင်တန်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းအသီးသီးမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအတွက် မွမ်းမံသင်တန်းအမှတ်စဉ် (၁၃/ ၂၀၁၃)ကို ဇန်နဝါရီ ၁၅ ရက်တွင် ဖွင့်လှစ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ပိုမိုတိုးတက်ရေး၊ ပြည်သူများနှင့် နေ့စဉ်ထိတွေ့နေရသူများဖြစ်သဖြင့် ထားရှိသင့်သော စိတ်နေသဘောထားများ ထားရှိရေး၊ ယာဉ်တိုက်ခိုက်မှု၊ တိမ်းမှောက်မှု လျော့နည်းရေး စသည်တို့ကို မထသမှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းမှ တာဝန်ရှိသူများနှင့် ပညာရှင်များက ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ယာဉ်မောင်း ၅၅ ဦး (ယာဉ်ပိုင်ရှင်တစ်ဦးအပါအဝင်)၊ ယာဉ်နောက်လိုက် ၈၄ ဦး ပေါင်း ၁၃၉ ဦး တက်ရောက်ခဲ့ကြသည်။ ယာဉ်လိုင်းများတွင် တာဝန်ထမ်းဆောင်သည့် ကာလနှစ်နှစ် မပြည့်သေးသည့် ယာဉ်လုပ်သားများအတွက် တနင်္ဂနွေတစ်ရက်သာ ဖွင့်လှစ်မည့်အခြေခံသင်တန်း အမှတ်စဉ် (၁၆/၂၀၁၃) ကိုလည်း ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအနေဖြင့် ပြည်သူများနှင့် တွေ့ထိရာတွင် ဆက်ဆံမှုကောင်းမွန်သည့်အပြင် မထားရှိသင့်သည့် အပြုအမူနှင့် စိတ်ဓာတ်များ ပြုပြင်ပြောင်းလဲစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမိုလိုက်နာတတ်စေရန် ရည်ရွယ်၍ ဤသင်တန်းများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် မထသ (ဗဟို) အနေဖြင့် စစ်ဆေးရေးအဖွဲ့ ရှစ်ဖွဲ့ထားကာ တစ်ပတ်လျှင်နှစ်ကြိမ် သက်ဆိုင်ရာယာဉ်လိုင်းများ၌ စစ်ဆေးအရေးယူဆောင်ရွက်မှုများ ပြုလျက်ရှိကြောင်း သိရသည်။

(ဝင်းဝင်းမော်)

နေအိမ်အတွင်း၌ ဘိန်းဖြူများ တွေ့ရှိ၍ အလုပ်နှင့်ထောင်ဒဏ်ချမှတ်

ဗန်းမော် ဖေဖော်ဝါရီ ၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် တရားရုံးက မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူတစ်ဦးအား ထောင်ဒဏ်စီရင်ချက်အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်မြင့်ဝင်းနှင့် အဖွဲ့သည် သက်သေများနှင့်အတူ သာစည်ရပ်ကွက် ကိုခွန်ဆိုင်းအိမ်သို့ ဝင်ရောက်ရှာဖွေကြရာ နေအိမ်အိပ်ခန်းခုတင်အောက် မုန့်ပုံး(သံပုံး)အတွင်း၌ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၀ ဒသမ ၄ ဂရမ်ခန့်စီပါ ပင်နီဆီလင်ပုလင်းရှစ်လုံး(အလေးချိန် ၃ ဒသမ ၂ ဂရမ်ခန့်)နှင့် နံရံတွင် ချိတ်ဆွဲထားသည့် ကိုခွန်ဆိုင်း၏ရှပ်အင်္ကျီအိတ်ထဲမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၀ ဒသမ ၁ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး စုစုပေါင်းအလေးချိန် ၃ ဒသမ ၃ ဂရမ်ကို ရှာဖွေတွေ့ရှိသဖြင့် ဗန်းမော်ရဲစခန်းက အမှုဖွင့်ပြီး ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

ဗန်းမော်ခရိုင်တရားရုံးက အမှုအား ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကိုခွန်ဆိုင်း (၃၈) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် ဇန်နဝါရီ ၂၃ ရက်က အမိန့်ချမှတ်ခဲ့ကြောင်းသိရှိရသည်။ **(ဆီမီးခုံ-နန်းရီ)**

ချဲထီဒိုင် ဖမ်းမိ

နတ်မောက် ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေနှစ်ဦးလိုက်ပါလျက် ဇန်နဝါရီ ၃၁ ရက်က နတ်မောက်မြို့နယ် တဲကြီးကျေးရွာနေ မယ်သီ အသက် (၄၃)နှစ်ထံမှ သုံးလုံးချဲထီလောင်းကစား ပြုလုပ်သော စာရွက်စာတမ်းများနှင့် ငွေများ ဖမ်းဆီးရမိသည်။ အလားတူ နတ်မောက်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဇင်မော်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေနှစ်ဦးလိုက်ပါလျက် နတ်မောက်မြို့နယ် တဲကြီးကျေးရွာအတွင်း သတင်းအရ တပ်ဖွဲ့ခွဲ၍ ဝင်ရောက်ဖမ်းဆီးရာ အောင်ငွေး အသက်(၃၁)နှစ်နှင့် တစ်ရပ်တည်းနေ လောင်းကစားဒိုင်နှစ်ဦးအား သုံးလုံးချဲထီ လောင်းကစားပြုလုပ်သောစာရွက်စာတမ်းများနှင့် ငွေစက္ကူရောရာ ငွေကျပ် ၁၈၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိ၍ ၎င်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

(နတ်မောက်သား)

စိတ်ဝေဒနာရှင် သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲခန့်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် စစ်တောင်းလမ်းအရှေ့ဘက် ယူကလစ်တောထဲ၌ ပုပ်ပွနေသော အလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ ထုံးဘိုရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ပုဗ္ဗသီရိမြို့နယ် မီးရထား အိမ်ရာဝင်းနေ လှမျိုးအောင် ၂၅ နှစ်ဖြစ်ကြောင်း၊ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ပြီး ၎င်းဝတ်ဆင်သော ပုဆိုးဖြင့် ကြိုးဆွဲချသေဆုံးနေခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကချင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ (၂၅)၊(၅၀)၊(၁၀၀) ခုတင်ဆံ့ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၁၄-၂-၂၀၁၃ ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၂-၂၀၁၃ရက်၊ ညနေ ၁၆:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊
ဖုန်း-၀၇၄-၂၂၃၄၂၊ ၀၇၄-၂၂၃၀၇

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၀၅

ဦးအောင်ခိုင် နှင့် ၁။ ဦးသန်းထွန်း
၂။ ဒေါ်မြသီတာ
အမှတ် ၃၅၊ ၆၅လမ်းသွယ်၊
(၇)ရပ်ကွက်၊ လှိုင်မြို့နယ်။

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၂ခုနှစ် အောက်တိုဘာ ၁၅ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၉၉/၂၀၁၂ ၏ အမိန့်ကိုပြင်ဆင်မှု

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူအမှတ်(၂)ဒေါ်မြသီတာ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် မတ် ၁ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဟံသာဝတီခရိုင်၊ သန်လျင်မြို့၊ အညာစုရပ်ကွက်၊ အမှတ် (၇)၊ ဦးပိုင်အမှတ် (၁၅၃/က)၊ သောက်တော်တွင်းကျေးရွာအုပ်စု၊ ဒေါ်မအုံအမည်ပေါက် မြေကွက်နံပါတ်(အယ်လ်)အမှုတွဲအမှတ် $\frac{\text{ဒီ-အို၊ နံပါတ်၊ ၉၈V}}{\text{၁၉၅၉-၆၀}}$၊ မြေအကျယ်ပေ(၃၀×၈၀)ရှိ မီးပါရှိသည့် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသော ဒေါ်လှဲလှဲဝင်း ၁၂/ကမရ(နိုင်)၀၄၀၅၆၄နှင့် ဒေါ်မြတ်သူ ၁၂/ကမရ(နိုင်)၀၀၀၄၅၆တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူပြီးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ မည်သူမဆိုဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ငြိမ်းငြိမ်း၏ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(စဉ်-၆၆၀၅) **ဒေါ်ညီမ်းစန္ဒာဖြိုး(စဉ်-၃၆၅၃၀)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ်(၅/၁၄၃)၊ ဗိုလ်မှူးဗထူးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၅၄၀၇၂၂၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ လူနေရပ်ကွက်အမှတ် (FMI CITY)၊ မြေကွက်အမှတ် (၃၀)၊ ဧရိယာ ၀ဒသမ၁၁၀ဧက၊ ပေ(၆၀×၈၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (H ၁၃၅)၊ ရွှေသရဖီ (၄)လမ်း၊ (၄)ရပ်ကွက် ပဒေသာပင်မြို့တော်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မူလအမည်ပေါက် ဒေါ်ခင်ရီ (အဖ-ဦးလှမောင်)၏ အထူးကိုယ်စားလှယ်လွှဲစာရရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ၂၇-၁-၂၀၁၃ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီး ဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၆၆)၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၁၆၁/အီး-ဒီ)၊ မြေညီထပ်၊ (ဟောင်ကောင်နှစ်လွှာ)တိုက်ခန်းနှင့်ယင်းတိုက်ခန်းရှိ တယ်လီဖုန်းအမှတ် ၂၀၉၂၃၂၊ ရေမီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမြသီတာ ၁၂/ပဘတ(နိုင်)၀၂၆၀၀၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမာမက်ရှရစ် ၁၂/သကတ(နိုင်)၁၁၆၈၄၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကိုပေးချေထားပြီးဖြစ်ပါသဖြင့် ဤတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို **ဒေါ်အိမ့်ဖြူနိုင်**
LL.B **LL.B, D.B.L, D.M.L**
(စဉ်-၂၃၂၉၉) **(စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ**
အာရှမြေ အိမ်-ခြံ-မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

နိုင်ငံတကာအားကစားသတင်း

ကာဒစ်ဖ်တို့အမှတ်ပြည့်ရဖို့ ကြိုးစားရမယ့် ချန်ပီယံရှစ်ပွဲစဉ်(၃၁)

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်(၃၁) ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ တန်းတက်ရေး ကြိုးစားနေတဲ့အသင်းတွေရဲ့ ခြေကုန်ထုတ်မှုတွေနဲ့ တန်းမဆင်းရရေး ရင်ပွင့်မတတ်အားထုတ်နေကြရတဲ့ အသင်းတွေကြောင့် ပွဲစဉ်တိုင်းကတော့ ပရိသတ်အားပေးသံတွေနဲ့ စည်ဝေလျက်ရှိပါတယ်။ အမှတ်ပြည့်ရယူရေး ကြိုးစားမယ့်အသင်းတွေရဲ့ ယှဉ်ပြိုင်ရုန်းကန်မှုတွေကို ဒီတစ်ပတ်ပွဲစဉ်တွေမှာ မြင်တွေ့အားပေးကြရဦးမှာပဲဖြစ်ပါတယ်။

ဝက်ဖို့ဒ်နှင့် ခရစ္စတယ်ပဲလေ့စ်

ပထမအကျော့ ပွဲစဉ်မှာလည်း အဝေးကွင်းမှာ ဝက်ဖို့ဒ်တို့ အနိုင်ယူထားခဲ့တာမို့ အခုပွဲမှာလည်း အိမ်ကွင်းမှာ ဝက်ဖို့ဒ်တို့ အားသာချက်ရှိနေတာတော့အမှန်ပါပဲ။ ကစားအားကောင်းပြီး အမှတ်တွေ ဆက်တိုက်ရယူနိုင်တဲ့ ဝက်ဖို့ဒ်ဟာ အခုပွဲမှာ ခရစ္စတယ်ပဲလေ့စ်ရဲ့ ခံစစ်ကြောင်းကို ဖြိုဖျက်ကျော်လွှားဖို့ အားထုတ်ပါလိမ့်မယ်။ ခရစ္စတယ်ပဲလေ့စ်ဟာ တိုက်စစ်မှူးတွေဂိုးသွင်းနိုင်ကြလို့ အိမ်ရှင်ဝက်ဖို့ဒ်တို့ သတိပြုရမှာတော့ ဖြစ်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ရဲ့ အိမ်ကွင်းကစားအားဟာ ခရစ္စတယ်ပဲလေ့စ်ကို အကျပ်တွေ့နိုင်တာတော့ သေချာပါတယ်။

မစ်ဒယ်ဘရော့နှင့် ဘန်စလေ

တန်းဆင်းဇုန်ထဲက ရုန်းကန်မယ့် ဘန်စလေရဲ့ ပေါက်ကွဲအားတွေကို မစ်ဒယ်ဘရော့တို့ တောင့်ခံနိုင်ဖို့တော့ လိုအပ်တာအမှန်ပါပဲ။ မစ်ဒယ်ဘရော့ရဲ့ခံစစ်ဇုန်ဟာ နားလည်မှုလွဲတာတွေရှိတာမို့ ဟာကွက်တွေ ဖြစ်ပေါ်တတ်တာဟာ ဘန်စလေရဲ့ တိုက်စစ်မှူးတွေအတွက်အခွင့်အရေးပေးသလို ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် ဘန်စလေရဲ့ တိုက်စစ်မှူးတွေက အဆုံးသတ်မသေချာသူတွေဖြစ်တာမို့ ဒီပွဲဟာ နှစ်သင်းစလုံးရဲ့အားထုတ်မှုတွေအပေါ်မှာ ရလဒ်ပြောင်းလဲသွားနိုင်ပါတယ်။

ဟက်ဒါဖီးလ်နှင့် ကာဒစ်ဖ်

ဟက်ဒါဖီးလ်တို့အိမ်ကွင်းမှာ အခုပွဲကစားရပေမယ့် ပွဲကျပ်အဖြစ် ရင်ဆိုင်ရမယ့် အနေအထားရှိပါတယ်။ တန်းစီဇယားကို စိုးမိုးထားတဲ့ ကာဒစ်ဖ်ဟာ ပုံမှန်ခြေစွမ်းရရှိနေပြီး အိမ်ကွင်း၊ အဝေးကွင်းတွေ ရလဒ်ကောင်းအောင် ဆောင်ကြဉ်းနိုင်လျက်ရှိပါတယ်။ ကာဒစ်ဖ်ရဲ့ တိုက်စစ်မှူးတွေက ပြိုင်ဘက်ခံစစ်ကြောင်းကို ဖရိုဖရဲဖြစ်အောင် လှုပ်ရှားဖြတ်ကျော်နိုင်တာမို့ ဟက်ဒါဖီးလ်တို့ စိုးရိမ်စိတ်ပွားရမယ့်ပွဲပါပဲ။ ဒီပွဲမှာ ဟက်ဒါဖီးလ်တို့ တွန်းကန်အားကောင်းမှ အမှတ်မျှော်လင့်နိုင်တဲ့အနေအထားရှိပေမယ့် သိပ်တော့မသေချာပါဘူး။

ဘော်လ်တန်နှင့် ဘန်လေ

ပထမအကျော့ပွဲစဉ်မှာ ဘန်လေက နှစ်ဂိုးပြတ် အနိုင်ယူထားတာမို့ ဒီပွဲမှာ အိမ်ရှင်ဘော်လ်တန်တို့ရဲ့ အားထုတ်မှုနှုန်း ဘယ်လောက်ကောင်းသလဲ ဆိုတာကြည့်ရမှာပါ။ ဘော်လ်တန်က အိမ်ကွင်းမှာ ခြေစွမ်းမာကျောတတ်ပြီး ခြေတွေ့ရင် ပြိုင်ဘက်တွေ အခက်တွေ့တတ်တာမို့ဘန်လေလည်း အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။ ဘန်လေဟာ အဝေးကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားတတ်တာမို့ ဘန်လေတို့ရဲ့ ခြေစွမ်းထက်မြက်မှုကို ယုံကြည်ရပေမယ့် ဘော်လ်တန်ရဲ့အိမ်ကွင်းတုံ့ပြန်မှု ပြင်းထန်တာကိုလည်း ထည့်တွက်ရမှာဖြစ်ပါတယ်။

ချာလ်တန်နှင့် ဘာမင်ဂမ်

ခြေပေါ်နေတဲ့ ဘာမင်ဂမ်ဟာ ဒီပွဲမှာ ချာလ်တန်ကွင်းသွားကစားရမှာဖြစ်ပေမယ့် အိမ်ရှင်ကို အခက်တွေ့စေအောင် စွမ်းဆောင်နိုင်ပါတယ်။ ချာလ်တန်ဟာ ကစားအားကျသလိုဖြစ်နေပြီး အိမ်ကွင်းမှာလည်း ခက်ခဲစွာနဲ့ဖြတ်သန်းနေရလို့ ပရိသတ်တွေရင်ပူစရာဖြစ်မယ့်ပွဲပါပဲ။ ဘာမင်ဂမ်ရဲ့ခြေကုန်ထုတ်တတ်တဲ့ စိတ်ဓာတ်ကြောင့် ချာလ်တန်တို့ ကစားအားမြှင့်ရမယ့်ပွဲပါ။

ဘလက်ဘန်းနှင့် အစ်ဆွစ်ချ်

နှစ်သင်းစလုံး ကစားအားကောင်းနေတာမို့ ဒီပွဲမှာတော့ အပြိုင်ခြေကုန်ထုတ်ကြရမယ့် ကိန်းပါပဲ။ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ဒီပွဲမှာတော့ ပြတ်သားတဲ့ ရလဒ်ရရှိအောင် အပြိုင်ပုံဖော်ကြပါလိမ့်မယ်။ ဘလက်ဘန်းဟာ ခြေစွမ်းတက်ရိပ်ပြနေပြီး အစ်ဆွစ်ချ်တို့ကလည်း ပွဲရလဒ်ကောင်းအောင် စွမ်းဆောင်နေတာမို့ ပရိသတ်တွေအတွက် ဒီပွဲက ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။

ဘရိုက်တန်နှင့် ဟားလ်စီးတီး

ညံ့သည်ဟားလ်စီးတီးတို့ အမှတ်လိုအပ်မှု ပြင်းထန်နေတာမို့ အဝေးကွင်းဆိုပေမယ့် ဘရိုက်တန်ကို ဖိအားပေးပြီး ကစားပါလိမ့်မယ်။ ရလဒ်ကောင်းမှ ရပ်တည်ချက်ပြောင်းလဲမှာမို့ ဟားလ်စီးတီးတို့ ဒီပွဲမှာ တိုက်စစ်ဖွင့်ပြီး ကစားမှာ သေချာနေပါတယ်။ ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားတဲ့ ဘရိုက်တန်ဟာ ဒီပွဲမှာ ရှုံးကြွေးပြန်ဆပ်ဖို့ ခက်ခဲနေပါဦးမယ်။

မိုးမြင့်လင်းလက်- ရေးသားသည်

အားကစားသတင်း အတိုအထွာ

★ ဆန်တို့စ်အသင်းတိုက်စစ်မှူး အသက် ၂၀ နှစ်အရွယ်ရှိ နေမာသည် လာမည့်နွေရာသီ၌ ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

★ အာဆင်နယ်အသင်းသည် ဘာစီလိုနာတိုက်စစ်မှူး အသက် ၃၁နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ခေါ်ယူရန် ဆက်လက်ကြိုးစားလျက်ရှိသည်။

★ လီဗာပူးအသင်းသည် နယူးကာဆယ်ကွင်းလယ်ကစားသမား အသက် ၂၅ နှစ်အရွယ်ရှိ ဟာတမ်ဘင်အာဖာအား နွေရာသီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန်ပြင်ဆင်နေပြီဖြစ်သည်။

★ ဝက်စ်ဟမ်းနည်းပြ ဆမ်အလာဒိုက်သည် အိုင်ဗရီကို့စ်တိုက်စစ်မှူး အသက် ၂၄ နှစ်အရွယ်ရှိ ဝီလ်ဖရစ်ဘိုနီအား ပြောင်းရွှေ့ကြေးပေါင် ၁၂သန်းပေး၍ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

★ နယူးကာဆယ်နောက်ခံလူ ကိုလိုစီနီ ၃၁ နှစ်အား အသင်းမှပြောင်းရွှေ့ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

★ ဝက်စ်ဟမ်းနည်းပြက တိုက်စစ်မှူးအင်ဒီကာရိုးအား အမြဲတမ်းစာချုပ်ချုပ်ဆိုခေါ်ယူရေးအတွက် စဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

★ စတုတ်ဂိုးသမား အသက် ၂၅ နှစ်အရွယ် ဘီဂိုဗစ်အား လာမည့်နွေရာသီတွင် ထုတ်ရောင်းရေးအတွက် မန်ယူနှင့်သဘောတူညီချက်မရရှိသေးကြောင်း စတုတ်အသင်းတာဝန်ရှိသူများက ပြောကြားသည်။

★ ဝုလ်ဗာအသင်းသည် ဘလက်ပူးလ်အသင်းနောက်ခံလူ အလက်ဘတ်စတစ်အား လာမည့်နွေရာသီ၌ ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

★ ချယ်လ်ဆီးအသင်းသည် ဒေါ့မွန်နည်းပြ အသက် ၄၅ နှစ်အရွယ် ကလော့အား ဘင်နီတက်ဇ်ထွက်ခွာသွားပါက တာဝန်ပေးအပ်ရန် စောင့်ကြည့်လေ့လာလျက်ရှိသည်။

★ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ဖလားကို ရယူနိုင်စွမ်းရှိနေဆဲဖြစ်ကြောင်း နည်းပြမန်စီနီက ထုတ်ဖော်ပြောကြားသည်။ ပြီးခဲ့သည့်နှစ်က မန်ယူနှင့်ရှစ်မှတ်ကွာခြားနေသည့် နေရာမှပင် ဖလားရယူနိုင်အောင်စွမ်းဆောင်နိုင်ခဲ့ကြောင်း ပြောကြားသည်။

★ ဘာရာဇီးတိုက်စစ်မှူး နေမာက ရွှန်းနေနှင့်အတူ တွဲဖက်ကစားလိုကြောင်း၊ ထိုသို့ကစားရန်လည်း မျှော်လင့်နေကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး
(အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စိုက်ပျိုးရေးစခန်းများရှိ အကျဉ်းသားများ၊ အချုပ်သားများနှင့်လုပ်အားရှင်များ စားသုံးရန်အတွက် လိုအပ်သောရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန်အတွက် ဈေးနှုန်းတင်သွင်းလွှာများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ပိတ်တင်ဒါဖွင့်မည့်ရက်မှာ ၁၄-၂-၂၀၁၃ရက်နံနက်(၀၉:၀၀)ဖြစ်ပါသည်။

၃။ အိတ်ပိတ်တင်ဒါပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံများအားတစ်စုံလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ၇-၂-၂၀၁၃ရက်မှ၁၃-၂-၂၀၁၃ရက်အထိ နံနက် ၀၉:၀၀နာရီမှ ၁၆:၃၀ နာရီအတွင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ပုသိမ်မြို့နှင့်အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး ပုသိမ်မြို့များ၌တင်သွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ဖုန်း-၀၄၂-၂၄၂၈၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန္တာဦး (ဘ)ဦးစောတာ ကိုင်ဆောင်သော P.P No ၉၅၉၈၀၀ (၁၃-၂-၂၀၀၇) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ သန္တာဦး ဖုန်း-၇၀၇၇၃၆

ပျောက်ဆုံးကြောင်း

အိမ်မွန် ၁၂/ရကန(နိုင်)၀၇၄၆၂၄ သည် နိုင်ငံကူးလက်မှတ် ၉၁၅၉၃၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

တစ်ဆင့်ဖုန်း-၀၉-၄၄၈၀၂၆၁၄၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်သူရ C.D.C ၁၆၇၇၀ ၏ 4 Ticket, Watch Keeping E.d.H, T.F S.I.b စသည့် သင်္ဘောသားနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ ပညာရေးထောက်ခံချက်ပါ စာရွက်ဖိုင်တွဲ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ကျော်သူရ ဖုန်း-၀၉-၇၃၀၂၄၅၁၄

မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီး အောင်ဇော်ဝင်း (ငြိမ်း) ညွှန်ကြားရေးမှူးချုပ် (ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန)-ဒေါ်ခင်ဆွေမြင့် တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးအောင်မျိုးဟိန်း
B.E (Mechanical) D.S.T.A

နှင့်

ရန်ကုန်မြို့နေ
(ဦးသိန်းနွဲ့-လွှတ်လပ်ရေးမော်ကွန်းဝင်ပထမအဆင့်-ဒေါ်ခင်ခင်မြင့်)နှင့်
(ဦးအောင်သိန်း)-အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဒေါ်ဒေါ်ကြင်တို့၏မြေး၊
ဗိုလ်မှူးလတ်မြင့်သိန်း(ငြိမ်း)-ဒေါ်တင်တင်သိန်းတို့၏သမီးဦး

မဆုမြတ်စန္ဒီ
M.A (Eng:)

တို့၏ ၂-၂-၂၀၁၃ရက် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဆည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းချီးမြှင့်ပေးပါသော (ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန) ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်ဇနီးဒေါ်ချောတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်ချုပ်တင်ထွန်း(ငြိမ်း) အငြိမ်းစားသံအမတ်ကြီးနှင့်ဇနီး ဒေါ်နန်းဖောင်းတို့အားလည်းကောင်း၊ မင်္ဂလာဆည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲ ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော မိဘသဖွယ်ဖြစ်သော အကြီးအကဲနှင့်ဇနီး မိသားစုများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သူငယ်ချင်းဆွေမျိုးများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရွှေရောင်နှင့် မသွဲ့ကေသျှင်၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်ကိုင်ဆောင်ပေးပါသော မသက်ထားဆွေ၊ လက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မချောစုဟန်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဗိုလ်ကြီးအောင်သူနှင့် ဗိုလ်ကြီးဖြိုးသန့်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မဟိန်းထက်ညိုနှင့် မသက်ထက်မြတ်နိုးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် အကယ်ဒမီချိုပြုံး၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော စကြာရွှေရည်ရတနာရွှေဆိုင်၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့် မေဦးမောင်၊ ဒီဇိုင်နာပြည်စိုးအောင်နှင့် ကောင်းမြတ်၊ ပန်းအလှဆင်မြန်းပေးပါသော Rosana ပန်းအလှပြင်ဆိုင်အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ Chatrium Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်မျိုးဟိန်း-မဆုမြတ်စန္ဒီ

ပြည်တွင်းသတင်း

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက ဂေါပကရုံးအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများ၊ တရားပွဲ၊ နှမ်းမနဲထိုးပွဲ၊ အငြိမ့်ဇာတ်သဘင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲတော်ဈေးဆိုင်ခန်းများကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။

မျိုးသန့်(အင်းစိန်)

မူးယစ်ဆေးဝါးနှင့် ဘေးထွက်ဆိုးကျိုးများ တားဆီးကာကွယ်ရေး ဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) MANA နှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးနှင့် ဘေးထွက်ဆိုးကျိုးများ တားဆီးကာကွယ်ရေး ပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကောလိပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးစီမံချက် မန်နေဂျာ ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှငွေး၊ MANA ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ကြီး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ MANA ၏ လူထုဆက်ဆံရေးသံတမန် ဒေါက်တာဖြူဖြူကျော်သိန်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ MANA ၏ လူထုဆက်ဆံရေး သံတမန်ဦးမိုးမင်း၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ MANA လူထုဆက်ဆံရေးသံတမန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ စိုးပြည့်သဇင်နှင့် အနုပညာရှင်များက မူးယစ်ဆေးဝါးနှင့် ဘေးထွက် ဆိုးကျိုးများကို အသိပညာပေးဟောပြောကြပြီး အနုပညာရှင်များနှင့် ကျောင်းသားကျောင်းသူလေးများက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး တစ်မျိုးသားလုံး မူးယစ်ကင်းစင်စေရန်၊ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် မူးယစ်ကင်းစင်သော နိုင်ငံဖြစ်စေရန်တို့ကို အဓိကရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများနှင့် သင်တန်းများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။ MANA၏ အဓိကဆောင်ပုဒ်မှာ " မူးယစ်ဟူက ဆန့်ကျင်ကြ No Drug" ဖြစ်သည်။ **(သတင်းစဉ်)**

အုပ်ချုပ်ရေးမှူးများအား သင်တန်းပို့ချ

လက်ပံတန်း ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက် (၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၉ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

(ဝ၉၈)

အင်းတော်မြို့အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်း မီးတိုင်များအစားထိုးလဲလှယ် အဆင့်မြှင့်

အင်းတော် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့အတွင်းရှိမြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်း မီးတိုင်များကို အဆင့်မြှင့်တင်သည့်အနေဖြင့် သံကူကွန်ကရစ် လျှပ်စစ်ဓာတ်အား မီးတိုင်များ အစားထိုးပြောင်းလဲ တပ်ဆင်လျက်ရှိကြောင်း သိရှိရသည်။ **(ယာပုံ)** အင်းတော်မြို့အတွင်းတွင် သွယ်တန်းထားသော လျှပ်စစ်ဓာတ်အား မီးတိုင်များမှာ အများအားဖြင့် သံတိုင်များကို တပ်ဆင်ထားရာ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အဆိုပါ သံကူကွန်ကရစ် ဓာတ်အားတိုင်များကို အဆင့်မြှင့် တပ်ဆင်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

(ကျော်သီဟ)

တောင်ပိုင်းစွန်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo
- ၅း၀၀ ဆေး(၆)ပါး တရားတော် (ဆရာတော်ဦးသောဘဏ)
- ၇း၃၀ MRTV-4 သတင်း
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၃)
- ၁၁း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၁၇)
- ၂း၀၀ MRTV-4 သတင်း
- ၂း၅၀ ရိုးရာမပျက်နွဲလို့ပျော်··· ကရင်နှစ်သစ်ကူးပွဲတော် (မြောက်ဥက္ကလာပမြို့နယ်)
- ၃း၃၅ **ဂီတသရုပ်ပြခန်း** (ခိုင်ချမ်း)
- ၅း၂၀ Minute to Win It
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၉၅)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၄)
- ၁၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၁၈)
- ၁၁း၄၅ World of Knowledge (CAUGHT: BAREHANDED)
- ၂း၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၃၀ အများထဲကတစ်ယောက်
- ၄း၅၅ လေးကျွန်းစကြာရုပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

အလိမ္မာ စာမှာရှိ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ တိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ် ၃၄၁၊ အမည်ပေါက် ဦးမျိုးဝင်း SRM-၁၀၄၅၁၅၏ လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/ဒပန(နိုင်)၀၂၁၀၅၅မှ မြေကွက်စလစ်(မူရင်း)တင်ပြပြီး မြေပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန်းမြို့တော်စည်ပင် ပြည်သူများ၏အကြံဉာဏ်ကို လက်ခံမည်

မန္တလေး ဖေဖော်ဝါရီ ၇

မန္တလေးမြို့တော် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့နေလူထု စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လူကြီးမင်းတို့အနေဖြင့် အားတက်သရော ပါဝင်ဆောင်ရွက်ကြသည်ကို သိရှိရသဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ အကြံပေးကိုယ်စားလှယ်များ ရှိလာသဖြင့် ပြည်သူလူထုထံမှအကြံဉာဏ်များကို မြို့တော်စည်ပင်သို့ ပွင့်လင်းမြင်သာစွာ တင်ပြလာနိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ မြို့တော်စည်ပင်အနေဖြင့်လည်း အကြံပေးအဖွဲ့၏ အကြံဉာဏ်များကို လက်ခံဆွေးနွေး၍ ပြည်သူလူထု၏အကျိုးကို ရှေးရှုကာ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်းနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ချက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းက ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက မြို့တော်စည်ပင်ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်မှစတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးလိုက်သော မြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ဝင်များနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၏ တွေ့ဆုံလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

ထို့နောက် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသော ချမ်းအေးသာစံမြို့နယ်မှ မြို့မိမြို့ဖ ဦးပိုမြင့် ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦးက တစ်ဦးချင်း အလိုက် မိတ်ဆက်စကားပြောကြား၍ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု၏ တင်ပြချက်များကို အကြံပြုဆွေးနွေးကြပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရမည့်ကိစ္စများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(တင်မောင်-မန္တလေး)

မီးအန္တရာယ်ကြိုတင်ကာကွယ် လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်

အမရပူရ ဖေဖော်ဝါရီ ၇

နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ မီးလောင်ဆုံးရှုံးမှုများ လျော့နည်းစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်း **(ယာပုံ)**ကို ဖေဖော်ဝါရီ ၅ ရက်က အမရပူရမြို့နယ် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး၌ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်တိုး၊မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်သန်း၊ မန်နေဂျာ ဦးခင်မောင်ညွှန့် (ဘဏ္ဍာရေး)၊မန်နေဂျာ ဦးကျော်ဆန်းဦး (အုပ်ချုပ်/စီမံ)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးဖောင်ဖွဲ့ရေးရုံး (ရှမ်း/မြောက်)မှ သစ်ထုတ်လုပ်ရေးဝန်ထမ်း ၁၈၀ ကျော် တက်ရောက်ကြသည်။ **(ကျော်သီဟ)**

နလုံးလုပင်လယ်ကုသိုလ်ဖြစ်ဆေးခန်း တစ်နှစ်အတွင်း လူနာ ၁၈၀၀၀ ကျော်ကုသ

မန္တလေး ဖေဖော်ဝါရီ ၇

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ၁၆ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား ပင်လယ်တိုက် ရွှေမန်းအုတ်ကျောင်းတွင် ဖွင့်လှစ်ထားသော နလုံးလုပင်လယ်ကုသိုလ်ဖြစ်ဆေးခန်း တစ်နှစ်ပြည့် အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ အဆိုပါဆေးခန်းသို့ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကုသပေးလျက်ရှိပြီး ၁၄ ရက်တစ်ကြိမ်သာ ဆေးခန်းပိတ်သည်။ မျက်စိလူနာများကို အပတ်စဉ် စနေ၊ တနင်္ဂနွေ၊ အင်္ဂါနှင့် ကြာသပတေးနေ့များတွင် ကုသပေးလျက်ရှိသည်။ တစ်နှစ်အတွင်း လူနာပေါင်း ၁၈၀၀၀ ကျော် ကုသပေးနိုင်ခဲ့သည်။ ဆေးခန်းသို့ ဆေးဝါးနှင့်အလှူငွေများ လှူဒါန်းလိုပါက ဖုန်း-၀၉-၂၀၀၂၅၀၀၊ ၀၉-၂၀၀၃၀၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မန်းကိုကို)**

မန်းတိုင်းဒေသကြီး ထိန်ထိန်ညီးဖို့ ထရန်စဖော်မာကြီးများရောက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် မီးသုံးစွဲသူများအနေဖြင့် ဗို့အားပြည့်မီစွာရရှိရေးအတွက် ဓာတ်အားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရောက်ရှိလာသော ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာများ နေရာချထားမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူက ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း နေ့စဉ်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တိုးတက်မြင့်မားလာမှုနှင့်အတူ မီးသုံးသူ ပြည်သူများအနေဖြင့် ဓာတ်အားရရှိချိန်၌ ဗို့အားပြည့်မီစွာ တစ်ပြေးညီရရှိစေရေး၊ နွေရာသီတွင် ဝန်အားများသော ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်းအားဖြင့် မီးသုံးစွဲမှုတွင် ဗို့အားပြည့်မီစွာဖြင့် သုံးစွဲနိုင်ရေးအတွက် လည်းကောင်း ရည်ရွယ်၍ တိုးချဲ့တပ်ဆင်ရန်ရောက်ရှိလာသော ထရန်စဖော်မာများအား အမြန်ဆုံးတပ်ဆင်နိုင်ရေး၊ သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းအမြန်ပြီးပြတ်စေရေး အများပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ပစ္စည်းသိုလှောင်ရုံသို့ ရောက်ရှိစဉ် တာဝန်ရှိသူများက မှာကြားခဲ့သည်။

အဆိုပါရောက်ရှိလာသော ၃၁၅ ကေဗွီအေ ထရန်စဖော်မာအား မန္တလေးခရိုင်အတွင်းရှိ မီးသုံးစွဲသူများအနေဖြင့် ဗို့အားပြည့်မီစွာရရှိရေးအတွက် ဓာတ်အားဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၅ လုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ကျန်ခရိုင်များအတွက် ၂၅ လုံး စုစုပေါင်း အလုံး ၅၀ ဖြစ်ပြီး ၃၁၅ ကေဗွီအေ ထရန်စဖော်မာအလုံး ၅၀ ထပ်မံ၍ ရောက်ရှိမည်ဖြစ်ရာ စုစုပေါင်း ထရန်စဖော်မာ အလုံး ၁၀၀ ဓာတ်အားဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်၍ အဆိုပါ ထရန်စဖော်မာတပ်ဆင်ပြီးပါက ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်မီစွာဖြင့် သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၀၄၀)

ငြိမ်းချမ်းရေးချစ်သူ ကွန်ရက်အဖွဲ့ မုံရွာမှလိုင်ဇာသို့ ခြေကျင်ခရီးစတင်

မန္တလေး ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ်ကွက်တွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲခန့်က ငြိမ်းချမ်းရေးအတွက် လိုင်ဇာသို့ ငြိမ်းချမ်းရေးခရီးစတင်ခဲ့ရာ ဆရာတော်ဘဒ္ဒန္တသုန္ဒရ အပါအဝင် ကိုရာဇာ၊ ကိုမျိုးမြင့်စိုး၊ ညီညီခိုင်နှင့် ကျော်ဖြိုးသူတို့ပါဝင်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ငြိမ်းချမ်းရေးအတွက် ကချင်ပြည်နယ် လိုင်ဇာအထိ ခြေကျင်လျှောက်ချီတက်မည်ဟုဆိုသည်။ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက မန္တလေးမြို့သို့ရောက်ရှိလာပြီး မဟာမုနိဘုရားကြီးတွင် ငြိမ်းချမ်းရေးသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့သည်။

ဘုရားကြီး ရေတော်ဆရာတော်ကျောင်းတိုက်တွင် တည်းခိုခဲ့ပြီး မန္တလေးသို့လာသည့်ခရီးစဉ်တွင် ညောင်ဦး၊ အလွှကပ၊ ညောင်ပင်ဝန်း၊ ပဲကတိုးနှင့် စစ်ကိုင်းမြို့များ၌ တည်းခိုခဲ့ကြောင်း သိရသည်။

(ရွှေမန်းတင်)

လက်တော့ပ်အားသွင်းရာမှ မီးလောင်မှုဖြစ်ပွား

ပြင်ဦးလွင် ဖေဖော်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁)ရှိ ဒေါ်သောင်းဝင်း၏ နေအိမ်ခြံဝင်းအတွင်း ခြောက်ခန်းတွဲ တစ်ထပ်အုတ်တိုက်အဆောင်တွင် အဆောင်နေသူက LAPTOP ကွန်ပျူတာကို မီးကြိုးခွေဖြင့် အားသွင်းထားရာမှ ဝိုင်ယာရှော့ဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီ ၃ မိနစ်က မီးလောင်မှု ဖြစ်ပွားသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်နှစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက် မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားဝန်းကျင် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် LAPTOP ကွန်ပျူတာ တစ်လုံး၊ အဝတ်အစားသေတ္တာ နှစ်လုံး၊ စားပွဲနှင့် ထိုင်ခုံများ၊ အခန်းတွင်းရှိပစ္စည်းအားလုံး မီးလောင်ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(၀၃၂)**

တင်ဒါခေါ်ယူခြင်း

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွက် Machine Clothing (၄)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၁၃-၂-၂၀၁၃ရက် ၁၆း၀၀နာရီအထိ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမြသီ၏သမီး မသီသီဆွေနှင့် မသီသီရွှေ ၁၂/ကခက(နိုင်)၀၇၂၁၃၃ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မသီသီဆွေ(ခ)မသီသီရွှေ

အမည်ပြောင်းနှင့်မိဘအမည်မှန်

အလက (၂)ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်စတုတ္ထတန်း(A) မှ မောင်ရှိုင်းဗိုအား မောင်လင်းအိမ်သင်ဟုလည်းကောင်း၊ မိဘအမည်မှန်မှာ ဒေါ်ဝင်းကြည်အစား ဒေါ်ခင်သီတာဆင့် ဖြစ်ပါကြောင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်မ၏သား မောင်ဖြိုးမင်းထက်သည် မိဘများ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဒေါ်သန်းသန်းအေး ၁၂/ကမတ(နိုင်)၀၄၇၈၅၉
အမှတ် ၁၂၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့

ဖောင်ကြီးသူ(၁၀)တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

၁၉၇၆-၁၉၇၇၊သူ(၁၀) သင်တန်းဆင်းသူငယ်ချင်းများတွေ့ဆုံပွဲကို ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး (စစစ) ဓမ္မာရုံဘေးရှိ မူလကမ္ဘာအေးကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ၄င်းနေ့ညနေ၅နာရီတွင် သဃ်န်းကျွန်း လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ Eagle Garden Restraurant ၌ ပြုလုပ်မည့် မိတ်ဆုံစားပွဲသို့ အနယ်နယ်အရပ်ရပ်မှ ရောင်းရင်းသူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တွေ့ဆုံပွဲကျင်းပရေးကော်မတီ

ပိုင်စံ (မြန်မာစာ)

နွေရာသီ မြန်မာစာ စာစီစာကုံး သင်တန်း
အလယ်တန်းနှင့် အထက်တန်းအဆင့်

မတ်လ (၇)ရက်နေ့ စမည်။ /ကြိုတင်စာရင်းသွင်း လက်ခံနေပြီ။

သင်တန်းနေရာ (၁) အမှတ်၂၀ လေးလွှာ (A)၊ ဝါးခယ်မလမ်း၊ စမ်းချောင်း၊
ဖုန်း-၀၉-၄၉၃၂၇၈၁၆

သင်တန်းနေရာ (၂) ဘုရင်မ ပညာ့ဗိမာန်
အမှတ် (၉၀)၊ ပထမထပ် (ဝဲ)၊ ၄၉လမ်း (လယ်)၊
၁ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၄၈၈၉

4:00 PM to 7:00 PM အတွင်း စာရင်းသွင်းအပ်နှံနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၁၈၊ လေးထပ်တိုက်၏ မြေညီထပ်+ပထမထပ်၊ နှစ်လွှာတစ်စုံ၊ အခန်းအမှတ် ၄၊အကျယ်၁၂½ ' × ၅၃'ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလနေထိုင်သူ ဒေါ်ထွေးထွေး CG-၀၈၂၁၀၇ ထံမှ ၂၄-၇-၁၉၉၄ရက်စွဲပါ **အခန်းအပျောက်အရောင်းအဝယ် ကတိစာချုပ်**အရ ဦးတင်ဆွေ G/RGN -၀၁၇၆၁၆နှင့် ဒေါ်ညွန့်ရီ T/RGN-၀၀၁၂၈၈တို့မှ ဝယ်ယူပိုင်ဆိုင်၍ ခင်ပွန်း ဦးတင်ဆွေကွယ်လွန်သဖြင့် ၎င်း၏တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီး ဒေါ်ညွန့်ရီ T/RGN -၀၀၁၂၈၈က တစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးတင်စိန်)-အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ကျင်သိန်းတို့၏တူ
ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းနေ ဦးဝင်းအောင်-ဒေါ်နုနုခိုင်တို့၏ တစ်ဦးတည်းသောသား

မောင်ရဲဝင်းသန့်

B.E(Naval Architecture, MMU)
(Associate Member of Royal Institute of Naval Architects, UK)
Assistant Project Engineer (Jaya Group of Companies, Singapore)

နှင့်

မိုးကုတ်မြို့နေ ဦးမျိုးမြင့်-(ဒေါ်လှမြင့်)တို့၏မြေး၊
ရန်ကုန်မြို့၊ အင်းလျားလမ်းနေ ဦးစံမျိုး(ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်)
(MD, Mogok Pride Gems Mining Co.,Ltd.)-
ဒေါ်ခင်စန်းဝင်း(MD, Romantic Gems Art & Jewellery Co.,Ltd.)တို့၏သမီးကြီး

မမျိုးစန္ဒီခင်

Adv.Dip in Info Comm Security (Raffles Design Institute, Singapore)
B.Tech (1st Year, EC), YTU
Director (Mogok Pride Gems Mining Co.,Ltd.)

တို့၏ ၁၂-၁၂-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) Sedona Hotel(Yankin Hall) တွင် ကျင်းပခဲ့သော စေ့စပ်မင်္ဂလာပွဲ၌ စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးယုန်းမူ(ဥက္ကဋ္ဌ၊ စိမ်းလင်းရတနာ ကျောက်မျက်ကုမ္ပဏီ)နှင့် ဇနီးဒေါ်ပွဲနန်းတို့အားလည်းကောင်း၊ ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) Traders Hotel(Pinya Room) တွင် ကျင်းပခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခင်မြတ်သူ (ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး)၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါ်တင်ရွှေ(နာယက၊ မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း) နှင့် ဦးလှဌေးတို့အားလည်းကောင်း၊ ၃၁-၁-၂၀၁၃ရက်(သောကြာနေ့) ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လည်းကောင်း၊ ၂-၂-၂၀၁၃ရက် (စနေနေ့) Sedona Hotel(Grand Ballroom)တွင် ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသောသတ္တုတွင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းများ၊ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မိုးကုတ်မြို့မှ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှလူကြီးများနှင့် မိတ်ဆွေများအား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမျိုးပြည့်လှိုင်ခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မပန်းမိုမိုမောင်နှင့် မဆုရည်နု၊ မင်္ဂလာသတို့သားအရံများ မောင်သော်ဇင်မြင့်၊ မောင်မင်းတလထော၊ မင်္ဂလာသတို့သမီးအရံများ မမျိုးသီရိခင်၊ မခင်ပြည့်စုံတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်နှင်းရီသန့်နှင့် တေးဂီတစန္ဒရားသိန်းမြင့်သန်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Elegant Gems၊ မင်္ဂလာဝတ်စုံ ဖန်တီးချုပ်လုပ်ပေးပါသော ဒေါ်လာမြင့်အောင်နှင့် သင်္ဂီရွှေဝါပိုးထည်မှ အန်တီသောင်း၊ မိတ်ကပ်လင်းလင်း(Make up-Artist)၊ ပန်းအလှဆင်ယင်ပေးသော Eternal Floral Services၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော 7-Picture၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ကျောက်မျက်အသင်းချုပ်မှ ဝန်ထမ်းများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲဝင်းသန့်နှင့် မမျိုးစန္ဒီခင်

မင်္ဂလာရှိသော ကျေးဇူးတင်လွှာ

[illegible] Yuzana High-Way Complex [illegible]
[illegible] (A 2..) [illegible]
[illegible]
LL.B (Q) Certificate in Business Law
[illegible]
နှင့်
[illegible]
B.A (History)
M.A (Master of Library Information Studies)
[illegible] Yuzana Garden Hotel [illegible] Yuzana High-Way Complex [illegible] Dip in Business Law [illegible] Yuzana Garden Hotel [illegible]

---

၈ မအေးအေးမော်ဦးစီးသော နိလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိလာ (၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန (အိန္ဒိယ+နီပေါ) → ၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန + နယူးဒေလီ → ၉ သိန်း(စရိတ်ငြိမ်း)
တပ်ချ်မဟာ၊ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ

ဧပြီလ (၃၊၁၂၊၁၅)ရက် အထူးခရီးစဉ် (၉)ညအိပ်(၁၀)ရက်ခရီးစဉ်၊ (၇)ညအိပ် (၈)ရက် ခရီးစဉ် - (၈ သိန်း ၅ သောင်း)ဖြင့် ပို့ဆောင်ပေးနေပါပြီ၊
အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာ၌ နီလာတည်းခိုရိပ်သာနှင့် နယူးဒေလီဟိုတယ် တို့တွင်တည်းခိုနိုင်ရန် စီစဉ်ထားပါသည်
အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသောသူများကိုလည်းအထူးအစီအစဉ်ဖြင့်ပို့ဆောင်ပေးနေပါသည်။
မည်သည့်ခရီးစဉ်မဆို(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း
ဘုရားဖူးဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် များအား သတင်းကောင်းပါးအပ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ဇွယ်တော်) + ဘန်ကောက် (မြဘုရား)→(၁၂)သိန်း (စရိတ်ငြိမ်း) ၂၅.၃.၂၀၁၃ ထွက်မည်၊
ထွက်ခွာမည့်ရက်များ - ဖေဖော်ဝါရီ - ၉၊၁၃၊၁၆၊၁၅၊၂၀၊၂၇။
မတ်လ - ၁၊၆၊၁၃၊၁၅၊၂၀၊၂၇၊၂၉။။ ဧပြီ - ၃၊၁၀၊၁၂၊၁၇၊၁၉၊၂၆။
ရန်ကုန်ရုံးချုပ် ☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။
မန္တလေးရုံးခွဲ ☎ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊၀၉-၄၀၃ ၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၁။

အာဓိက
[illegible]
Ph: 01 - [illegible]

ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေးလမ်းသွယ် ၂၊ အမှတ် ၆၄ နေ မလင်းလင်းအောင် ၁၂/လမန(နိုင်)၁၂၉၃၂၃ က ကိုကျော်မျိုးနိုင် ၁၂/လသန(နိုင်)၁၂၁၅၉၄အပေါ် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ လှိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၁/၁၂ ၏ တရားရုံးအမိန့်ဒီကရီအရ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၆၉၄၄
Email: winzaw.zaw2012@gmail.com

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူတစ်ဦးက အပ်နှံညွှန်ကြားခြင်း ပြုသည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ကွင်းအမှတ် ၂၇/ကျိုက်ဗောဒိတောင်၊ ဦးပိုင်အမှတ် ၃၇/က နှင့် ၅၃/က အကျယ်အဝန်း (၀.၄၀၈)ဧကရှိ ၃(ခ)ရရှိပြီး မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဘဏ္ဍာကောသလ္လအမည်ပေါက်လျက်ရှိပါသည်။ ဘဏ္ဍာကောသလ္လထံမှ အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အမှတ် ၁၅၅/၉၆ ဖြင့် ဦးသန်းအောင်သည်လွှဲပြောင်းလက်ခံရရှိခဲ့ပြီး သန်လျင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ယာယီစာချုပ်အမှတ် - ၁၆၆/၉၇ ဖြင့် ဦးအိုက်ပန်မှဝယ်ယူခဲ့ကြပါသည်။

ဦးအိုက်ပန်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူ ပိုင်ဆိုင်ခဲ့သော ဦးမြတ်မိုးအောင် (၁၂/ကမရ (နိုင်) ၀၆၃၉၄၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက အပြီးအပိုင် ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။

အကယ်၍ ဖော်ပြပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့် နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ထားသည့်ရက်ကျော်လွန်ပါက ဖော်ပြပါမြေကွက်များ၏ အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

အပ်နှံညွှန်ကြားချက်အရ -

ဦးသိန်းဇော်ညွှန့် (စဉ် - ၅၈၈၀)၊ ဒေါ်ရွှေမှိုင်းညွှန့် (စဉ် - ၈၁၂၅)
တရားလွှတ်တော်ရှေ့နေများ
အမှတ် - ၅၂၅၊ အခန်း - ၁၀၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၁၆၃၄၈၇၊ ၀၉ ၄၃၀ ၆၅၅၃၅

''ကန့်ကွက်နိုင်ကြောင်း ကြေညာချက်''

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် (၈၇)၊ (၆)လွှာ (ခေါင်းရင်းခန်း)၊ အကျယ် (၁၂½' × ၄၅') ရှိ တိုက်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များအား စာချုပ်အဆက်အစပ်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်မိုးလှိုင် (၁၂/လမတ(နိုင်)၀၂၆၁၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပေါင်စနစ်ဖြင့် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက တရားဝင်အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မေကျော်စိုး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၇၅၉)
အမှတ်-၅၀၊ ဘဏ်လမ်း၊ အခန်း(စီ-၅)၊ ပ-ထပ်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၇၃၀၆၈၆၃၃

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(ညှိနှိုင်းဈေး)
ရော်ဘာခြံ(၁၄ဒသမ၆ဧက)
၂၀၀၀ Series
အပင်ရေ-၂၀၀၀ ကျော်
(ဖောင်ကြီး အထက)အနီး
ဖုန်း-၀၉-၆၅၀၂၆၈၇၊ ၀၉-၂၁၇၃၅၂၅

ပြင်ဆင်ဖတ်ရှုပါရန်

(၂၆-၁-၂၀၁၃) မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(က)ပါ ဒေါ်မြင့်မြင့်ခိုင် (၁၂/ဗဟန(နိုင်)၀၁၆၆၇၈)၏ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်းတွင် ဒေါ်မြင့်မြင့်ခိုင်အား ဒေါ်မြင့်မြင့်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၈၇၇၁ Nissan Diesel CD Truck (6×2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆွေ ၇/သနပ(နိုင်)၀၆၃၁၂၄က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရွာသာကြီး)

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ စံပယ်လမ်းနေ ဦးလေးဝင်း၏ဇနီး မမော်(ခ)မလွင်လွင်ဌေး ၁၀/မလမ(နိုင်)၁၂၀၈၆၀ သည် မိမိသဘောဆန္ဒလျှောက် နေအိမ်မှ ထွက်သွားပါသောကြောင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း မမော်(ခ)မလွင်လွင်ဌေးနှင့် ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလေးဝင်း
၁၀/မလမ(နိုင်)၁၂၀၈၆၀

THE DARKEST HOUR
IN 3D
TAW WIN CENTRE 3D CINEPLEX
8.2.2013 to 21.2.2013

ပွဲချိန်အချိန်များ
9:30 am
12:30 pm
3:30 pm
6:30 pm

တော်ဝင်စင်တာ၊အမှတ်(၄၅)၊ပြည်လမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်။ဖုန်း-၈၆၀၀၁၁၁၊လိုင်းခွဲ-၁၀၁၈

ကြော်ငြာ

ရောင်းရန်ရှိသည်

Ice Tube Machine (Used)
Capacity 5 Ton per day
Compressor Bizer U.S.A
Motor 30HP - 3phase
Cycle Auto System
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၉၉၄၄၃၊ ၀၁-၅၄၂၀၆၃

အမြန်ဆုံးဆက်သွယ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဦးကျော်ကျော်ထွန်း (ခ)ဦးထွန်းထွန်း (ဘ)ဦးတုတ်ချော ၉/လဝန(နိုင်)၀၂၆၆၂၃ (ယခုနေရပ်လိပ်စာမသိသူ)သည် လုပ်ငန်းကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန်ရှိပါသဖြင့် အမြန်ဆုံးဆက်သွယ်အကြောင်းကြားပေးပါရန် သိရှိစေအပ်ပါသည်။

ဆက်သွယ်ရန်
ဦးမြင့်စိုး ဖုန်း-၀၉-၅၀၅၇၁၆၁
ဦးအောင်မျိုးသူ ဖုန်း-၀၉-၅၁၉၅၅၉၄

ပျောက်ဆုံးကြောင်း

ဦးစိန်ဝင်း ၁၂/ဒလန(နိုင်)၀၁၄၆၂၁သည် မှဲ့နင်းမှုလက်မှတ် REV-0883/08 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၆၉၁၆၈



ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်	မြို့နယ်	အကွက်အမှတ်	ဦးပိုင်အမှတ်	မြေဧရိယာ (ဧက)	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့်အကြောင်းအရာ
၁	ဦးကျော်ဝင်း	၁/ဗမန(နိုင်)၀၁၁၂၀၃	ဗန်းမော်	၇	၁၀/၁၂၀	၀.၀၉၂	ဒေါ်ငွေရီ	မင်းကျောင်းကုန်း	မိတ္တူကူး
၂	ဦးသန်းအောင်	၁/ဗမန(နိုင်)၀၀၂၄၁၄	ဗန်းမော်	၂၆	၁၀၅	၀.၀၉၀	ဦးသန်းအောင်	အလယ်ရပ်ကွက်	မိတ္တူကူး
၃	ဒေါ်သန်းမေ	၁/ဗမန(နိုင်)၀၀၅၆၉၁	ဗန်းမော်	၃၀/၁	၃၇	၀.၀၃၉	ဒေါ်သန်းမေ	သာစည်ရပ်ကွက်	မိတ္တူကူး
၄	ဒေါ်ဘန်ထွယ်	၁/ဗမန(နိုင်)၀၀၆၅၁၃	ဗန်းမော်	၃၂	၁၉၅	၀.၁၇၀	ဦးလမောင်တူး	သာစည်ရပ်ကွက်	မိတ္တူကူး
၅	ဦးမြင့်လွင်	၁/ဗမန(နိုင်)၀၄၇၄၄၄	ဗန်းမော်	၃၂	၁၉၉	၀.၀၉၆	ဦးမြင့်လွင်	သာစည်ရပ်ကွက်	မိတ္တူကူး
၆	ဒေါ်ဖော်ဂျန်ရွယ်	၁/ဗမန(နိုင်)၀၀၅၂၀၈	ဗန်းမော်	၃၂	၂၄၄	၀.၂၈၇	ဦးဖော်ပေါင်းရော	သာစည်ရပ်ကွက်	မိတ္တူကူး
၇	ဦးအောင်ကျော်	၁/ဗမန(နိုင်)၀၀၄၂၅၁	ဗန်းမော်	၄၃	၈	၀.၀၆၀	ဦးအောင်ကျော်	သီရိရပ်ကွက်	မိတ္တူကူး
၈	ဒေါ်ခင်ခင်ကြူ	၁/ဗမန(နိုင်)၀၄၀၂၈၉	ဗန်းမော်	၂၇	၁၄၁	၀.၀၉၄	ဒေါ်ခင်ခင်ကြူ	မင်းကုန်းရပ်ကွက်	မိတ္တူကူး
၉	ဦးအောင်လွင်ဦး	၁/မညန(နိုင်)၀၀၆၃၆၃	ဗန်းမော်	၃၁	၃၇/က	၀.၁၅၈	မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း	ပေါက်ကုန်းရပ်ကွက်	မိတ္တူကူး
၁၀	ဒေါ်ဂျာဒွဲ	၁/မစန(နိုင်)၀၀၅၈၁၇	ဗန်းမော်	၃၄	၈၈	၀.၀၉၂	ဒေါ်ဂျာဒွဲ	ပေါက်ကုန်းရပ်ကွက်	မိတ္တူကူး
၁၁	ဒေါ်ဂျမ္မာဒွဲလိန်	၁/ဗမန(နိုင်)၀၂၃၇၄၀	ဗန်းမော်	၃၄	၆၂	၀.၀၉၄	ဒေါ်ဂျမ္မာဒွဲလိန်	ပေါက်ကုန်းရပ်ကွက်	မိတ္တူကူး

ခရိုင်အုပ်ချုပ်ရေးမှူး၊ ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗန်းမော်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ်၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဓာတုဗေဒအဓိက၊ ခုံအမှတ် ၃/ခ-၄၂ဖြင့် အောင်မြင်ခဲ့သော မခင်မို့သူနှင့် ၆/မမန(နိုင်)၁၇၈၄၂၇ မခင်မို့မို့သူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မခင်မို့သူ(ခ)မခင်မို့မို့သူ
၆/မမန(နိုင်)၁၇၈၄၂၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၅၇၀/ခ၊ မြေကွက်တည်နေရာအမှတ် (၅၇၀/ခ)၊ ဖေယျလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်ကြိုင်၊ ဦးသောင်းညွန့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ကြိုင်နှင့် ခင်ပွန်း ဦးစိန်မြင့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးသန်းထွန်း ၁၂/ဥကတ(နိုင်) ၁၉၃၆၆၆နှင့် ကျန်အမည်ပေါက်တစ်ဦး ဦးသောင်းညွန့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီး ဒေါ်စန်းကြည် ၁၂/ဥကတ(နိုင်)၀၈၁၇၃၂တို့ ပူးတွဲ၍ ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၂-၁-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ခ တွင် ကြော်ငြာခဲ့သည့် Ta-Fa Trading Co.,Ltd. အုပ်စုဝင်ကုမ္ပဏီဝင်များနှင့် သက်ဆိုင်သူအားလုံးနှင့် အများသိစေရန်ကြော်ငြာအပေါ် တုံ့ပြန်ရှင်းလင်းချက်

Three Gold Star Manufacturing Co.,Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် Seven Diamond Dragon Trading Co.,Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ဖော်ပြပါကြော်ငြာအပေါ် အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

1. Ta-Fa Trading Co.,Ltd., 2.Myanmar Super Dragon Group Co.,Ltd., 3. Three Gold Star Manufacturing Co.,Ltd. နှင့် 4.Seven Diamond Dragon Trading Co.,Ltd. ဟူသော ကုမ္ပဏီလေးခုကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သီးခြားကုမ္ပဏီများအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး Ta-Fa အုပ်စု စီးပွားရေးလုပ်ငန်းဟု ခေါ်ဝေါ်သတ်မှတ်ပြီး စီးပွားရေးလုပ်ငန်းများကို ဦးကျင်စိန်၏ဦးဆောင်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

သို့သော် ဦးကျင်စိန်သည် အစုထည့်ဝင်သူများဖြစ်ကြသော ဦးဘင်သစ်(ခ)ဦးမိန်တက်၊ ဦးစိုင်ဟူ၊ ဒေါ်ဝါဝါအေး၊ ဒေါ်မာလာအောင်တို့က ယုံကြည်စွာအပ်နှံခဲ့သည့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုပြီး မမှန်မကန်ကျင့်သုံးဆောင်ရွက်ပြီး **(က)အစုထည့်ဝင်ခြင်းမရှိသော ၎င်း၏အစ်ကို၊ မောင်နှမများကို စီးပွားရေးလုပ်ငန်းတွင် အစုဝင်များအဖြစ် ထည့်သွင်းခဲ့ပြီး အကျိုးအမြတ်ခွဲဝေပေးခဲ့ခြင်း၊ (ခ)Ta-Fa အုပ်စုစီးပွားရေးလုပ်ငန်းပိုင်ငွေများကို မိမိကိုယ်ရေးကိုယ်တာကိစ္စ၊ မိသားစုအရေးကိစ္စများအတွက်သုံးစွဲခြင်း၊ Ta-Fa အုပ်စုငွေဖြင့် သီးခြားကုမ္ပဏီများတည်ထောင်ပြီး သီးခြားအကျိုးခံစားခြင်း၊ စာရင်းများမမှန်မကန်ပြုလုပ်ပြီး အမြတ်ငွေများခွဲဝေယူခြင်း၊ ယနေ့တိုင်ဦးကျင်စိန်နှင့် ၎င်းမိသားစု ညီအစ်ကိုမောင်နှမများထည့်ဝင်ငွေစာရင်းကို ထုတ်ဖော်မပြခြင်းတို့ကို** တွေ့မြင်သိရှိလာသဖြင့် အထက်ဖော်ပြပါ ဦးဘင်သစ်ပါ(၄)ဦးတို့မှ Ta-Fa အုပ်စုစီးပွားရေးလုပ်ငန်းများကို ဆက်လက်မလုပ်ကိုင်လိုတော့သဖြင့် သီးခြားခွဲခြားလုပ်ကိုင်ကြရန် တောင်းဆိုသဖြင့် ဦးကျင်စိန်အပါအဝင် အစုဝင်များညှိနှိုင်းပြီး ၂၄-၉-၂၀၁၁ရက်စွဲပါ **လုပ်ငန်း ခွဲဝေမှုဆိုင်ရာသဘောတူညီချက်** ကို လက်မှတ်ရေးထိုးပြီး Ta-Fa အုပ်စုစီးပွားရေးလုပ်ငန်းကို ဖျက်သိမ်းပြီး ကုမ္ပဏီ(၄)ရပ် သီးခြားခွဲ၍ Three Gold Star Manufacturing Co.,Ltd. နှင့် ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်သည့်ပစ္စည်းအဝဝကို ဦးမိန်တက်(ခ)ဦးဘင်သစ်နှင့် ဒေါ်သန်းသန်းထွေးတို့ကလည်းကောင်း၊ Seven Diamond Dragon Trading Co.,Ltd. နှင့် ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်သည့် ပစ္စည်းအဝဝကို **ဦးစိုင်ဟူနှင့် ဒေါ်ဝါဝါအေး၊ ဒေါ်မာလာအောင်** တို့မှလည်းကောင်း၊ Ta-Fa Trading Co.,Ltd, Myanmar Super Dragon Group Co.,Ltd. နှင့် ယင်းကုမ္ပဏီများနှင့် ပတ်သက်ဆက်နွှယ်သည့် ပစ္စည်းအဝဝကို **ဦးကျင်စိန်**နှင့် ကျန်အစုဝင်တို့မှလည်းကောင်း ခွဲဝေရယူကြပြီး ကုမ္ပဏီအသီးသီး တစ်သီးတခြားစီ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

Ta-Fa အုပ်စု စီးပွားရေးလုပ်ငန်းမှ သက်ဆိုင်ရာကုမ္ပဏီအသီးသီးအနေဖြင့် ရသင့်ရထိုက်ခွင့်ရှိသည့်ပစ္စည်းနှင့် ငွေကြေးအဝဝတို့ကို စာရင်းရှင်းလင်းရယူကြရန်အတွက် စာရင်းကောက်ယူမှုကို **ဦးကျင်စိန်ခန့်အပ်သည့် ရာဖြတ်ဦးမြင့်သိန်း၊ စာရင်းစစ် CPA ဦးမြင့်သိန်း**တို့ ဦးဆောင်ပါဝင်သော ကျွမ်းကျင်သည့် စာရင်းစစ်၊ ရာဖြတ်များ ခန့်ထားဆောင်ရွက်ခဲ့ကြပါသည်။ သို့သော် ဦးကျင်စိန်တို့ဘက်မှ စာရင်းများပြည့်စုံအောင် ထုတ်ဖော်မပေးအပ်သဖြင့် စာရင်းမရှင်းနိုင်ခဲ့ပါ။ ဦးဘင်သစ်(ခ)ဦးမိန်တက်တို့ဘက်မှ ကြိုးစားညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် **တရားဥပဒေအရ တရားရုံး၏အဆုံးအဖြတ်ကိုခံယူရန်** စီစဉ်ဆောင်ရွက်နေစဉ်ကြားမှ မိတ်ဆွေ၏ ညှိနှိုင်းပေးချက်အရ အကျယ်အကျယ် အငြင်းမပွားလိုသဖြင့် မိတ်ဆွေ၏ညှိနှိုင်းမှုကို လက်ခံပြီး **၂၄-၉-၂၀၁၂ရက်စွဲပါ ကုမ္ပဏီစီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်မှု သီးခြားစီ ခွဲဝေလုပ်ကိုင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို** လက်မှတ်ရေးထိုးကြပြီး အငြင်းပွားမှုကို အဆုံးသတ်ခဲ့ကြပါသည်။

၂၄-၉-၂၀၁၂ ၏ သဘောတူစာချုပ်တွင်-

အပိုဒ်(၂)အုပ်စုဝင်အသီးသီးက မိမိတို့၏သီးခြားပိုင်ဆိုင်မှုအဖြစ် ကုမ္ပဏီများကို ခွဲခြားပိုင်ဆိုင်သည်ဆိုရာတွင် ကုမ္ပဏီတစ်ခုချင်းစီ၏ တည်ဆဲကုမ္ပဏီအမည်ဟောင်း ကုမ္ပဏီအမည်နှင့် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီတစ်ခုချင်းစီက ပိုင်ဆိုင်သော ရွှေ့ပြောင်း/မရွှေ့မပြောင်း ပစ္စည်းအရပ်ရပ်၊ ဘဏ်ငွေစာရင်း၊ ကုမ္ပဏီကသုံးစွဲသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား အပါအဝင် ကုမ္ပဏီ (Assets)များ အားလုံးအပါအဝင်ဖြစ်ပါသည်။ အကယ်၍ မြီရှင်စာရင်းအမှားအယွင်း တစ်စုံတစ်ရာရှိပါက ညှိနှိုင်းလွှဲပြောင်းမှုပြုလုပ်ရန်ဖြစ်သည်။

အပိုဒ်(၃)ကုမ္ပဏီဖွဲ့စည်းပုံနှင့် စည်းမျဉ်းများအရဖြစ်စေ၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ နောက်ဆုံးတင်ပြထားပြီးဖြစ်သော တရားဝင်စာရင်းဇယားများအရဖြစ်စေ၊ ကုမ္ပဏီတစ်ခုချင်းစီတွင် အစုရှယ်ယာဝင်နှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်စာရင်း (ပုံစံ-င၊ ပုံစံ-၂၆)များကို အခြေခံလျက် မိမိတို့နှင့်မသက်ဆိုင်သည့် ပိုင်ဆိုင်ရယူခြင်းမရှိသော ကုမ္ပဏီ၏အစုရှယ်ယာဝင်အဖြစ်မှလည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှလည်းကောင်း တရားဝင်နုတ်ထွက်မှုများဖြစ်စေရန် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ လက်မှတ်ရေးထိုး နုတ်ထွက်မှုများ ပြုလုပ်ကြရန်ဖြစ်ပါသည်။

အပိုဒ်(၄)အထက်ပါ အပိုဒ်(၃)ပါ ကိစ္စရပ်များတွင် အကျုံးဝင်သောကိစ္စရပ်တစ်ခုဖြစ်သည့် (က)အမှတ် ၃၃၅/၃၃၆၊ ထားဝယ်လမ်း၊ (၂၃)ရပ်ကွက်၊ စက်မှုဇုန်(၁)၊ တောင်ဒဂုံမြို့သစ်ရှိ မြေကွက်၊ (ခ)အမှတ် ၂၇၊ ရွှေယင်းမာလမ်းနှင့် ဓမ္မာရုံလမ်းထောင့်၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ရှိ မြေကွက်နှင့် (ဂ)အမှတ် ၆၁၊ ခြောက်လွှာ၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်ရှိ အခန်းတို့အား ဦးဘင်သစ်(ခ)ဦးမိန်တက်၏ ပိုင်ဆိုင်မှုပစ္စည်းများအဖြစ် တရားဝင်အမည်ပေါက်သည်အထိ ပထမအုပ်စုဝင်ပုဂ္ဂိုလ်များအနက် သက်ဆိုင်သူများမှ လွှဲပြောင်းဆောင်ရွက်ပေးရန်ဖြစ်သည်။

(ပထမအုပ်စုဝင်ပုဂ္ဂိုလ်များအားလုံးသည် Three Gold Star Manufacturing Co.,Ltd. နှင့် Seven Diamond Dragon Trading Co.,Ltd.တို့မှလည်းကောင်း၊ ဒုတိယအုပ်စုဝင်ပုဂ္ဂိုလ်များသည် Ta-Fa Trading Co.,Ltd. နှင့် Myanmar Super Dragon Group Co.,Ltd.တို့မှလည်းကောင်း တရားဝင်အသီးသီးနုတ်ထွက်မှုများ ပြုလုပ်ကြရန်ဖြစ်သည်။)

အပိုဒ်(၇)-ကုမ္ပဏီစီးပွားရေးလုပ်ငန်းများကို သီးခြားပိုင်ဆိုင်မှုအဖြစ် ခွဲခြားခြင်းကြောင့် ဒုတိယအုပ်စုဝင် ပုဂ္ဂိုလ်များဖြစ်သော **ဦးစိုင်ဟူ၊ ဒေါ်ဝါဝါအေး၊ ဒေါ်မာလာအောင်** တို့အား ကိုယ်ပိုင်သီးခြားလုပ်ငန်း ဆောင်ရွက်ရန်အတွက် ငွေသားကျပ် ၃၀၀၀၀၀၀၀၀/- (ကျပ်သိန်းသုံးထောင်တိတိ)ကို ယနေ့စာချုပ်ချုပ်ဆိုသည့်ရက်မှ စတင်ရေတွက်လျှင် နှစ်လတစ်ကြိမ်၊ တစ်ရစ်ကျန္နန်းဖြင့် သုံးရစ်၊ သုံးကြိမ်ခွဲပြီး **ပထမအုပ်စုဝင် ပုဂ္ဂိုလ်များက ပေးရန်ဖြစ်သည်။**

အပိုဒ်(၉)-အထက်အပိုဒ်(၈)ပါအတိုင်း ဆောင်ရွက်ပြီးစီးသည့် နေ့ရက်မှစ၍လည်းကောင်း၊ ယခုဤစာချုပ်ချုပ်ဆိုချိန်တွင် တည်ရှိသောအခြေအနေများအရလည်းကောင်း အုပ်စုဝင်ပုဂ္ဂိုလ်အသီးသီးတို့သည် ကုမ္ပဏီ(၄)ရပ်နှင့်ပတ်သက်၍ မိမိတို့အသီးသီး၏ အကျိုးခံစားရရှိပိုင်ခွင့်များကို အပြီးသတ်လွှဲပြောင်း ရရှိကြပြီးဖြစ်သည်ဟုမှတ်ယူ၍ သက်ဆိုင်ရာလုပ်ငန်းအသီးသီးတွင် တစ်ဖက်နှင့် တစ်ဖက် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြောဆိုခြင်း၊ တရားစွဲဆိုခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ကြရန်နှင့် အချင်းချင်းမည်သူမျှ (ကုမ္ပဏီဝန်ထမ်းများအပါအဝင်) ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းမပြုလုပ်ကြရန် သဘောတူဝန်ခံကြပါသည်ဟု ဖော်ပြသဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ သဘောတူညီချက်အရ မိမိနှင့်မသက်ဆိုင်တော့သည့် ကုမ္ပဏီမှ မိမိ၏အစုကိုအဆိုပါကုမ္ပဏီနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်များသို့ အသီးသီးလွှဲပြောင်းပေးခဲ့ကြပြီးဖြစ်၍ ယခုအခါ **Ta-Fa Trading Co.,Ltd. တွင် ဦးမိန်တက်(ခ)ဦးဘင်သစ် လုံးဝမပါဝင်တော့ပါ။ အလားတူ ဦးကျင်စိန်၊ ဒေါ်နီနီအေးတို့သည် Three Gold Star Manufacturing Co.,Ltd. တွင် အစုဝင်အဖြစ် လုံးဝမပါဝင်တော့ပါ။**

ဦးကျင်စိန်နှင့် Ta-Fa Trading Co.,Ltd. မှ ပုဂ္ဂိုလ်များသည် ၂၄-၉-၂၀၁၂ရက်စွဲပါ သဘောတူညီချက်ကို လိုက်နာဆောင်ရွက်ပေးရမည့်အစား ဖောက်ဖျက်ပြီး မြန်မာနိုင်ငံအနှံ့ရှိ ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာထားသော **Three Gold Star Manufacturing Co.,Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးသည့် ကုန်ပစ္စည်းများ၊ ကြော်ငြာများကိုဖြုတ်၍ Ta-Fa Trading Co.,Ltd. မှ ဖြန့်ဖြူးသည့် Follow Me Herbal Fresh သွားတိုက်ဆေး၊ Follow Me Green Tea ခေါင်းလျှော်ရည်၊ Silkpro Shampoo၊ Good Maid ကုန်ပစ္စည်းကြော်ငြာများကို ကြော်ငြာခဲ့သဖြင့် တရားဥပဒေအရ အရေးယူခံရပါသည်။** ထိုသို့ အရေးယူခံရမှ Ta-Fa Trading Co.,Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးထွန်းကြည်က ကုမ္ပဏီ(၄)ခုစလုံးအား အများဆန္ဒအရ ဖျက်သိမ်းမှု ပြုလုပ် ပေးပါရန် ကျန်ကုမ္ပဏီအစုရှင်များအား ၉-၁-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာ ပေးပို့တောင်းဆိုခဲ့ပြီး **ဦးကျင်စိန်**က သတင်းစာမှ ၂၂-၁-၂၀၁၃ရက်စွဲပါကြော်ငြာဖြင့် ကုမ္ပဏီများသည် ယခင်အတိုင်း Ta -Fa Trading Co.,Ltd. ၏လက်အောက်ခံ ကုမ္ပဏီများအဖြစ် ဥပဒေအရ ခိုင်မာတည်ရှိမြဲတည်ရှိနေပါသည်ဟု အမျိုးမျိုးကွဲလွဲစွာ ကြေညာခဲ့ပါသည်။ ကြော်ငြာတွင် Ta-Fa Trading Co.,Ltd. က **ဦးဆောင်စိုက်ထူခဲ့သည့် တန်ဖိုးမရှိသော မြေစိုက်ကြော်ငြာဆိုင်းဘုတ်များကို အထောက်အထားမဲ့ ကျိုးကြောင်းဆီလျော်မှုမရှိသော အချက်ကို တောင်းဆိုလာခဲ့ကြပါသည်ဟု ဖော်ပြထားသည်မှာ တရားရုံးကို မထီမဲ့မြင်ပြုရာရောက်နေပါသည်။**

ထို့ပြင် ၂၂-၁-၂၀၁၃ရက်စွဲပါကြော်ငြာတွင်ဖော်ပြထားသကဲ့သို့ စည်းလုံးညီညွတ်မှုကိုလျစ်လျူရှုပြီး ကုမ္ပဏီများ ခွဲဝေပေးရန် တောင်းဆိုခဲ့၍ ၂၄-၉-၂၀၁၁ရက်စွဲပါစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းမဟုတ်ပါ။ ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်တော့၍ Ta-Fa အုပ်စုစီးပွားရေးလုပ်ငန်းကို ဖျက်သိမ်းရန် ၂၄-၉-၂၀၁၁ရက်စွဲပါ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ ၂၄-၉-၂၀၁၂ရက်စွဲပါ သဘောတူလက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များသည်လည်း ကုမ္ပဏီများကို ယာယီခွဲခြားပေးရန် ယေဘုယျသဘောတူညီချက်မဟုတ်ပါ။ Ta-Fa အုပ်စုစီးပွားရေးလုပ်ငန်းကို အစုဝင်များအားလုံးညှိနှိုင်းဖျက်သိမ်း၍ ကုမ္ပဏီအသီးသီးကို သီးခြားခွဲခြားလုပ်ကိုင်ဆောင်ရွက်ကြသဖြင့် ကုမ္ပဏီအသီးသီးရပိုင်ခွင့်ရှိသည်များကို ညှိနှိုင်းပြီး သဘောတူလက်မှတ်ရေးထိုးခွဲဝေခဲ့ကြသည့် တရားဝင်ဥပဒေနှင့် ညီညွတ်စွာချုပ်ဆိုထားသည့် သဘောတူညီချက်ဖြစ်၍ **မည်သူကမျှ တစ်ဖက်သတ်ဖျက်သိမ်းခွင့်မရှိပါ။ ဥပဒေပညာရှင်ဖြင့်လည်း ဖျက်သိမ်း၍မရပါ။ သဘောတူစာချုပ် တစ်ရပ်ကို ချုပ်ဆိုသူ နှစ်ဖက်ကာယကံရှင်များမဟုတ်သည့် ဥပဒေပညာရှင်ကဖျက်၍ ပျက်ပြယ်သည်ဟု မတွေ့ဖူးပါ။**

Ta-Fa Trading Co.,Ltd. သည်ကုမ္ပဏီ (၃)ရပ်၏ဦးပိုင်ကုမ္ပဏီမဟုတ်ပါ။ ကုမ္ပဏီ (၄)ခုလုံးသည် သီးခြားကုမ္ပဏီများသာဖြစ်ပါ၍ Ta-Fa Trading Co.,Ltd. သို့ ကျန်ကုမ္ပဏီ၏ ကိစ္စရပ်များကို တင်ပြစရာမလိုပါ။ ကြော်ငြာပါတောင်းဆိုချက်များကို လိုက်နာရန်အကြောင်းမရှိပါ။ ထို့ပြင် **ဦးကျင်စိန်သည် Three Gold Star Manufacturing Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ မဟုတ်တော့ကြောင်းသိလျက်နှင့် မန်နေဂျင်းဒါရိုက်တာဟု ဖော်ပြကြေညာခဲ့သည်မှာ လိမ်လည်လှည့်ဖြား ကြေညာခဲ့ခြင်းဖြစ်ပါသည်။** ထိုသို့ မမှန်မကန်ကြေညာခဲ့သဖြင့် Three Gold Star Manufacturing Co.,Ltd. ၏စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်နစ်နာစေခဲ့ပါ၍ အမှန်အတိုင်း ဖြစ်စေရန်အတွက် **ဦးကျင်စိန်သည် Three Gold Star Manufacturing Co.,Ltd. နှင့်** လုံးဝမသက်ဆိုင်ကြောင်းနှင့် မန်နေဂျင်းဒါရိုက်တာ မဟုတ်တော့ကြောင်း ပြင်ဆင်ကြေညာချက်ကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကြေညာပေးပါရန် တောင်းဆိုပါကြောင်း၊ မဆောင်ရွက်ပါက အရေးယူမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ယု၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈)
အမှတ် (၂၉) (တတိယထပ်)၊ (၃၅)လမ်း (အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၂၆၅

ကြော်ငြာ

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF TRANSPORT
DEPARTMENT OF CIVIL AVIATION

Announcement of Prequalified Firms for Yangon International Airport Project

1. The Prequalification Evaluation Committee formed by the Ministry of Transport has evaluated the prequalification documents submitted by nineteen applicants for the Yangon International Airport Project and has selected the best qualified eleven firms based on (a) financial strength (b) experience record (c) qualified personnel and (d) equipment resources.

2. Accordingly, the Department of Civil Aviation, Ministry of Transport hereby announce the following list of firms which are prequalified to submit tenders for the Yangon International Airport Project.

No.	Reg No.	Leading firm	Consortium	Country
1	003	Invest Import AD	Invest Import	Serbia
			Airport Nikola Tesla Belgrade JSC	Serbia
			Cox K	Russia
			Marcon United	Cyprus
			Energoprojekt – Industrija AD	Serbia
			Denesa M Engineering Ltd.	Serbia
			Shwe Taung Development	Myanmar
2	005	Toyota Tsusho Corporation	Toyota Tsusho Corporation	Japan
			Central Japan International Airport Co., Ltd.	Japan
			Aung Thuang Co., Ltd.	Myanmar
3	008	Vinci Airport	Vinci	France
			Muhibbah	Malaysia
			Shwe Taung Development	Myanmar
4	010	ITNL International Pte., Ltd.	ITNL International Pte Limited	Singapore
			IL&FS Transportation Networks Limited	India
			Dublin Airport Authority	Ireland
			Htoo Construction Development Group Co., Ltd.	Myanmar
			Larsen & Toubro Limited	India
5	011	ACC Investment Group Co., Ltd.	ACC Investment Group LLC	USA
			Myint Mo Oo General Services Co., Ltd.	Myanmar
			McKinsey & Company Inc.	Hong Kong
			The MITRE Corporation	USA
			Jeison Consulting, Inc.	USA
			Fentress Architects	USA
			Burns & McDonnell Engineering Co., Ltd.	USA
6	012	Incheon Airport Consortium	Incheon International Airport Corporation	Korea
			Kumho Industrial Co., Ltd.	Korea
			Halla Engineering and Construction Corporation	Korea
			AI Construction Co., Ltd.	Myanmar
7	013	Great Unity	Great Unity Co., Ltd.	Myanmar
			Flughafen Munchen Gmbh (Munich Airport) & MUC	Germany
			Flow Projects (India) Ltd.	India
			Shihlin Electric & Engineering Corporation	Taiwan
8	014	Pioneer Aerodrome Services	Pioneer Aerodrome Services Co., Ltd.	Myanmar
			China Harbour Engineering Co., Ltd.	China
			CPG Consultant Pte Ltd.	Singapore
			Malaysia Airport consultancy Services Sdn. Bhd.	Malaysia
9	017	Sojitz Corporation	Sojitz Corporation	Japan
			Hosoda Corporation	Japan
			Japan Airport Terminal Co., Ltd.	Japan
			New Kansai International Airport Co., Ltd.	Japan
			Five Oceans Company Ltd.	Myanmar
10	020	Bouygues Batiment First Pacific Yoma FMI	Bouygues Batiment	France
			First Pacific	Hong Kong
			First Myanmar Investment	Myanmar
			Yoma Strategic Holdings	Singapore
11	025	Yongnam-CAPE-JGC Consortium	Yongnam Holdings Limited	Singapore
			JGC Corporation	Japan
			Changi Airport Planners and Engineers Pte., Ltd.	Singapore
			Pac Link Trading Ltd.	Myanmar

Note: *The list is in order of the registration number of the firms at the time of purchase of prequalification documents from the Department of Civil Aviation.*

3. The Department of Civil Aviation will inform in writing to each of the firms in the above list the date and terms and conditions for purchase of the tender documents.

အိမ်ခြံ ရောင်းမည်
နှစ်ထပ်တိုက်၊ အမှတ် ၁၀၀၊ ခတ္တာလမ်း၊ ခရေပင်လမ်းခွဲ၊ မင်္ဂလာဒုံ၊ နှစ်ဖ၀ဂရန်၊ ရေ၊ မီးစုံ၊ အရှေ့လှည့်၊ ဖုန်း-၀၉-၅၅၀၄၁၁၇

ဝန်ထမ်းအလိုရှိသည်
L & Y Group Of Companies ...
(၁) B.E (Civil)/A.G.T.I (Civil) ... Engineer/ Project Engineer (3) ဦး
(၂) B.E (Civil)/A.G.T.I (Civil) ... Engineer/Site Engineer (4) ဦး
...
Ph : 01-563515, 01-8535484
E-mail : ...
Website : www.landy-group.com

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာဦးမောင်မောင်ခင်
လက်ထောက်အထွေထွေမန်နေဂျာ(ရောင်း/စက်၊ ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
အသက်(၈၃)နှစ်

သူငယ်ချင်းဒေါ်ခင်စောဦး(လက်ထောက်အထွေထွေမန်နေဂျာ၊ ပြည်ပရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)၏ ဖခင် ဆရာဦးမောင်မောင်ခင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄ ခုနှစ် လက်ထောက်မန်နေဂျာ(ရောင်း/စက်)သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာမကြီးဒေါ်အေးကြင်
အထက(၁)၊ ကမာရွတ်၊ မရမ်းခြံဘော်ဒါဆောင်
အသက်(၇၆)နှစ်

မရမ်းခြံဘော်ဒါအဆောင်မှူး ဆရာမဒေါ်အေးကြင်သည် ၃၀-၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မရမ်းခြံဘော်ဒါမှ သမီးတပည့်များ
ကြူကြူတင်(မြိတ်) (၁၉၇၂-၇၄)
ချယ်ရီစမ်း(ကျောက်ပန်းတောင်း ၁၉၈၄-၈၅)၊စန္ဒာတင်(ကျောက်ပန်းတောင်း ၁၉၈၄-၈၆)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအောင်ဇော်ညွန့်၊ သားဖွားမီးယပ်အထူးကုဆရာဝန်၏ဖခင် ဦးဘညွန့်ဦး အသက်(၇၄)နှစ်သည် ၁-၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးရုံအုပ်ကြီးနှင့်အထူးကုဆရာဝန်ကြီး/ငယ်များ
လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့်
ဆေးရုံဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကောင်ရှိန်အိ(ခ)ဒေါ်စန်းရီ
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ASIAN VILLA အိမ်ရာဝင်းမှ ဦးစိုးမြင့်(ခ) ဦးကိုကိုကြီး၏ဇနီး ဒေါ်ကောင်ရှိန်အိ(ခ)ဒေါ်စန်းရီသည် ၂-၂-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ASIAN VILLA အိမ်ရာဝင်း
မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သီတာဝင်း
အထက်တန်းပြဆရာမ
အထက(၄)တာမွေ

သီတာရေ

၆-၂-၂၀၁၃ ရက်မှာ သီတာအတွက် ရက်လည်ဆွမ်းကျွေး အလှူပေးခဲ့ကြတယ်။ ဒို့တစ်တွေ ပြုသမျှ ကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ သာဓုခေါ်ပါနော်။

အမျှ - အမျှ - အမျှ

ဒေါ်ခင်ခင်ဆင့်(ကျောင်းအုပ်ကြီး)နှင့်
ဆရာမများ၊ ကျောင်းသူများ၊
အထက(၄)တာမွေ

(၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါ်မစံအေး(စစ်တွေ)
၃-၂-၂၀၀၃ မှ ၃-၂-၂၀၁၃

မေမေကွယ်လွန်ခဲ့သည်မှာ (၁၀)နှစ်ပြည့်မြောက်ပြီးဖြစ်ပါ၍ မေမေအတွက်ရည်စူးပြီး ဘုရား၊ သိမ်၊ ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် ရွှေပြည်ဟိန်းကုသိုလ်ဖြစ်မျက်စိဆေးရုံတို့၌ လှူဒါန်းရသော အကျိုးအားကြောင့် ရောက်လေရာမြင့်မြတ်သောဘုံဘဝကနေ မြင်နိုင်ကြားနိုင်သိနိုင်၍ သာဓုခေါ်ဆိုနိုင်ပါစေ။ **မေမေရေ အမျှ - အမျှ - အမျှ**

ဦးမောင်လှသံ-ဒေါ်မအေးကျော့မိသားစု
ဦးဘကျော်လမ်း၊ လမ်းသွယ်(၁)၊တာမွေလေးရပ်ကွက်

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီ ဦးတင်ယု

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

(တစ်သက်တာရုပ်ရှင်ဆု)

အသက်(၉၃)နှစ်

ဒေါ်မြင့်မြင့်ရီ(ခ)မာလာရီ၏ခင်ပွန်း ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီဦးတင်ယုသည် ၅-၂-၂၀၂၃ရက် (အင်္ဂါနေ့) ည ၈နာရီတွင် နေအိမ်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
အရာထမ်း၊ အမှုထမ်းများ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင့်အောင် (မွှာစရိယ ဦးတင့်အောင်)

(ထူးကြီးအသင်းရန်ကုန်) (ကန်တော့ခံသက်ကြီး၊ ရာသက်ပန်အသင်းဝင် YMBA အသင်း)

(ဒု-ကျမ်းပြုမှူး၊ ငြိမ်း၊ သာသနာရေးဦးစီးဌာန)

အသက်(၈၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ (ဦးချစ်ခင်-ဒေါ်နှင်းချိန်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက် ၅၈/၆၄၊ အခန်း ၃၀၅-ခနေ ဒေါ်ကြည်လေး၏ခင်ပွန်း၊ ဦးအောင်ဖုန်းမြင့် (မန်နေဂျာ-RELAX)-ဒေါ်ထားထားမော်၊ ဦးမောင်မောင်ကြည်အေး(သထပ၊ ငြိမ်း)-ဒေါ်အေးအေးမြင့်(ဦးစီးအရာရှိ၊ သာသနာရေးဦးစီးဌာန)၊ (ဦးအောင်သန်း)-ဒေါ်ဝါဝါမြင့်(ဘဏ္ဍာရေးဌာန၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး)၊ (ဦးဝင်းမြတ်အောင်)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိုးဝင်း-ဒေါ်ကြော့ကေခိုင် (UNOPS)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၅၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိန်း (အမေမြ)

အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ ဦးစိုင်းဘထွန်း-ဒုတိယဗိုလ်မှူးကြီးစန္ဒာမြင့် (ကလေးအထူးကုပါရဂူ၊ အမှတ်-၁၊ သမက၊ မင်္ဂလာဒုံ)တို့၏ကျေးဇူးရှင်မွေးမိခင်၊ နန်းမေမြတ်နိုးဦး၏ချစ်လှစွာသောအဘွား ဒေါ်သိန်း(အမေမြ)ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်နန်းလင်္ကာ(လားရှိုးမြို့)
ဦးကျော်ဆန်း-ဒေါ်နန်းယာမီ (ပဲခူးမြို့)
ဒေါ်နန်းသီတာ(ပဲခူးမြို့)
ဒေါ်နန်းနီလာ(ရန်ကုန်မြို့)

ဒုတိယဗိုလ်မှူးကြီးအောင်မြင့်သိန်း O.T.S (91)

အသက်(၄၅)နှစ်

(ဦးမောင်ခိုင်-ဒေါ်မြတင့်)တို့၏သား၊ ဦးတင်ငွေ-ဒေါ်သိန်းဝင်းတို့၏သားသမက်၊ အမှတ် ၉၄၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ ရန်ကုန်မြို့နေ ဒေါ်ဆွေဆွေသင်း၏ခင်ပွန်း၊ မောင်စွမ်းထက်အောင်(Grade-VI, TTC)၊ မောင်ရှင်းသန့်အောင်(Grade-II, TTC)တို့၏ဖခင်သည် ၆-၂-၂၀၂၃ရက် ည ၇း၃၀နာရီတွင် ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၂၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးသန့်ဇင်(ခ)ဦးရှန်ဘိ

အသက်(၇၉)နှစ်

ဝါးခယ်မမြို့နေ ဦးထိုင်ရုံ-ဒေါ်ကျင်မေတို့၏သားထွေး၊ ဒေါက်တာနန်းလာဟန် (ဒုဆေးရုံအုပ်၊ အလုပ်သမားဆေးရုံကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ကြူကြူ၊ ဦးသိန်းထွန်း(ခ)ဦးရှန်ကီး၊ ဦးရှန်ပို၊ ဒေါ်ခင်လေးကြူတို့၏ညီ၊မောင်၊ ဒေါက်တာဒေါ်အမာကြူ၏အစ်ကို၊ ဒေါ်မေမေဇင်-ဦးစိုးမိုးခိုင်၊ ဒေါ်သန့်သန့်ဇင်-Richard Paul၊ ဒေါ်ထွေးထွေးဇင် - Robert မင်းဟန်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၂-၂၀၂၃ ရက်(ကြာသပတေးနေ့) ဒေသစံတော်ချိန် မွန်းတည့် ၁၂နာရီတွင် Australia Perth မြို့တွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးမောင်မောင်သိန်း

(ငွေစာရင်းကိုင်ချုပ်)

(T.T International Ltd.)

အသက်(၆၆)နှစ်

စက်ရှင်မင်းကြီး (ဦးကို-ဒေါ်ကြီးမြင့်)တို့၏သားကြီး၊ ဦးသန်းကျော်(တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံ)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးကျော်ညွှန့်တို့၏အစ်ကို၊ ဒေါ်မြမြသန်း (အလက-၂၊ ရန်ကင်း၊ ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်အေမွန်၊ဗိုလ်ကြီးအောင်မော်မြင့်(ရေ၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးလှိုင်မျိုးအောင် - ဒေါ်မေမွန်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည်၆-၂-၂၀၂၃ရက်၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၂၃ရက် ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [တိုက် ၂၇၅၊ အခန်း ၆၊ ရန်ကင်း (၂)ရပ်ကွက် နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ရဟန်းအမ

ဒေါ်ငွေးငွေး

အသက်(၆၄)နှစ်

ရန်ကင်းမြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်-၁၆၊ တိုက်အမှတ် ၁၃၃၊ အခန်း ၇နေ (ဦးပါ-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးချစ်စိန်-ဒေါ်လှမြိုင်)တို့၏ချွေးမ၊ ဦးစံရင်(မြို့နယ်ပညာရေးမှူး၊ငြိမ်း)၏ဇနီး၊ ဒေါ်စံပယ်(JAT လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ရန်ကင်း)၊ ဦးအောင် ကိုကိုလွင်(Multigate)-ဒေါ်ခွာညို (JAT, အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏မိခင်၊ မဆုလင်းထက် (Grade-7, အထက-၂၊ ဗဟန်း)၏အဘွားသည် ၇-၂-၂၀၂၃ရက် မွန်းလွဲ ၁း၅၀နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၉-၂-၂၀၂၃ရက်ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးလှရွှေ(ခ)ဦးဝ

ပြန်/ဆက်ဦးစီးဌာန(ငြိမ်း)

(တောင်ကုတ်)

အသက်(၆၆)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်နေ ဦးကျွန်ထီး-ဒေါ်ရွှေဦးဖြူတို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၂ (ပထမထပ်)၊ သီရိမြိုင် ၈လမ်း၊ (၁၃) ရပ်ကွက်၊လှိုင်မြို့နယ်နေ ဒေါ်တင်သိန်း၏ခင်ပွန်း၊မသက်သက်အေး(ခေတ္တ-ဂျပန်)၊ မောင်ကျော်ဇေယျာလင်း(ခ)မောင်မောင်အေးတို့၏ဖခင်၊မသူသူခိုင်၏အဘိုးသည် ၆-၂-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသောင်းညွန့် (ဆားတောင်/စစ်ကိုင်း)

(သက်ကြီးစာပေကန်တော့ခံ သတင်းစာဆရာ)

အသက်(၉၀)

စစ်ကိုင်းမြို့နယ်၊ ဆားတောင်စံပြကျေးရွာနေ (ဦးဖေခန့်-ဒေါ်ဒေါ်မုံး)တို့၏သား၊ (ဦးသုတ-ဒေါ်လှကြင်)၊ (ဦးတင်ဦး-ဒေါ်သန်းရင်)၊ (ဦးလှအောင်-ဒေါ်ခင်ညွန့်)တို့၏ညီ/မောင်၊ (ဦးလူမောင်-ဒေါ်ကျည်းတန်)၊ ဦးသာငွေး-(ဒေါ်မြသိန်း)တို့၏အစ်ကို၊ (ဒေါ်ဒေါ်ဆိုး၊ မိုးကုတ်ယောဂီ)၏ခင်ပွန်း၊ ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)-ဒေါ်တင်ရည်၊ ဦးခင်မောင်တင်-ဒေါ်ခင်စန်းညွန့်(စက်မှု/အထည်)၊ ဦးစိုးကြည်ဝင်း(ဗီဒီယို၊ဓာတ်ပုံ-စစ်ကိုင်း)-ဒေါ်မာမာခိုင်၊ ဒုတိယဗိုလ်မှူးကြီးကျော်စိန်ဝင်း(ငြိမ်း၊ တပ်မတော်-လေ)-ဒေါ်သက်သက်စိန်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နှင်းမူ အသက်(၇၃)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နယူးစီဗွီလိုင်း၊ အမှတ် ၆၊ ၃၃လမ်း၊ ၆၇×၆၈လမ်းကြားနေ (ဦးစိန်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘိုးသုံ-ဒေါ်စောခင်)တို့၏ချွေးမ၊ ဦးတင်မောင်သန်း(ဥက္ကဋ္ဌ၊ မြန်မာ Egress၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ချုပ်)-ဒေါ်မိုးသူဇာသုံ၊ ဦးတင့်ဝေသုံ(ခရိုင်အုပ်ချုပ်ရေးမှူး၊ကော့ကရိတ်)-ဒေါ်လှလှငွေး၊ ဦးမင်းအောင်သုံ-ဒေါ်နန်းဝါဝါခမ်း၊ ဒုတိယဗိုလ်မှူးကြီးကြည်မင်းထူး - ဒေါက်တာမျိုးသန္တာသုံ(ကျောက်ဆည်တက္ကသိုလ်)၊ ဦးညီညီကျော်(ငယ်/ယာ၊ မြို့ပြကျောက်ဆည်ခရိုင်)၊ ဒေါ်ခင်သီတာသုံ(လက်ထောက်အင်ဂျင်နီယာ၊ အဆောက်အအုံအထူးအဖွဲ့-၆)တို့၏မိခင်၊ မောင်ဝေယံမိုးသုံသန်း(Myanmar Peace Centre)၊ ရတနာတင့်ဝေသုံ (Victoria College)၊ ဝင့်ဝါမိုးသုံသန်း(အထက-၄၊ ကမာရွတ်)၊ အိမ်ရွှေမိုးသုံသန်း(ရန်ကင်း-TTC)၊ ခင်ကုံကော်သုံ(အလက-၁၀၊မန္တလေး)၊ ခန့်စည်သူသုံ(ပညာ့နန်းတက်)၊ ခွန်ရဲရင့်သုံ(အလက-၁၀၊ မန္တလေး)၊ မေမင်းသုံ(အထက-၁၆၊ မန္တလေး)၊ မင်းခန့်ထူး(မန္တလေး-TTC)၊ လမင်းသုံ၊ သန့်ထူးသုံတို့၏ဘွားဘွားကြီး၊ (ဒုတိယဗိုလ်မှူးကြီးမောင်မောင်သုံ၊ ငြိမ်း)၏ဇနီးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နှင်းမူ အသက်(၇၃)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နယူးစီဗွီလိုင်း၊ အမှတ် ၆၊ ၃၃လမ်း၊ ၆၇×၆၈လမ်းကြားနေ (ဦးစိန်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘိုးသုံ-ဒေါ်စောခင်)တို့၏ချွေးမ၊ (ဦးခင်မောင်ရီ-ဒေါ်ကြည်)၊ (ဦးမောင်ကြီး၊ ဆောက်လုပ်ရေး-ဒေါ်ကြွေ)၊ [ဗိုလ်မှူးကြီးထွန်းနောင်(ငြိမ်း)-ဒေါ်မေမေသုံ]၊ (ဗိုလ်မှူးဘစန်း-ဒေါ်တင်တင်ရီ)၊ (ဦးဘရင်)-ဒေါ်မြမြတို့၏ညီမ၊ (ဦးခင်မောင်မောင်)-ဒေါ်ခင်မမသုံ (ပညာရေးမှူး၊ငြိမ်း)၊ ဗိုလ်ကြီးဖေတင်(ငြိမ်း)-ဒေါ်ဖြူဖြူသုံ၊ ဦးဖေဝင်း(ညွှန်မှူး၊ ဆည်မြောင်း၊ ငြိမ်း)-ဒေါ်ရင်ရင်သန်းတို့၏အစ်မ၊ တူ၊ တူမ ၄၆ယောက်တို့၏အဒေါ်၊ (ဒုတိယဗိုလ်မှူးကြီးမောင်မောင်သုံ၊ ငြိမ်း)၏ဇနီးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နုနုရီဖေ [အထပြ(ငြိမ်း)၊ အထက(၃)ဟင်္သာတ]

အသက်(၆၇)နှစ်

ဟင်္သာတမြို့၊ သုံးပင်ကွင်း အလယ်လမ်း၊ အမှတ် ၁၆၉နေ (ဦးလှဖေ-ဒေါ်ကျင်စိန်)တို့၏သမီးကြီး၊ ဦးဝင်းတင်(စာရင်းစစ်မှူး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်)၊ ဒေါ်အေးအေးခိုင်(စာရင်းစစ်အရာရှိ၊ ငြိမ်း)တို့၏အစ်မသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်မိုး

ဆောက်လုပ်ရေး ငွေစာရင်းကိုင်(ပ)(ငြိမ်း)

အသက်(၆၆)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေ (ဦးညီပု၊ မြေစာရင်းအင်စပက်တော်-ဒေါ်ကြည်)တို့၏သားကြီး၊ ဆရာတော်ဦးကေလာသ(ဥက္ကဋ္ဌ၊ မြို့နယ်သံဃာ့နာယကအဖွဲ့)၏ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ အမှတ် ၁၉၃၊ ဗန္ဓုလလမ်းနေ ဦးငွေအောင်-ဒေါ်ခင်သန်းနွယ်၊ ဦးမောင်မောင်မြ-ဒေါ်နွယ်နီသိန်းတို့၏အစ်ကို၊ ဦးတက်လူကျော်-ဒေါ်နွယ်နီဝင်း၊ ဦးအောင်သူကျော်-ဒေါ်စန္ဒာအောင်၊ မခင်လပြည့်ဝန်း၊ မောင်ထက်လူကျော်၊ မောင်အုပ်စိုးမောင်မောင်တို့၏ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းဝင်း

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ် ၁၅၅နေ (ဦးဘရီ-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဒေါ်ငွေးဝင်း-ဦးခင်ညွန့်)တို့၏ညီမ၊ (ဦးတင်အောင်-ဒေါ်ပြုံး)၊ (ဦးညွန့်လှိုင်)-ဒေါ်တင်ညွန့်တို့၏အစ်မ၊ (ဦးဘဂျာ၊ ဌာနခွဲစာရေးကြီး၊ ငြိမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)၏ဇနီး၊ (တပ်ကြပ်ကြီးမြတ်ထွဋ်)-ဒေါ်တင့်တင့်၊ တပ်သားခင်ထွဋ်(ငြိမ်း)-ဒေါ်ရီရီရွှေ၊ တပ်သားဇော်လင်း(ငြိမ်း)၊ တပ်သားကြည်လင်း၊ ကိုသစ်ဆန်း(ပြည်တွင်းအခွန်)-ဒေါ်ခိုင်စံပါယ်တင် (ပြည်တွင်းအခွန်)၊ ကိုလှမျိုး-မဝင်းဝင်းမော်၊ မခင်ရှမ်းဗိုလ်၊ တပ်သားဇော်မြင့်နိုင် (တောင်ကြီး)၊မောင်ညီညီဒွေး(ပြည်တွင်းအခွန်)တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၆-၂-၂၀၂၃ရက် နံနက် ၃း၃၀နာရီတွင် ရန်ကုန် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းနွဲ့(ခ) တာတာ(ခ)

Margaret Hla Kyaw

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလ complex၊ အခန်းအမှတ် A-၃၀၄၊(East Point Ocean)အပေါ်နေ (ဝတ်လုံ ဦးလှကျော် - ဒေါ်ညွန့်ညွန့်)တို့၏တစ်ဦးတည်းသောသမီး၊ ဦးအေး(အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ MEPE)၏ဇနီး၊(ကိုကျော်မျိုးအေး)၊(မနွဲ့သင်းအေး)၊ ဦးညွန့်ဝင်းအေး(ခ)ကိုလေး-ဒေါ်စိုးစိုးကြီး၊ ဦးကျော်သူအေး(ခ) Ko Fat-ဒေါ်ခိုင်ဇာလင်း၊ ဦးမျိုးညွန့်အေး(ခ)မျိုးကြီး - ဒေါ်မေမွန်တိုးဝင်းတို့၏မိခင်၊ မဝေရာမင်မာ(ခ)Peace၊ မဆုစန္ဒီမောင်(ခ)Sweety၊ မနှိုင်းယုယ(ခ)လုံးလုံး၊ မဟန်ဆုရတီ(ခ)သမုဒယတို့၏ အဘွားသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းရင်

သာယာဝတီမြို့နယ်အသင်း ကန်တော့ခံ

အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ရေဝေရပ်ကွက်၊ ရန်ကုန်၊ ပြည်လမ်းနေ (ဦးစိုးညွှင်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးတင်ထွန်း၊ အကျဉ်းဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးမင်းမော်-ဒေါ်မြင့်မြင့်ခင်၊ ဒေါ်သင်းသင်းညွန့်၊ ဦးတင်မောင်ထွဋ်-ဒေါ်အေးမြင့်၊ ဦးရဲဘိုဘို-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်စိုးလှိုင်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားသည် ၆-၂-၂၀၂၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍၈-၂-၂၀၂၃ရက်မွန်းလွဲ၁နာရီတွင် ထောင်ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ သာယာဝတီမြို့နယ်အသင်း

ဒေါ်အုန်းကြည်

အသက်(၈၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊အမှတ် ၃၊ အရှေ့မြင်းပြိုင်ကွင်းလမ်းနေ (ဦးဘလှ-ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးဘအေး-ဒေါ်ဖွားခင်)တို့၏ချွေးမ၊(ဦးသိန်းလွင်)၏ဇနီး၊ ဒေါ်မြကြည်၏ညီမ၊ ဦးအောင်ကျော်ဦး (မြို့တော်သတင်း) - ဒေါ်စီစီသန်း၊ ဦးအောက်တိုဘာအောင်ကြီး-ဒေါ်လှလှရီ၊ ဦးအောင်မိုး၊ ဒေါ်လှလှတင်၊ ဦးမြင့်ခိုင်-ဒေါ်သန်းသန်းတင်၊ ဦးအောင်ထွန်းဦး-ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၆-၂-၂၀၂၃ ရက် နံနက် ၉း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၂-၂၀၂၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးစိုးအေး B.Ed (1974)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) DBE-(1)

ပြည်နယ်ဝန်ကြီး(ဘဏ္ဍာ/အခွန်) ရခိုင်ပြည်နယ်

အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ (ဦးစောဦး)-ဒေါ်အေးညွန့်ဦးတို့၏သားကြီး၊ ဌမြို့၊ယမုံနာလမ်းနေ(ဦးသိန်းဖေ-ဒေါ်သိန်း)တို့၏သားသမက်၊ စစ်တွေမြို့၊ အစိုးရအဖွဲ့အိမ်ရာဝင်းနေ ဒေါ်မြင့်မြင့် (အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးစိုးထက်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ DWIR ၊ ပို့ဆောင်ရေး) - ဒေါ်အေးမြတ်သန္တာမိုး (အထပြ၊အထက-၂၊သာကေတ)၊ ကိုစိုးနီလတ်-မတင်ဇာလှိုင် (ရတနာစိုး စက္ကူစာရေးကိရိယာဆိုင်၊ ဌမြို့)၊ ကိုချစ်စိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မီမီခင်

အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် ၁၂၈၊ ခနောင်လမ်း၊(၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးခင်မောင်-ဒေါ်ခင်သန်း)တို့၏သမီး၊ ဒေါ်ဝင်းဝင်းခင်၊ ဒေါ်အေးအေးမြင့်၊ ဒုတိယဗိုလ်မှူးကြီးမြင့်တင် (ငြိမ်း)-ဒေါ်မြငွေးဝင်း၊ ဗိုလ်မှူးကြီးဝင်းမြင့်-ဒေါ်ဒေါ်လီခင်၊ ဦးမျိုးခင်-ဒေါ်သင်းသင်းကြူ၊ ဒေါ်ငွေးငွေးမြင့်၊ ဦးဆန်းမင်းကျော်-ဒေါ်နီလာထွေး၊ ဦးကျော်ထူး-ဒေါ်လဲ့လဲ့အောင်၊ ဦးကျော်မျိုးဝင်း-ဒေါ်အေးငြိမ်းစံတို့၏ညီမ၊အစ်မ၊ မောင်ပြည့်စုံမောင်-မရည်မွန်စုလှိုင်၊ မောင်သုတမောင်-မပြည့်မျိုးမော်တို့၏မိခင်၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)၏ဇနီးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၂၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကေလာသ (အစိုးရသာသနဓဇ ဓမ္မာစရိယ)

သက်တော်(၅၄)နှစ်၊ သိက္ခာတော်(၃၄)ဝါ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ သစ္စဝါဒီဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေလာသသည် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၅-၂-၂၀၂၃ရက် နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၉-၂-၂၀၂၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမဂ္ဂိဈာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သစ္စဝါဒီကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသောင်းရီ [မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး]

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ကုန်းဘောင်လမ်း၊ တိုက် ၂/၃၀၆နေ (ဦးဘသိန်း-ဒေါ်သိန်းမေ)တို့၏သား၊ ဒေါ်မြင့်ကြည်ကြည်၏ခင်ပွန်း၊ ဦးတင်မြင့်ချို-ဒေါ်မွန်မွန်ရီ၊(ဦးဝင်းမောင်)-ဒေါ်သူသူရီ၊ (ဗိုလ်မှူးဝသုန်စိုး)-ဒေါ်နိုင်နိုင်ရီ၊ ဦးနိုင်လင်းထွန်း-ဒေါ်လေးလေးမြင့်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါက်တာစိုးအောင်

(ဗိုလ်မှူး၊ ငြိမ်း)

B.V.S, Dip T.V.SC (QLD), D.F.T

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ အမက(၄၉)၊ ကျောင်းလမ်း၊ အမှတ် ၉၈(ခ)နေ (ဦးအုန်းဖေ-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ခင်သိန်း)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အိ(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးညွန့်လှိုင်-ဒေါ်ခင်သီအေး၊(ဦးရွှေပင်-ဒေါ်ထားရှင်)တို့၏ညီ၊မောင်၊ ကိုစိုးသန်း-ဒေါ်မြင့်မြင့်ရီ၊ဗိုလ်ကြီးဇော်မျိုးဦး (မြန်မာ့လေကြောင်း၊ ငြိမ်း)-ဒေါက်တာခင်ခင်ဝင့်အောင် (ကုလသမဂ္ဂ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့)တို့၏ဖခင်၊ မထက်သီရိဝင့်၏အဘိုးသည် ၇-၂-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၂၃ရက် (စနေနေ့)တွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလဝေ(ခ)ဦးလှဝေ

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးတိတ်ပို့-ဒေါ်ပိုးလျှန်)တို့၏စတုတ္ထသား၊ သာကေတမြို့နယ်နေ (ဦးစံတင်-ဒေါ်လှရင်)တို့၏သမက်၊ ဒေါ်ဝင်းတင်၏ခင်ပွန်း၊ ကိုဇော်မင်း၊ ကိုလှဖုန်း၊ကိုသန့်ဇင်မင်း-ဒေါ်မြင့်မြင့်ဆွေတို့၏ဖခင်၊ ဦးမောင်ကြီး-ဒေါ်မြင့်ကြည်၊ ဦးထွန်းလွင် (ဒေါ်အေးကြည်)၊ (ဦးလဝင်း-ဒေါ်မြင့်မြင့်စိန်)တို့၏ညီ/မောင်၊ ဒေါ်မြကြည်(ပစ္စည်းစီမံအရာရှိ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ငြိမ်း)၊ ဒေါ်ဝင်းကြည်၊ ဦးလအောင် (ဘူမိဗေဒအရာရှိ၊ ငြိမ်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါက်တာကျော်မင်း - ဒေါ်ခင်အေးရွှေ (ခေတ္တ-U.S.A)တို့၏အစ်ကို၊ဒေါက်တာနေလင်းဦး-ဒေါက်တာခင်သီတာ၊ ဒေါက်တာဝင်းနိုင်-မမြင့်မြင့်အေး၊ မခင်မာလာ၊ မစန္ဒာဝင်း-ကိုတင့်ဆွေ၊ မသီတာဝင်း၊ ကိုလမင်း-မသီသီဝင်း၊ မသန္တာဝင်း၊ ကိုတင်ဦး - မရွှေစင်ငွေးတို့၏ဦးလေး၊ မသင်းသင်းဆွေ၊ မောင်အောင်ချစ်မင်းတို့၏အဘိုးသည် ၆-၂-၂၀၂၃ရက်နံနက် ၁း၄၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၁၇၉ မဟာဝန်(အောက်လမ်း)၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဦးထွန်းအောင်ကျော်

အထက(၄)ပုဇွန်တောင်(ငြိမ်း)

(တောင်တွင်းကြီး)

အသက်(၈၀)

(ဦးသိမ်း-ဒေါ်မမကြီး)တို့၏သား၊ (ဒေါ်မြကြည်)၊(ဒေါ်မြမြရီ)၊(ဒေါ်လှလှသိန်း)၊ (ဒေါ်တင်တင်သိန်း)၊ ဒေါ်ခင်ခင်လေး၊ (ဦးတိုး-ဒေါ်အုံးအုံး)၊ (ဒေါ်ခင်ငွေးငွေး)၊ ဒေါ်ခင်သိန်းသိန်းတို့၏မောင်၊ ဦးထွန်းအေး - ဒေါ်စန်းစန်းလှတို့၏အစ်ကို၊ ဦးကျော်ညွန့်လွင်-(ဒေါ်အေးအေးသန်း)၊ ဦးအုံးမြင့်-ဒေါ်ခင်စောမာ၊ ဦးစိန်ငွေး-ဒေါ်ခိုင်သက်ထွန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၆-၂-၂၀၂၃ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နှင်းမူ

အသက်(၇၃)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နယူးစီဗွီလိုင်း၊ အမှတ် ၆၊ ၃၃လမ်း၊ ၆၇×၆၈လမ်းကြားနေ (ဦးစိန်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘိုးသုံ-ဒေါ်စောခင်)တို့၏ချွေးမ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်(ငြိမ်း)-ဒေါ်သန်းသန်း၊ ဦးမြင့်ဝင်း-ဒေါ်ခင်မမ၊ (ရဲအုပ်ခင်မောင်ဇော်)-ဒေါ်ချိုချို၊ ဦးသစ်လွင်-ဒေါ်တင်လှလှ၊ ဦးမျိုးဝင်း-ဒေါ်ခင်မာတည်တို့၏အစ်မကြီး၊ (ဒုတိယဗိုလ်မှူးကြီးမောင်မောင်သုံ၊ ငြိမ်း)၏ ဇနီးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းနွဲ့(ခ) တာတာ(ခ)

Margaret Hla Kyaw

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်းနေ (ဝတ်လုံ ဦးလှကျော်-ဒေါ်ညွန့်ညွန့်)တို့၏ တစ်ဦးတည်းသောသမီး၊ ရွှေဘိုမြို့၊ အနောက်ဈေးရပ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၁၉နေ (ဦးဘို-ဒေါ်လှ)တို့၏သမီးချွေးမ၊ ဒေါ်ခင်မမ၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်လေးမာ၊ ဦးတင်မြင့်-(ဒေါ်ညွန့်ညွန့်)တို့၏ညီမ၊အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလ complex အခန်းအမှတ် A-၃၀၄၊ (East Point Ocean) အပေါ်နေ ဦးအေး(အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ MEPE)၏ဇနီးသည် ၆-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၃ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည့်စုံလုံလောက်သော ပံ့ပိုးကြပ်မတ်မှုများဖြင့် ပြိုင်ပွဲဝင်မည့်အားကစားသမားများ ပြင်းပြင်းထန်ထန်ကြိုးစားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို အစီအစဉ် (၁၀) ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၆)ခုမေးမြန်း ဖြေကြားခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးအောင်ဆန်းက (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုလုံးဝမရရှိခဲ့သည့် အားကစားနည်း(၈)မျိုးအတွက် အောင်နိုင်မှုအလားအလာအခြေအနေနှင့် အခြားသောအားကစားနည်းများကို မိမိတို့ကွင်းများတွင် နိုင်ငံတကာနှင့် ဖိတ်ခေါ်လက်ရည်စမ်းပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်မှုအခြေအနေ ရှိ/မရှိ တို့ကို သိရှိလိုကြောင်း မေးမြန်းခဲ့ရာ ဆုတံဆိပ်လုံးဝမရရှိသည့် အားကစားနည်း (၈) နည်းမှာ ကြက်တောင်၊ ဘတ်စကက်ဘော၊ စက်ဘီး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ရေကူး၊ စားပွဲတင်တင်းနစ်နှင့် တင်းနစ်တို့ဖြစ်ပါကြောင်း၊ ၎င်းတို့အနက်မှ ကြက်တောင်၊ ဘတ်စကက်ဘော၊ စက်ဘီး၊ ဂေါက်သီး၊ ရေကူး၊ စားပွဲတင် တင်းနစ်အားကစားနည်းများကို ထည့်သွင်းကျင်းပရန် ဆွေးနွေးအတည်ပြုပြီး ဖြစ်ပါကြောင်းဖြင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက အဆိုပါ အားကစားနည်း (၈)နည်းမှာ မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်မရရှိနိုင်သော အားကစားနည်းများဖြစ်ရာ မိမိတို့အနေဖြင့် လုံးဝထည့်သွင်းကျင်းပလိုခြင်းမရှိခဲ့ပါကြောင်း၊ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများက တောင်းဆိုခြင်း၊ အရှေ့တောင်အာရှတွင် အစဉ်အလာရှိခဲ့သော အားကစားနည်းများဖြစ်ခြင်း၊ အဆိုပါ အားကစားနည်းများကိုထည့်သွင်းခြင်းဖြင့် မိမိနိုင်ငံ၏ အားကစားအောင်မြင်မှုကို ကြီးမားစွာ မထိခိုက်နိုင်ခြင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် နိုင်ငံများနှင့် ချစ်ခင်ရင်းနှီးမှုကို အခွန့်ရှည်တည်ဆောက်ရန် ရည်ရွယ်ခြင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ❐

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြေကြားစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

စာသင်ကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်ခန်းစာ ထည့်သွင်းသင်ကြားရန် ဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၇)ခုဖြင့် ကျင်းပပြီး မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းနှင့် အဆို(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ်၌ ဘင်္ဂါလီဆူပူမှုကြောင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနှင့် လူဝင်လူထွက်စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက် ရေတို၊ ရေရှည် အထူးအစီအမံတို့ဖြင့် ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောအောင်ကျော်နိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကိုရယူရာ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးမပြည့်သည့်အတွက် အဆိုကို

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ မေးမြန်းစဉ်။ (သတင်းစဉ်)

လက်ခံဆွေးနွေးရန် မရှိကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်၍မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေက" အဆိုကို ဆွေးနွေးဖို့ အချိန်စောနေပါသေးတယ်။ သမ္မတကြီး ဖွဲ့စည်းထားတဲ့ ရခိုင်ပဋိပက္ခ ကော်မရှင်ရဲ့ အစီရင်ခံစာထွက်လာပြီးမှ ဆွေးနွေးသင့်ပါတယ်။ မဟုတ်ရင်တော့ ကော်မရှင်ရဲ့ လွတ်လပ်စွာ စုံစမ်းစစ်ဆေးခွင့်ကို လွှတ်တော်ရဲ့ ဆွေးနွေးချက်တွေက ဖိအားလိုဖြစ်ပြီး ရှုပ်ထွေးသွားနိုင်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အတွင်း ဆွေးနွေးချက်တွေဟာ အစိုးရအပေါ် ချောင်ပိတ်မိစေတာမျိုး မဖြစ်သင့်ဘူးလို့ပြောထားပါတယ်"ဟု ၎င်း၏ သဘောထားကို ရှင်းပြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က "အဆိုရှင် ဒေါက်တာအေးမောင်ကဒီ့တာဝန်အရေး(၃)ပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်၍ အဆိုတင်လိုက်သော်လည်း မကွေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက နိုင်ငံတော်သမ္မတဖွဲ့စည်းထားတဲ့ ကော်မရှင်က ဆောင်ရွက်နေဆဲဖြစ်တာမို့ စောင့်ဆိုင်းပြီး လွှတ်တော်သို့ တင်ပြပါက ပိုမို၍ သင့်တော်ပါတယ်။ ထွက်ပေါ်လာမည့် ကော်မရှင်၏ အစီရင်ခံစာကို အလွန်စိတ်ဝင်စားပါတယ်။ အစီရင်ခံစာထွက်ပြီးနောက်ပိုင်းမှာလည်း အချိန်ယူ၍ ဖြေရှင်းရမည့်အရေးဖြစ်တယ်လို့

စာမျက်နှာ ၇ ကော်လံ ၁ ◆

ယနေ့ မာတိကာ

ပြင်သစ်နိုင်ငံသား လူစွန့်စား အလိန်းရောဘတ် အကာအကွယ်ပစ္စည်းမပါဘဲ ပေ ၄၀၀ ကျော်မြင့် ဟိုတယ်ပေါ်တွယ်တက်ခဲ့ စာ - ၄

အဝလွန်ခြင်းသည် စိတ်ဓာတ်ကျဆင်းမှုကို ဖြစ်စေနိုင် စာ - ၅

သင့်ကျန်းမာရေး အရက်နှင့်နွားနို့ ကြိုက်တာရွေး စာ - ၆

ကျေးလက်ဖွံ့ဖြိုးလုပ်ငန်းများ ကချင်ပြည်နယ်၌ဆောင်ရွက် စာ - ၇

ဗုဒ္ဓဂယာဘုရားဖူးလိုသူ ပြည်သူများ နေပြည်တော်ရှိ ဗုဒ္ဓဂယာသို့လာရောက် ဖူးမြော်နိုင်ကြပြီ စာ - ၉

ဘာကီနာဖာဆို ဗိုလ်လုပွဲ တက်ပြီ စာ - ၁၂

နော်ဝေနိုင်ငံခြားရေးဝန်ကြီး Espen Barth Eide

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတော်အစိုးရနှင့် KIO အဖွဲ့တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရရှိခဲ့မှုအပေါ် ကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၇

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတော်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)တို့ ဖေဖော်ဝါရီ ၄ ရက်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရရှိခဲ့မှုနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာအစိုးရနှင့် KIO အဖွဲ့တို့ ကချင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများအတွက် အဖြေရှာရန် သဘောတူခဲ့ကြသည်ဟုကြေညာခဲ့သည့်အပေါ် နော်ဝေနိုင်ငံခြားရေးဝန်ကြီး Espen Barth Eide က အားတက်စရာသတင်းဟု မှတ်ချက်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့် နှစ်အတွင်း မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့် တိုးတက်မှုများရှိခဲ့ပြီး အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများရရှိခဲ့ကြောင်း၊ အစိုးရနှင့် တိုင်းရင်းသားအင်အားစုများအကြား အမျိုးသားရင်ကြားစေ့ရေးကိုစတင်မြင်တွေ့နေရပြီဖြစ်ရာ ယင်းတိုးတက်မှုကို နော်ဝေနိုင်ငံက ကြိုဆိုပါကြောင်း။

သတ္တိရှိရှိ ဆုံးဖြတ်ချက်များချမှတ်ပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ဆွေးနွေးရန်မှာ နှစ်ဖက်စလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်၌ အပစ်အခတ်ရပ်စဲနိုင်ခဲ့လျှင် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ပထမဦးဆုံး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်သည့် အောင်မြင်မှုဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် "ဒီသမိုင်းဝင်တဲ့ ငြိမ်းချမ်းရေးအတွက် အခွင့်အရေးတွေကို သေချာစွာ ဆုပ်ကိုင်မိဖို့လိုတယ်"ဟုလည်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသော ဒေသများသို့ သွားရောက်ကူညီခွင့်ပြုရန် နိုင်ငံတော်အစိုးရနှင့် KIO နှစ်ဖက်စလုံးကို တိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီလင်းပိုင် ဦးရေတိုးပွားဖို့ လက်တွဲထိန်းသိမ်းစို့

ထွေးမြင့်နိုင် (စစ်ကိုင်း)

စစ်ကိုင်း ဖေဖော်ဝါရီ ၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ကြီးမှူးပြုလုပ်သည့် ဧရာဝတီလင်းပိုင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေ ရေလုပ်သားများနှင့် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသ စျေးဆိပ်စက်တော်ရာစေတီတော်မှော်ရုံ၌ ပြုလုပ်သည်။ ဆွေးနွေးပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းနှင့် ရေလုပ်သား ၅၀ တို့ တက်ရောက်ကြသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးအေးလွင်က ရေလုပ်သားများအနေဖြင့် ငါးမျိုးမပြုန်းတီးရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းဥပဒေအတိုင်း ငါးများဖမ်းဆီးရေးကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ဝင်းက ဧရာဝတီလင်းပိုင်နှင့် ငါးမျိုးပြုန်းတီးမှုဖြစ်ပေါ်စေသော တရားမဝင် ငါးဖမ်းဆီးခြင်းများ (ဘက်ထရီ/လျှပ်စစ်ရှော့တိုက်ခြင်း၊ မိုင်းခွဲခြင်း၊ အဆိပ်ချခြင်း)နှင့် မြစ်ချောင်းများအတွင်း ရွှေတူးဖော်မှုများပပျောက်စေရန် ငါးလုပ်ငန်းဌာနမှ ထုတ်ပြန်ထားသည့်ဥပဒေကို လိုက်နာရန်များကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးဌာနမှူး ဦးဟန်ဝင်းက သားငှက်ထိန်းသိမ်းရေးအဖွဲ့အနေဖြင့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ပညာပေးလုပ်ငန်းများကို ထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ကျေးရွာပြည်သူများအား လစဉ်ထိန်းသိမ်းရေးပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပညာပေးဆွေးနွေးသည်။

ဧရာဝတီလင်းပိုင်များ၏သဘာဝနှင့် လှုပ်ရှားသွားလာမှုများ၊ အကောင်အရေအတွက် အန္တရာယ်နှင့် အဟန့်အတားများကို စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်မန္တလေးမြို့မှ ဗန်းမော်မြို့အကြား

စာမျက်နှာ ၃ ကော်လံ ၁ ▲

ဧရာဝတီလင်းပိုင်များကို တွေ့မြင်ရစဉ်။